# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အကျိုးထူးတရားလေးပါး**

အမြဲရှိခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအားဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၀၉)


၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက် | ၂၀၂၂ ခုနှစ်၊ မေ ၂၂ ရက်၊ သောကြာနေ့ | အတွဲ (၆၁)၊ အမှတ် (၁၉၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နေပြည်တော် မာရဝိဇယရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်အတွင်း ကျောက်စာချပ်များဖြင့် ရေးထွင်းပူဇော်မည့် ပိဋကတ်သုံးပုံပါဠိတော်ကို မြန်မာအက္ခရာ/Roman အက္ခရာဖြင့် စိစစ်တည်းဖြတ်နိုင်ရေး စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းစည်းဝေး



ဆရာတော်များ နေပြည်တော် မာရဝိဇယရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်အတွင်း မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြစဉ်။

နေပြည်တော် မေ ၂၁

နေပြည်တော် မာရဝိဇယရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်အတွင်း ကျောက်စာချပ်များဖြင့် ရေးထိုးထွင်းထုပူဇော်မည့် ပိဋကတ်သုံးပုံပါဠိတော်ကို မြန်မာအက္ခရာ/Roman အက္ခရာဖြင့် စိစစ်တည်းဖြတ်နိုင်ရေးအတွက် စိစစ်တည်းဖြတ်ရေးကော်မတီ၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော် Aureum Place Hotel, Lake View Hall အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ စိစစ်တည်းဖြတ်ရေး ကော်မတီ နာယကများဖြစ်ကြသည့် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တကုမာရ၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ


စာမျက်နှာ ၃ ကော်လံ ၁ ❁




ယနေ့ ဖတ်စရာ

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း — ဥပဒေပြဋ္ဌာန်း | စာ - ၅

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဦးအောင်နိုင်ဦးတို့ နိုင်ငံခြားသတင်းဌာနများမှ သတင်းထောက်များနှင့်တွေ့ဆုံ၍ မေးမြန်းမှုများဖြေကြား — တွေ့ဆုံမေးမြန်း | စာ - ၇

ဆယ်စုနှစ်အတွင်း အလုပ်အကိုင်ပေါင်း ၁၂၆ သန်း ဖန်တီးပေးရန် ကမ္ဘာ့ခရီးသွားကဏ္ဍမျှော်လင့် — နိုင်ငံတကာသတင်း | စာ - ၁၄





မန်းရွှေစက်တော်ဘုရားကြီးမှ တည်းခိုဆောင်များ ယခုလအပြီး ဖျက်သိမ်းပေးရန် ညွှန်ကြားထား — ပြည်တွင်းသတင်း | စာ - ၁၉

## မြန်မာ့အလင်း

# မိုးကြိုကာလ သဘာဝအန္တရာယ်

ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုများသည် ၂၁ ရာစု အစပိုင်းမှစတင်၍ သိသိသာသာ ထင်ရှားလာခဲ့သည်။ ရာသီဥတုပုံမှန်မဟုတ်ဘဲ ပြောင်းလဲဖောက်ပြန်မှုတွင် အပူလှိုင်းများကျရောက်ခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ ရေကြီးခြင်း၊ မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်ကျရောက်မှုများမှာ ယခင်ထက်ပိုမို၍ ပြင်းထန်လာကြပြီး ဖြစ်ပေါ်မှု အကြိမ်အရေအတွက်မှာလည်း ပိုမိုများပြားလာခဲ့သည်။ ရာသီဥတုပြောင်းလဲမှုကြောင့် ကမ္ဘာ့နိုင်ငံများစွာတို့တွင် ထိခိုက်ခံစားနေကြရသည့်အနက် သဘာဝဘေးအန္တရာယ်ကျရောက်နိုင်သည့် အခြေအနေမြင့်မားသည့် နိုင်ငံများတွင် မိမိတို့နိုင်ငံလည်း ပါဝင်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် လက်ရှိကာလသည် ပူပြင်းခြောက်သွေ့သော မိုးကြိုကာလဖြစ်ပြီး မကြာမီ ရာသီအကူးအပြောင်းနှင့်အတူ ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကိုလည်း ကြိုတင်သတိပြုထားကြရမည်ဖြစ်သည်။

လူတို့၏ ပယောဂကြောင့် ဖန်လုံအိမ်အာနိသင်များ အဆမတန်များပြားလာပြီး ကမ္ဘာကြီး အပူချိန်တိုးလာခြင်းကြောင့် ဖြစ်ပေါ်လာသည့် ရာသီဥတုပြောင်းလဲမှုများက မိမိတို့နိုင်ငံကိုလည်း သက်ရောက်စေခဲ့ရာ မိုးလေဝသမှတ်တမ်းများအရ ၁၉၇၇ ခုနှစ်မှစ၍ မိမိတို့နိုင်ငံ၏ ဒေသအနှံ့အပြားတွင် နွေရာသီအပူချိန်များ သိသာစွာ မြင့်တက်လာခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။ ၎င်းအပူချိန်က ပင်လယ်သမုဒ္ဒရာရေပြင်များနှင့် ကုန်းမြေတို့အပေါ်တွင်လည်း သက်ရောက်စေသည့်အတွက် မုန်တိုင်းများဖြစ်ပေါ်စေနိုင်သည့် အခြေခံအကြောင်းတရားဖြစ်ရာ မိုးကြိုကာလ မုန်တိုင်းအန္တရာယ်ကို နှစ်စဉ်သတိရှိနေရမည်ဖြစ်သည်။ ၂၀၀၈ ခုနှစ်က မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသနှင့် ရန်ကုန်တိုင်းတို့တွင် ဝင်ရောက်တိုက်ခတ်သွားခဲ့သည့် အင်အားအလွန်ပြင်းထန်သော နာဂစ်ဆိုင်ကလုန်း မုန်တိုင်းကြီးသည် ယင်းနှစ် ဧပြီလ ၂၈ ရက်တွင် ဘင်္ဂလားပင်လယ်အော်၌ လေဖိအားနည်းရပ်ဝန်းအဖြစ် စတင်သန္ဓေတည်ခဲ့ပြီး မေလ (၁) ရက်နေ့ တွင် ရောမ မုန်တိုင်းကြီးအဖြစ်အသွင်ပြောင်း ရောက်ရှိသွားကာ မေလ (၂) ရက်နေ့တွင် လေတိုက်နှုန်း တစ်နာရီလျှင် ကီလိုမီတာ ၂၁၀ နှုန်းဖြင့် ကုန်းမြေဆီသို့ ဝင်ရောက်လာခဲ့ခြင်းဖြစ်သည်။ နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြီးကြောင့် လူပေါင်း ၁၄၀၀၀၀ ခန့် သေဆုံးခဲ့ရပြီး ထောင်ပေါင်းများစွာ ဒဏ်ရာရခဲ့သလို နောက်ဆက်တွဲလူမှုဒုက္ခများစွာတို့မှာ မကြုံစဖူးကြီးမားလှသည်။ ပျက်စီးဆုံးရှုံးမှုအစုစုတို့၏ တန်ဖိုးမှာ ကျပ်ငွေ ထရီလီယံ (၁၁ ဒသမ ၇) အထိရှိခဲ့ရာ သမိုင်းဝင်သည့် သဘာဝဘေးအန္တရာယ်ကြီး တစ်ခုပင်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် လေမုန်တိုင်းတိုက်ခတ်မှု၊ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုနှင့် ဆက်စပ်၍ ဖြစ်ပေါ်တတ်သည့် ရုတ်တရက်ရေကြီးခြင်း (တောင်ကျရေ ကျဆင်းခြင်း)၊ မြေပြိုခြင်း၊ မြစ်ရေကြီးခြင်း စသည့်သဘာဝဘေးအန္တရာယ်များကို နှစ်စဉ်ရာသီအလိုက် ဖြစ်ပေါ်လာနိုင်ဖွယ်ရှိသည့် သဘာဝဘေးအန္တရာယ်များအဖြစ် ကြိုတင်ပြင်ဆင်ကာ ဘေးအန္တရာယ်လျော့ပါးသက်သာရေးအတွက် နိုင်ငံတော်အစိုးရက စီမံဆောင်ရွက်လျက်ရှိသကဲ့သို့ ဘေးအန္တရာယ်ကျရောက်နိုင်သည့် ဒေသများတွင် နေထိုင်ကြသည့် ပြည်သူများအနေဖြင့်လည်း ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရမည်ဖြစ်သည်။

နေ့စဉ်အချိန်နာရီအလိုက် မီဒီယာများမှတစ်ဆင့် ထုတ်လွှင့်ပေးနေသည့် မိုးလေဝသသတင်းများကို ဂရုတစိုက်နားထောင်ခြင်း၊ အရေးကြီးစာရွက်စာတမ်းများ၊ အဖိုးတန်ပစ္စည်းများ၊ မရှိမဖြစ်ဆေးဝါးများ၊ လိုအပ်သည့် အသုံးအဆောင်များကို ရေလုံမပျက်မစီး အလွယ်တကူသယ်ဆောင်သွားနိုင်ရန် စီမံထားခြင်း၊ ဘေးလွတ်ရာနေရာကို ကြိုတင်သတ်မှတ်ထားခြင်း၊ မိမိတို့၏ နေအိမ်များကို အတတ်နိုင်ဆုံးခိုင်ခံ့အောင် ပြင်ဆင်ထားခြင်းတို့ အပါအဝင် သဘာဝဘေးအန္တရာယ်ကျရောက်မှုမှ လျော့ပါးသက်သာရေး မျှော်တွေးဆောင်ရွက်မှုများ ပြုလုပ်ထားခြင်းဖြင့် ဖြစ်ပေါ်လာနိုင်ဖွယ်ရှိသည့် အန္တရာယ်အပေါင်းတို့ကို ရင်ဆိုင်ကျော်လွှားနိုင်မည်ဟု အကျိုးမျှော်ကာ နှိုးဆော်အပ်ပါကြောင်း။ ။

## သံအမတ်ကြီး ဦးလွင်ဦးအား ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော်  ဧပြီ ၂၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးလွင်ဦးအား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

သတင်းစဉ်

## သံအမတ်ကြီး ဦးလွင်ဦးအား ကာဇက်စတန်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော်  ဧပြီ ၂၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးလွင်ဦးအား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် ကာဇက်စတန်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

သတင်းစဉ်

## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော်  ဧပြီ ၂၁**

ထူးခြားသည့် နေ့အပူချိန်များမှာ တောင်ငူမြို့နှင့် ဖားဆောင်းမြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မြိတ်မြို့တွင် ၁ ဒသမ ၅၄ လက်မ၊ ကျိုင်းတုံမြို့နှင့် ကျောက်တော်မြို့တို့တွင် ၁ ဒသမ ၂၂ လက်မစီ၊ ပျဉ်းမနားမြို့၊ လယ်ဝေးမြို့နှင့် နေပြည်တော် (ဇမ္ဗူသီရိမြို့နယ်) တို့တွင် ၁ ဒသမ ၁၈ လက်မစီ၊ ပျဉ်းမနား(ဝဲကြီး)တွင် ၁ ဒသမ ၁၄ လက်မ၊ နေပြည်တော် လေဆိပ် (ဧလာ) နှင့် သိမ်ဇရပ်မြို့တို့တွင် ၀ ဒသမ ၉၈ လက်မစီနှင့် ကျောက်ဆည် (လွန်ကျော်) တွင် ၀ ဒသမ ၉၄ လက်မတို့ ဖြစ်ကြသည်။

မိုး/ဇလ

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာသိန်းဇော်လင်း ကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည် –

| အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|
| (က) ဒေါက်တာ မဥ္ဇူမင်း<br>ဒုတိယပါမောက္ခချုပ်<br>မိုးညှင်းတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>မိုးညှင်းတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ခ) ဦးခင်မောင်ဆွေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>(တည်ဆောက်ရေး)<br>တံတားဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>တံတားဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန |

## သီပေါမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ၈၆ ဒသမ ၇၈ ရာနှုန်းထိုးနှံပြီးစီး

**သီပေါ  ဧပြီ ၂၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ရာနှုန်းပြည့်ထိုးနှံနိုင်ရေးအတွက် မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးထွန်း ဦးဆောင်သော မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကိုဗစ်-၁၉ ကာကွယ်ဆေးဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ ယနေ့နံနက်ပိုင်းမှ စတင်ကာ ဆေးထိုးစုရပ်များအလိုက် ထိုးနှံပေးသည်။

ထိုသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးရာတွင် အသက် ၁၅ နှစ်မှ ၁၈ နှစ်အတွင်းနှင့် ၁၈ နှစ် အထက် ဒေသခံပြည်သူများကို ကာကွယ်ဆေးထိုးနှံရန် အကျုံးဝင်သူဦးရေ ၁၀၉၅၁၇ ဦးအနက် ၉၄၂၇၆ ဦးထိုးနှံပြီး၍ ထိုးနှံရန်ကျန်သူ ၁၄၄၇၁ ဦးကို ဆက်လက်ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးသကဲ့သို့ သာသနာ့ဝန်ထမ်း သံဃာတော်အရှင်သူမြတ်များ၊ သာသနာ့နွယ်ဝင် သီလရှင်များကိုလည်း သက်ဆိုင်ရာ ကျောင်းတိုက်များ အရောက်ကွင်းဆင်းဆေးထိုးနှံပေးသွားမည် ဖြစ်သည်။ တစ်မြို့နယ်လုံးဆေးထိုးနှံပြီးစီးမှုမှာ ၈၆ ဒသမ ၇၈ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

စိုင်း(သီပေါ)

## ကိုဗစ်–၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော်  ဧပြီ ၂၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက်အချိန်နှင့် တစ်ပြေးညီစီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများမှ နှာခေါင်းစည်း (Mask) ၂၇ ဒသမ ၀၄ တန်ကို တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်–၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

❀ ရှေ့ဖုံးမှ

ဒေါက်တာဘဒ္ဒန္တကေသရ၊ စိစစ်တည်းဖြတ်ရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(ရန်ကုန်) ဒုတိယပါမောက္ခချုပ်(သင်ကြား) ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တ ဇောတိက၊ စိစစ်တည်းဖြတ်ရေးကော်မတီ အတွင်းရေးမှူး အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (သင်ကြား) ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒ အမှူးပြုသော ဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမင်းထွန်း၊ မြန်မာစီးပွားရေး ကော်ပိုရေးရှင်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်း၊ စစ်ထောက်ချုပ်ရုံးမှ ဗိုလ်မှူးကြီး စိုးမြင့်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ပြည့်ပြည့်စုံစုံ ရိုက်နှိပ်ဖြန့်ဝေ

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာသော စိစစ်တည်းဖြတ်ရေးကော်မတီ နာယက နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရက စိစစ်ပြီးသော ပါဠိတော်များကို ကျမ်းစာအုပ်အဖြစ် ရိုက်နှိပ်ဖြန့်ဝေသည့်အခါ ဆဋ္ဌသံဂါယနာ စာတော်မူ အစီအစဉ်အတိုင်း ပြည့်ပြည့်စုံစုံ ရိုက်နှိပ်ဖြန့်ဝေပေးရန် လေးလေးနက်နက် တိုက်တွန်းပါကြောင်း ဩဝါဒမိန့်ကြားသည်။

### တက္ကသိုလ် လေးခု လေးဖွဲ့ခွဲပြီး စိစစ်

ဆက်လက်၍ စိစစ်တည်းဖြတ်ရေးနာယက နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကေသရက စာမူတည်းဖြတ်သော လုပ်ငန်းကြီးသည် ပါဠိတော် အုပ်ရေ ၄၀ ကို တက္ကသိုလ် လေးခု လေးဖွဲ့ခွဲပြီး စိစစ်ခြင်းလုပ်ငန်း ပြီးဆုံးသွားပြီဖြစ်ကြောင်း ဩဝါဒမိန့်ကြားသည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက ပိဋကတ်သုံးပုံ ပါဠိတော်ကို မြန်မာအက္ခရာ/ Roman အက္ခရာဖြင့် စိစစ်တည်းဖြတ်ရေးလုပ်ငန်းကိစ္စရပ်များကို ဆရာဒကာ လက်တွဲညီစွာဖြင့် ဆောင်ရွက်ခဲ့သောကြောင့် ပါဠိတော် အုပ်ရေ ၄၀ မှ ၃၇ အုပ် စိစစ်ပြီး သုံးအုပ်သာ စိစစ်ရန် ကျန်ရှိသော်လည်း



နေပြည်တော် မာရဝိဇယရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်အတွင်း ကျောက်စာချပ်များ ရေးထွင်းပူဇော်မည့် ပိဋကတ်သုံးပုံ ပါဠိတော်ကို မြန်မာအက္ခရာ/ Roman အက္ခရာဖြင့် စိစစ်တည်းဖြတ်နိုင်ရေး စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

အဆိုပါ သုံးအုပ်အား ဧပြီလအတွင်း အပ်နှံမည်ဖြစ်ကြောင်း လျှောက်ထားသည်။

ထို့နောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာသော ဆရာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ပြီး အစည်းအဝေးကို မွန်းလွဲ ၃ နာရီတွင် ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ကမ္ဘောဒီးယားနိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်ရုံးအဖွဲ့ခေါင်းဆောင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၂၁

**AHA Centre မှတစ်ဆင့် လှူဒါန်းမည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီ စီမံခန့်ခွဲရေး လုပ်ငန်းအဖွဲ့ (Task Force) ဥက္ကဋ္ဌ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် ကမ္ဘောဒီးယားနိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်ရုံးအဖွဲ့ခေါင်းဆောင် H.E. Dr. KUNG Phoak ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီ ၄၅မိနစ်တွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။** (အောက်ပုံ)



တွေ့ဆုံပွဲသို့ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွန်း၊ အမြဲတမ်း အတွင်းဝန် ဦးချမ်းအေးနှင့် အာဆီယံရေးရာ ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲ၌ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က တူညီဆန္ဒ (၅) ချက် အကောင်အထည် ဖော်ဆောင်ရန်နှင့် ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် အာဆီယံ၏ စိတ်ရှည်သည်းခံမှု၊ နားလည်ပေးမှုနှင့် ခိုင်မာသော ထောက်ခံမှုကို မျှော်လင့်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တူညီဆန္ဒ (၅) ချက်ကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေး ဆန္ဒရှိပါကြောင်းနှင့် အသင့်ရှိပါကြောင်း ပြောကြားသည်။

### အထူးအလေးထား

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အာဆီယံနှင့် မြန်မာနိုင်ငံတို့အနေဖြင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးကိစ္စ သက်သက်ကိုသာ အလေးထား လုပ်ဆောင်သင့်ကြောင်းနှင့် တူညီဆန္ဒ (၅) ချက်အား အကောင်အထည်ဖော်ဆောင်ရာတွင် လက်တွေ့ကျကျ လုပ်ဆောင်ရန် အထူးအလေးထားသင့်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မည်သူ့ကိုမျှ ချန်လှပ်မထားစေရေးမူဝါဒကို အလေးထားပြီး တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများအား ကာကွယ်ဆေးထိုးနှံပေးခြင်းကို ဆောင်ရွက်ပေးလျက် ရှိသည့်အတွက် အာဆီယံနှင့် ပြင်ပမိတ်ဖက်အဖွဲ့အစည်းများ၏ လုပ်ငန်းများနှင့် ဦးဆောင်ဦးရွက်ပြုမှုအားလုံးသည် မြန်မာနိုင်ငံ အစိုးရ၏ လုပ်ငန်းစဉ်နှင့် မူဘောင်နှင့်အညီသာ ဖြစ်သင့်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်ရုံး အဖွဲ့ခေါင်းဆောင် H.E. Dr. KUNG Phoak က ခရီးစဉ်အတွက် စီစဉ်ထားရှိမှုများနှင့် အစည်းအဝေးများတွင် ပွင့်ပွင့်လင်းလင်း ဆွေးနွေးမှုများအတွက် မြန်မာအစိုးရကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားပြီး ကမ္ဘောဒီးယားနိုင်ငံ အနေဖြင့် မြန်မာနိုင်ငံ၏ အချုပ်အခြာ အာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲမှုကို လေးစားပါကြောင်း၊ အခြားနိုင်ငံတစ်ခု၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်လိုသည့် ဆန္ဒမပါဘဲ မြန်မာနိုင်ငံအား ကူညီရန် ဖြစ်နိုင်မည့် နည်းလမ်းများကို ရှာဖွေလျက်ရှိပါကြောင်း ပြောကြားသည်။

### နည်းလမ်းပေါင်းစုံဖြင့် ကူညီ

ထို့ပြင် ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် အလားတူ သမိုင်းနောက်ခံရှိသည့်အတွက် ပြည်တွင်းကိစ္စရပ်များ၏ ရှုပ်ထွေးမှုများကို နားလည်ပါကြောင်းနှင့် ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် အာဆီယံနှင့် မြန်မာနှစ်ဦးနှစ်ဖက်လုံးအတွက် အဆင်ပြေသည့် နည်းလမ်းဖြင့် မြန်မာအား ကူညီရန်အသင့်ရှိပါကြောင်း၊ ကမ္ဘောဒီးယားအနေဖြင့် အာဆီယံ၏ အစည်းအဝေးတိုင်းတွင် အာဆီယံအဖွဲ့ဝင် အားလုံးပါဝင်သည့် အာဆီယံတစ်ပေါင်းတစ်စည်းတည်းဖြစ်မှုကို ပြန်လည်တည်ဆောက် လိုပါကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် တူညီဆန္ဒ (၅) ချက်အား အကောင်အထည်ဖော်ဆောင်ရန် ဖြစ်နိုင်သည့် နည်းလမ်းပေါင်းစုံဖြင့် ကူညီဆောင်ရွက်နေမှုကို ပြသလိုကြောင်း ပြောကြားသည်။

**သတင်းစဉ်**

## ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

နေပြည်တော် ဧပြီ ၂၁

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ဧပြီ ၂၀ ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ချင်းရွှေဟော်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ကိုးဦး၊ အမျိုးသမီး ခုနစ်ဦး စုစုပေါင်း ၁၆ ဦးနှင့် လောက်ကိုင်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၃၄ ဦး၊ အမျိုးသမီး ကိုးဦး စုစုပေါင်း ၄၃ ဦးတို့ကို လက်ခံခဲ့ကြသည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါစစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# လျှပ်စစ်ဓာတ်အား လေလွင့်ဆုံးရှုံးမှုမဖြစ်ပေါ်စေရေးနှင့် လျှပ်စစ်ဓာတ်အားခများကို သတ်မှတ်ချိန်အတွင်း ကောက်ခံရရှိရေး ကြီးကြပ်ဆောင်ရွက်

နေပြည်တော် မေ ၂၁

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးကဏ္ဍနှင့် ပတ်သက်သည့် အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ် (၂၇) ၌ ကျင်းပသည်။ **(ယာပုံ)**



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦးက ယခင်ဘဏ္ဍာရေးနှစ်များတွင် လုပ်ငန်းဆောင်ရွက်မှုများ၏ အားသာချက်၊ အားနည်းချက်များကို စိစစ်သုံးသပ်၍ ယခု ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် လုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် လျှပ်စစ်ဓာတ်အားရရှိရေးသည် များစွာအရေးပါသဖြင့် မိမိတို့သည် အရေးကြီးသောတာဝန်များကို ထမ်းဆောင်နေရခြင်း ဖြစ်ပါကြောင်း၊ လက်ရှိနိုင်ငံတော်တွင် လျှပ်စစ်ဓာတ်အား မလုံလောက်မှုနှင့် ကြုံတွေ့နေရပြီး ရရှိနိုင်သမျှသော ရေတိုရေရှည်နည်းလမ်းများဖြင့် လျှပ်စစ်ဓာတ်အား အမြန်ဆုံးရရှိရေး ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

ပြည်သူလူထုကို အချိန်ပိုင်းအလိုက် ဝန်အားထိန်းညှိ ဆောင်ရွက်ပေးနေရသည့် အခက်အခဲများ လက်တွေ့ခံစားနေရသဖြင့် မိမိတို့ဆောင်ရွက်ချက်များအပေါ် ပြည်သူလူထုမှ နားလည်သဘောပေါက်၍ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရေး စည်းရုံးပြောဆိုကြရန် လိုအပ်ပါကြောင်း၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းတွင် သုံးစွဲသူပြည်သူများထံသို့ အလေအလွင့် နည်းပါးစွာဖြင့် လျှပ်စစ်မီးရရှိရေး စီမံဆောင်ရွက်သွားရန်နှင့် နိုင်ငံတော်အတွက် ဓာတ်အားခ အခွန်အခများကိုလည်း အပြည့်အဝရရှိရေး ကောက်ခံသွားရမည်ဖြစ်ပါကြောင်း၊ မိမိတို့၏ လုပ်ငန်းများအပေါ် စေတနာအပြည့်အဝဖြင့် ဆောင်ရွက်သွားရန်နှင့် နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေကိုလည်း စနစ်တကျစိစစ်၍ စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ထို့အပြင် ဓာတ်အားရောင်းချမှုမှ ရရှိသည့် ဓာတ်အားခ ဝင်ငွေများ အပါအဝင် နိုင်ငံတော်မှ ခွင့်ပြုရရှိသည့် ဘဏ္ဍာငွေအပေါ် စီမံကိန်းလုပ်ငန်းများအား သတ်မှတ်ချိန် ကာလအတွင်းပြီးစီးအောင် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ဓာတ်အားခွဲရုံများ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ဓာတ်အား စဉ်ဆက်မပြတ် ဖြန့်ဖြူးပေးနိုင်ရေးတို့အတွက် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံသုံးပစ္စည်းများကို စစ်ဆေးဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ဓာတ်အားခွဲရုံဝန်းကျင် သန့်ရှင်းသာယာလှပရေးနှင့် လုံခြုံရေး အထူးဂရုပြုရေး စီမံဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ လျှပ်စစ်ဓာတ်အားများကို တရားမဝင် ရယူသုံးစွဲမှုများကြောင့် လေလွင့်ဆုံးရှုံးမှု မဖြစ်ပေါ်စေရေးနှင့် လျှပ်စစ်ဓာတ်အားခများကို သတ်မှတ်ချိန်အတွင်း ကောက်ခံရရှိရေး မြို့နယ်၊ ခရိုင်၊ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာနှင့် ဘဏ္ဍာရေး တာဝန်ခံများက အောက်ခြေထိ ကွင်းဆင်းပြီး ကြီးကြပ်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ လျှပ်စစ်အန္တရာယ် မဖြစ်ပေါ်စေရေး ပညာပေး၊ သတိပေးခြင်းနှင့် ဓာတ်အားလိုင်းများတစ်လျှောက် ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသည့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းသွားကြရန် လိုအပ်ကြောင်း မှာကြားသည်။

ဆက်လက်၍ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာများက လုပ်ငန်းဆောင်ရွက်မှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို အသီးသီးရှင်းလင်းတင်ပြခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၄ ခုနှစ်၊ သန်းခေါင်စာရင်းကောက်ယူနိုင်ရေး ဗဟိုသန်းခေါင်စာရင်းကော်မရှင်နှင့် ကော်မတီဖွဲ့စည်းနိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် မေ ၂၁

**၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနိုင်ရေးအတွက် ၂၀၁၃ ခုနှစ် ဇူလိုင် ၂၉ ရက်က အတည်ပြုထုတ်ပြန်ခဲ့သော လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေပုဒ်မ-၃ အရ ဗဟိုသန်းခေါင်စာရင်းကော်မရှင်နှင့် ဗဟိုသန်းခေါင်စာရင်းကော်မတီဖွဲ့စည်းနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (အောက်ပုံ)





ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက နိုင်ငံတစ်နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များကို ကဏ္ဍအလိုက် အချိုးညီညီ ဖွံ့ဖြိုးတိုးတက်ရန် မူဝါဒများချမှတ်ခြင်းနှင့် စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြေခံအသုံးပြုရသည့် လူဦးရေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များကို လူဦးရေသန်းခေါင်စာရင်းများမှသာ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ယနေ့ခေတ်တွင် သန်းခေါင်စာရင်းသည် လူဦးရေသာမက ပညာရေး၊ အလုပ်အကိုင်၊ မွေးနှုန်း၊ သေနှုန်း၊ သက်ကြီးရွယ်အို၊ မသန်စွမ်း၊ ပြောင်းရွှေ့သွားလာမှု၊ အိမ်အကြောင်းအရာ စသည့်လူမှုစီးပွားရေးဆိုင်ရာ အချက်အလက်များကိုပါ ကောက်ယူလာကြပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ်တွင် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူခဲ့ပြီးဖြစ်သဖြင့် နောက်တစ်ကြိမ်သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ်တွင် ကောက်ယူရန် အလှည့်ကျရောက်ပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ၂၀၂၄ ခုနှစ်တွင် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက် စီမံချက်ရေးဆွဲပြီး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၄ ခုနှစ်၊ သန်းခေါင်စာရင်းကို ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်း၊ စာရင်းကောက်ယူခြင်းလုပ်ငန်း၊ စာရင်းဇယားပြုစုခြင်းလုပ်ငန်း၊ ဆန်းစစ်လေ့လာခြင်းနှင့် အစီရင်ခံစာထုတ်ပြန်ခြင်းလုပ်ငန်း စသည့် လုပ်ငန်းစဉ် (၄) ရပ်ဖြင့် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ မှ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလအထိ (၅၁) လခန့်ဖြင့် လျာထားဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုအခါ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်လျက်ရှိပြီး လက်ရှိနိုင်ငံတော်အစိုးရ တာဝန်ယူစဉ်ကာလအတွင်း ပထမအဆင့်ဖြစ်သည့် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းအတွက် လုပ်ငန်းစဉ် အဆင့်(၈)ဆင့်ရှိသည့်အနက် အဆင့်(၅)ဆင့်ဖြစ်သည့် အခြေခံဒေသစာရင်းများ ပြုစုခြင်း၊ သန်းခေါင်စာရင်းလုပ်ငန်းအသေးစိတ်စီမံချက် (Project Document) ရေးဆွဲခြင်း၊ သန်းခေါင်စာရင်းကော်မရှင်နှင့် ကော်မတီအဆင့်ဆင့်ဖွဲ့စည်းခြင်း၊ GIS နည်းပညာ အသုံးပြု၍ မြေပုံရေးဆွဲပြုစုခြင်း၊ စာရင်းကောက်ကွက်များဖွဲ့စည်းခြင်း၊ မေးခွန်းပုံစံနှင့် လက်စွဲစာစောင်များ ပြုစုခြင်းတို့ကို လုပ်ငန်းအချိန်ဇယား ရေးဆွဲကာ ပထမဦးစွာအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းအဆင့်(၅)ဆင့်တွင် ပါဝင်သည့် သန်းခေါင်စာရင်းကော်မရှင်နှင့် ကော်မတီအဆင့်ဆင့်ဖွဲ့စည်းခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်ရေးအတွက် လျာထားမှုကို ညှိနှိုင်းဆွေးနွေးပြီး အကြံဉာဏ်ရယူနိုင်ရန် ယခုအစည်းအဝေးကို ကျင်းပရခြင်းဖြစ်ပါကြောင်း၊ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းသည် လုပ်ငန်းပမာဏ ကြီးမားကျယ်ပြန့်ပြီး အချိန်နှင့် ငွေကြေးများစွာ ရင်းနှီးစိုက်ထုတ်ရသည့်အပြင် ဆောင်ရွက်မှုအဆင့်တိုင်းတွင် အစိုးရဌာနပေါင်းများစွာ ပူးပေါင်းဆောင်ရွက်ရသည့် လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း။

ယခုလက်ရှိ နိုင်ငံတော်အစိုးရ တာဝန်ယူစဉ်ကာလအတွင်း သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ခြေလှမ်းစတင်လှမ်းလိုက်ခြင်းဖြစ်ပြီး လုပ်နိုင်သမျှသောလုပ်ငန်းများကို ပြီးစီးနိုင်သမျှ ပြီးစီးအောင် ဆောင်ရွက်နိုင်ရေးအတွက် မှန်ကန်သော ဦးဆောင်လမ်းညွှန်မှု၊ လိုအပ်သော ပေါင်းစပ်ညှိနှိုင်းမှုများ ပြုလုပ်ပေးနိုင်ရေးအတွက် ဗဟိုသန်းခေါင်စာရင်းကော်မရှင်နှင့် ဗဟိုသန်းခေါင်စာရင်းကော်မတီဖွဲ့စည်းနိုင်ရေးနှင့် သန်းခေါင်စာရင်း ကောက်ယူရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်သည့်ဌာနများမကျန်ရှိစေရေးအတွက် အစည်းအဝေး တက်ရောက်လာသူများအနေဖြင့် ဝိုင်းဝန်းဆွေးနွေး အကြံပြုပေးကြရန် တိုက်တွန်းပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဇော်အောင်က ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရန် စီမံဆောင်ရွက်ထားရှိမှုနှင့် ဗဟိုသန်းခေါင်စာရင်းကော်မရှင်နှင့် ကော်မတီတို့၏ ဖွဲ့စည်းထားရှိမှု (မူကြမ်း) ရေးဆွဲထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ကော်မရှင်နှင့် ကော်မတီဖွဲ့စည်းမှုနှင့် ပတ်သက်၍ ထည့်သွင်းဖွဲ့စည်းရမည့်အခြေအနေများ၊ လုပ်ငန်းတာဝန်များတွင် ပြင်ဆင်ဖြည့်စွက် သင့်သည့်အချက်များ၊ ဌာနများ၏လိုအပ်ချက်အရ မေးခွန်းပုံစံတွင် ဖြည့်စွက်ရန်လိုအပ်ချက်များကို ဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသူများက လုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုများတွင် ဌာနအလိုက် ပံ့ပိုးဆောင်ရွက်ပေးမည့် အစီအစဉ်များကို အကြံပြုသုံးသပ်ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ဗဟိုသန်းခေါင်စာရင်းကော်မရှင်နှင့် ကော်မတီ အတည်ပြုဖွဲ့စည်းနိုင်ရေးနှင့် လက်ရှိအခြေအနေနှင့်ကိုက်ညီသည့် လုပ်ငန်းစီမံချက်ဖြစ်စေရေးအတွက် စီမံဆောင်ရွက်သွားမည့်အစီအစဉ်များ၊ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ဆက်လက်ပံ့ပိုးကူညီဆောင်ရွက်နိုင်ရေးအခြေအနေများနှင့်စပ်လျဉ်း၍ နိဂုံးချုပ်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်**

**ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၃၈ / ၂၀၂၂**

**၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်**

**(၂၀၂၂ ခုနှစ် ၊ ဧပြီလ ၂၁ ရက်)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **"ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ"**ဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ဥပဒေတွင်ပါရှိသော "တက္ကသိုလ် ကောင်စီ" ဆိုသည့် စကားရပ်ကို "ကော်မတီ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဥပဒေပုဒ်မ ၂ တွင်-

(က) ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"**ကော်မတီ** ဆိုသည်မှာ တက္ကသိုလ်၏ လုပ်ငန်းများကို ကြီးကြပ်ရန် ဤဥပဒေအရ ဖွဲ့စည်းသည့် တက္ကသိုလ် ကြီးကြပ်ရေးကော်မတီကို ဆိုသည်။"

( ခ ) ပုဒ်မခွဲ (ဂ) ၏ နောက်တွင် ပုဒ်မခွဲ(ဃ) နှင့် ပုဒ်မခွဲ(င) တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဃ) **ဝန်ကြီးဌာန** ဆိုသည်မှာ နယ်စပ်ရေးရာ ဝန်ကြီးဌာနကို ဆိုသည်။

( င ) **ဦးစီးဌာန** ဆိုသည်မှာ နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာနကို ဆိုသည်။"

၄။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဥပဒေ ပုဒ်မ ၄ တွင်ပါရှိသော "ကိုယ်ပိုင်အမည်၊ တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့်" ဆိုသည့် စကားရပ်ကို "ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင် ဆောင်ပုဒ်၊ ကိုယ်ပိုင်တံဆိပ်တို့ဖြင့် ဆောင်ရွက်ပိုင်ခွင့်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ဥပဒေ ပုဒ်မ ၆ တွင် အောက်ပါအတိုင်း အစားထိုးရမည်-

"၆။ တက္ကသိုလ်၏ ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ပြည်ထောင်စုတိုင်းရင်းသားလူငယ်များသည် ပညာရှာမှီးရင်း တိုင်းရင်းသားအချင်းချင်း ပိုမိုစည်းလုံးချစ်ခင်လျက် ပြည်ထောင်စု စိတ်ဓာတ်ခိုင်မြဲသည့် လူငယ်များ ဖြစ်လာစေရန်။

( ခ ) ပါတီနိုင်ငံရေး ကင်းရှင်းပြီး စာရိတ္တနှင့် ကိုယ်ကျင့်တရား ကောင်းမွန်သော ပညာရေး ဝန်ထမ်းကောင်းများ မွေးထုတ်ပေးရန်။

( ဂ ) နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် လူနေမှုအဆင့် အတန်း မြင့်မားရေးအတွက် ဆောင်ရွက်ရာ တွင် လိုအပ်သည့် ဦးဆောင်နိုင်မှုစွမ်းရည် မြှင့်တင်ရန်။

(ဃ) ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်စေရန် ရေးရှု၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်လိုသည့် စိတ်ဓာတ် မွေးမြူပေးရန်။

( င ) ပြည်ထောင်စုတိုင်းရင်းသား လူငယ်များသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို သက်ဝင်ယုံကြည်၍ ထိန်းသိမ်းစောင့်ရှောက်သော လူငယ်များ ဖြစ်လာစေရန်။"

၆။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဥပဒေပုဒ်မ ၇ တွင် -

(က) ပုဒ်မခွဲ (က) တွင် ပါရှိသော "ဖွံ့ဖြိုးရေး"ဆိုသည့် စကားရပ်ကို "ဖွံ့ဖြိုးတိုးတက်မှု" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

( ခ ) ပုဒ်မခွဲ(ခ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ခ) တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့် ပညာရှင်ဝန်ထမ်း ကောင်းများ တိုးပွားအောင် ပြုစုပျိုးထောင် ပေးရန်။"

( ဂ ) ပုဒ်မခွဲ(ဂ)တွင် ပါရှိသော "ပညာတိုးပွားရေး" ဆိုသည့် စကားရပ်ကို "တီထွင်ဆန်းသစ်မှုများ တိုးပွားရေး" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဃ) ပုဒ်မခွဲ(စ)တွင် ပါရှိသော "နေရေးထိုင်ရေး" ဆိုသည့် စကားရပ်ကို "စနစ်ကျနစွာ နေထိုင်နိုင်ရေး" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

( င ) ပုဒ်မခွဲ(ဆ)တွင် ပါရှိသော "ကျောင်းခန်းပြင်ပ ပညာရေး လုပ်ငန်း" ဆိုသည့် စကားရပ်ကို "ကျောင်းပြင်ပ ပညာရေးလုပ်ငန်း" ဆိုသည့်စကားရပ်ဖြင့် အစားထိုး ရမည်။

၇။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဥပဒေ ပုဒ်မ ၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၈။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) တက္ကသိုလ်ကြီးကြပ်ရေးကော်မတီကို ဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် ဒုတိယ အမြဲတမ်းအတွင်းဝန်များ၊ ဝန်ကြီးဌာနနှင့် ဆက်စပ်သော ဝန်ကြီးဌာနများရှိ သက်ဆိုင်ရာ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ် မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့် သင့်လျော်သော တိုင်းရင်းသားများက အဖွဲ့ဝင် များအဖြစ်လည်းကောင်း ပါဝင်စေလျက် ဖွဲ့စည်းပေးရမည်။

( ခ ) အဖွဲ့ဝင်များထဲမှသင့်လျော်သောပုဂ္ဂိုလ်များကို ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက် အတွင်းရေးမှူးတို့အဖြစ် တစ်ပါတည်း သတ်မှတ်ပေးနိုင်သည်။

( ဂ ) လိုအပ်ပါက တက္ကသိုလ်ကြီးကြပ်ရေး ကော်မတီကို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။"

၈။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဥပဒေ ပုဒ်မ ၉ နှင့် ၁၉ တို့ကို ပယ်ဖျက်ရမည်။

၉။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(င)၊ ပုဒ်မ ၁၃၊ ပုဒ်မခွဲ(ဂ)နှင့် ပုဒ်မ ၁၅ တို့တွင် ပါရှိသော "ဆရာ" ဆိုသည့် စကားရပ်ကို "ဆရာ ဆရာမ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၀။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဥပဒေ ပုဒ်မ ၁၀ တွင် -

(က) ပုဒ်မခွဲ(ခ)တွင် ပါရှိသော "မည်သို့သောဘွဲ့" ဆိုသည့် စကားရပ်ကို "မည်သည့်ဘွဲ့" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

( ခ ) ပုဒ်မခွဲ(ဠ)၏ နောက်တွင် ပုဒ်မခွဲ(ဋ) အဖြစ် အောက်ပါ အတိုင်း ဖြည့်စွက်ရမည်-

"(ဋ) သင်တန်းသား ရွေးချယ်ခြင်းအတွက် သင်တန်းသား ရွေးချယ်ရေးကော်မတီကို လိုအပ်သလို ဖွဲ့စည်းနိုင်ခြင်းနှင့် ယင်း၏ လုပ်ငန်းတာဝန်များကို သတ်မှတ်နိုင်ခြင်း။"

၁၁။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဥပဒေ ပုဒ်မ ၁၂ ၊ ပုဒ်မခွဲ(က) တွင်ပါရှိသော "ဖွံ့ဖြိုးရေး" ဆိုသည့် စကားရပ်ကို "ဖွံ့ဖြိုးတိုးတက်မှု" ဆိုသည့် စကားရပ်ဖြင့် အစားထိုး ရမည်။

၁၂။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဥပဒေ ပုဒ်မ ၁၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၇။ တက္ကသိုလ်သည် နှစ်စဉ်ရသုံးမှန်းခြေငွေစာရင်းကို ဦးစီးဌာန၏ စိစစ်ခွင့်ပြုချက်နှင့် အညီ ဝန်ကြီးဌာနသို့ တင်ပြဆောင်ရွက်ရမည်။"

၁၃။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဥပဒေပုဒ်မ ၂၁ တွင် ပါရှိသော "ဝန်ကြီးဌာနများနှင့်ဖြစ်စေ၊ အစိုးရ အဖွဲ့အစည်းများနှင့်ဖြစ်စေ၊ အခြားအဖွဲ့အစည်းများနှင့်ဖြစ်စေ" ဆိုသည့်စကားရပ်ကို "သက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းများနှင့် ဖြစ်စေ၊ ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများနှင့်ဖြစ်စေ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၄။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဥပဒေ ပုဒ်မ ၂၂ တွင် ပါရှိသော "ဤဥပဒေအရ ဖွဲ့စည်းသည့်" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၁၅။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဥပဒေ ပုဒ်မ ၂၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန် နိုင်သည်။

( ခ ) ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့သည် အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

( ဂ ) တက္ကသိုလ်ကြီးကြပ်ရေး ကော်မတီနှင့် တက္ကသိုလ်တို့သည် အမိန့်ကြော်ငြာစာ၊ အမိန့် နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ် ရေးထိုးသည်။

**(ပုံ)မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

---

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဧပြီ ၂၁**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

# ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ကျေးလက်ဒေသဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဗဟိုဌာန (CIRDAP) ၏ (၂၃) ကြိမ်မြောက် အုပ်ချုပ်မှုကောင်စီ အစည်းအဝေးသို့ တက်ရောက်

**နေပြည်တော် မေ ၂၁**

အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ကျေးလက်ဒေသဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန (Center on Integrated Rural Development for Asia and the Pacific – CIRDAP) ၏ (၂၃) ကြိမ်မြောက် အုပ်ချုပ်မှုကောင်စီအစည်းအဝေး (23rd Governing Council (GC–23) Meeting) ကို ယနေ့နံနက်ပိုင်းတွင် ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် တာဝန်ယူ၍ Virtual Meeting အွန်လိုင်းစနစ်ဖြင့် ကျင်းပရာ (၂၃) ကြိမ်မြောက် အုပ်ချုပ်မှုကောင်စီ၏အဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး ဦးဆောင်သော စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။




### နိုင်ငံအလိုက် ဆွေးနွေး

အစည်းအဝေးတွင် သဘာပတိအဖြစ် ထိုင်းနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီးဌာနမှ Advisor of the Minister Mr. Alongkorn Polabutr က ဆောင်ရွက်ခဲ့ပြီး အစည်းအဝေးတွင် ၂၀၁၉–၂၀၂၁ ခုနှစ်အတွင်း CIRDAP မှ ဆောင်ရွက်ခဲ့သည့် ကျေးလက်ဒေသ ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အောင်မြင်ခဲ့မှုများနှင့် အခက်အခဲများကို အစီရင်ခံဖတ်ကြားအတည်ပြုခြင်း၊ CIRDAP အမှုဆောင်ကော်မတီ၏ (၃၃)ကြိမ်မြောက် အစည်းအဝေး ဆွေးနွေးအကြံပြုချက်များအပေါ် ဆွေးနွေးအတည်ပြုခြင်း၊ အုပ်ချုပ်မှုကောင်စီအဖွဲ့ဝင်များမှ ကျေးလက်ဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးအပေါ် နိုင်ငံအလိုက် ဆွေးနွေးခြင်းနှင့် နောက်တစ်ကြိမ် ကျင်းပမည့် အုပ်ချုပ်မှုကောင်စီအစည်းအဝေးအတွက် အချိန်နှင့် နေရာအတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

### ဘဏ္ဍာနှစ်အလိုက် တိုးချဲ့ဆောင်ရွက်

အစည်းအဝေး၌ CIRDAP ၏ (၂၃) ကြိမ်မြောက် အုပ်ချုပ်မှုကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် စားနပ်ရိက္ခာဖူလုံရေး၊ ကျေးလက်နှင့် မြို့ပြဆင်းရဲချမ်းသာကွာခြားရေး မူဝါဒနှင့်အညီ ဆောင်ရွက်နေကြောင်း၊ ထိုသို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနကို တိုးချဲ့ဖွဲ့စည်းထားပါကြောင်း၊ ကျေးလက်နေ ပြည်သူလူထု၏ ဝင်ငွေတိုးတက်မြင့်မားရေးနှင့် ဆင်းရဲမှုလျှော့ပါးရေးအတွက် အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖြစ်သော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအပြင် အိမ်တွင်း စက်မှု၊ လက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခြင်းအပြင် လူမှုစီးပွားအဆင့်အတန်း မြင့်မားရေးအတွက် ကျေးလက်ကုန်ထုတ်လမ်းများ ဖောက်လုပ်မှုနှင့် ကျေးလက်ရေရရှိရေးလုပ်ငန်းများ၊ ကျေးလက်မီးလင်းရေးလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း။

### အတွေ့အကြုံများဖလှယ်

ထို့အပြင် အဖွဲ့ဝင်နိုင်ငံများတွင် ယနေ့ရင်ဆိုင်နေကြရသော ကိုဗစ် –၁၉ ရောဂါ၏ အကျိုးဆက်များကြောင့် ကျေးလက်ဒေသစီးပွားရေးအပေါ် ထိခိုက်မှုများ လျော့ပါးစေရေး၊ ကိုဗစ် –၁၉ ရောဂါကာလနောက်ပိုင်း ပြန်လည်ထူထောင်နိုင်ရေး၊ ကျေးလက်ဒေသ ပြုပြင်ပြောင်းလဲရေးတို့တွင် ဒစ်ဂျစ်တယ်ဆက်သွယ်ရေးနည်းပညာကို ထိရောက်တွင်ကျယ်စွာ အသုံးပြုရေးဆိုင်ရာ CIRDAP အဖွဲ့၏ လုပ်ငန်းစဉ်များ၌ အခြားအဖွဲ့ဝင်နိုင်ငံများနှင့် အတွေ့အကြုံများဖလှယ်ပြီး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

### ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိ

အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ကျေးလက်ဒေသဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန CIRDAP ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒက္ကာမြို့အခြေစိုက် ဖွင့်လှစ်ထားပြီး ဘင်္ဂလားဒေ့ရှ်၊ မြန်မာ၊ လာအို၊ နီပေါ၊ ဖိလစ်ပိုင်၊ သီရိလင်္ကာ၊ ထိုင်း၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မလေးရှား၊ အာဖဂန်နစ္စတန်၊ အီရန်၊ အိန္ဒိယ၊ ဖီဂျီ နှင့် ပါကစ္စတန် စသည့်အဖွဲ့ဝင်နိုင်ငံ (၁၅)နိုင်ငံတို့ ပါဝင်ကာ ဒေသတွင်း ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းရပ်များတွင် အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရန်အတွက် ရည်ရွယ်ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ၁၉၇၅ ခုနှစ်မှစတင်၍ အဖွဲ့ဝင်အဖြစ် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့ကျင်းပသည့်အစည်းအဝေးသို့ အာဖဂန်နစ္စတန်နိုင်ငံမှအပ ကျန်အဖွဲ့ဝင်နိုင်ငံအားလုံး စုံညီစွာ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

---

## လေးမျက်နှာမြို့နယ် မဲဆန္ဒရှင်စာရင်း တိုက်ဆိုင်စစ်ဆေးခြင်းကို အဖွဲ့ ၁၆ ဖွဲ့ဖြင့် ဆောင်ရွက်

**လေးမျက်နှာ မေ ၂၁**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်းရှိ အခြေခံမဲဆန္ဒရှင်စာရင်းများပြည့်စုံမှန်ကန်စေရေးအတွက် အခြေခံမဲဆန္ဒရှင်စာရင်းကို မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်း ရှေ့ပြေးလုပ်ငန်းစီမံချက် (Pilot Project) အောင်မြင်စွာပြီးစီးရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၀ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် လေးမျက်နှာမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၁) ဗိုလ်မှူး ရဲရင့်နောင်က အခြေခံမဲဆန္ဒရှင်စာရင်းပြုစုရာတွင် အမှန်ကန်ဆုံးဖြစ်အောင် ပူးပေါင်းဆောင်ရွက်ကြရန်နှင့် လုပ်ငန်းများ အချိန်မီ ဆောင်ရွက်ပြီးစီးရေး အလေးထားဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက မြို့နယ်အတွင်းရှိ အခြေခံမဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်စေရေးအတွက် အခြေခံမဲဆန္ဒရှင်စာရင်းကို မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်း ရှေ့ပြေးလုပ်ငန်းစီမံချက် (Pilot Project) ဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြသော ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် အထူးအလေးထားဆောင်ရွက်ကြရန်၊ အခက်အခဲများရှိပါက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့သို့ တင်ပြကြရန် ပြောကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြသည်။

လေးမျက်နှာမြို့နယ်၌ အဆိုပါ မဲစာရင်းတိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းကို အဖွဲ့ ၁၆ ဖွဲ့ဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းအဖွဲ့များအနေဖြင့် လေးမျက်နှာမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၄၈ အုပ်စုမှ လူဦးရေများ၏ အခြေခံမဲဆန္ဒရှင်စာရင်းများ မှန်ကန်စေရေးအတွက် မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်းကို ကွန်ပျူတာနည်းပညာအသုံးပြု၍ အပြန်အလှန်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

---

## ရတနာပုံဥယျာဉ်ဖွင့်ပွဲနှင့် ၂၀၂၂ ခုနှစ် မန္တလေးမြို့တော်မဟာသင်္ကြန်ပွဲတော် မှတ်တမ်းဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

**မန္တလေး မေ ၂၁**

ရတနာပုံဥယျာဉ်ဖွင့်ပွဲနှင့် ၂၀၂၂ ခုနှစ် မန္တလေးမြို့တော် မဟာသင်္ကြန်ပွဲတော် မှတ်တမ်းဓာတ်ပုံပြိုင်ပွဲဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။





အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုခြင်းမှာ မင်္ဂလာတစ်ပါးဖြစ်သည်နှင့်အညီ ရတနာပုံဥယျာဉ်ဖွင့်ပွဲနှင့် မန္တလေးမြို့တော်မဟာသင်္ကြန်ပွဲတော်တွင် ဓာတ်ပုံပြိုင်ပွဲဆုရရှိသူများ၊ ဓာတ်ပုံပညာရှင်များနှင့် ပါဝင်ကူညီဆောင်ရွက်ပေးကြသူများကို ဂုဏ်ပြုချီးမြှင့်ခြင်းဖြစ်ပါကြောင်း၊ ယခုနှစ် မန္တလေးမြို့တော် သင်္ကြန်ပွဲတော်ကို ရှေးဘုရင်များ လက်ထက် ယဉ်ကျေးမှု သရုပ်ဖော်မှုများဖြင့် ကျင်းပခြင်းဖြစ်ကြောင်း၊ မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်နှင့် ရတနာပုံဥယျာဉ်ဖွင့်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူများ၏ ပြိုင်ပွဲဝင်ဓာတ်ပုံများကို ရွေးချယ်ပေးခဲ့သည့် ဒိုင်များကိုလည်း မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဓာတ်ပုံပြိုင်ပွဲတွင် အကဲဖြတ်ဒိုင်အဖြစ် ဆောင်ရွက်ခဲ့သူ ကိုယ်စားလှယ်တစ်ဦးက ဆုရွေးချယ်မှုအား ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး သယံဇာတရေးရာ ဝန်ကြီး ဦးမျိုးအောင်က အကဲဖြတ်ဒိုင်အဖွဲ့အား အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပထမဆုရ တင်ဇာလှိုင် (ချမ်းအေးသာစံမြို့နယ်)၊ ဒုတိယဆုရ ဦးတင်မောင်သွင် (မန်းချစ်သူ)၊ တတိယဆုရ ဇင်မင်းထွန်းတို့အား လည်းကောင်း၊ မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းက နှစ်သိမ့်ဆုရ ဦးထွန်းထွန်းနိုင် (ချမ်းအေးသာစံမြို့နယ်)၊ ချစ်ရဲသူ (ပုသိမ်ကြီးမြို့နယ်)၊ ဆုမြတ် (အောင်မြေသာစံ)၊ ဦးအောင်မင်းဦး၊ မိုးဟိန်းထွန်း(မွန်ဆွန်း)တို့ကို လည်းကောင်း ဂုဏ်ပြုချီးမြှင့်ခဲ့ပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မန္တလေးဓာတ်ပုံအသင်းအတွက် ရန်ပုံငွေ ကျပ် ၁၀ သိန်းကို လှူဒါန်းကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံများ ရိုက်ကြပြီး ဆုရရှိသူများ ဓာတ်ပုံများနှင့် ပြိုင်ပွဲဝင်များ၏ ဓာတ်ပုံများ ပြသထားမှုကို ကြည့်ရှုအားပေးသည်။

ယနေ့ ကျင်းပသည့် ရတနာပုံဥယျာဉ်ဖွင့်ပွဲနှင့် ၂၀၂၂ ခုနှစ် မန္တလေးမြို့တော် မဟာသင်္ကြန်ပွဲတော်မှတ်တမ်း ဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲတွင် ဓာတ်ပုံပညာရှင် ၂၆ ဦး၏ ပြိုင်ပွဲဝင် ဓာတ်ပုံပေါင်း ၇၅ ပုံထဲမှ ဆုရရှိသူများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ခြင်းဖြစ်ပြီး ပထမဆု ငွေကျပ် ငါးသိန်း၊ ဒုတိယဆု ငွေကျပ် လေးသိန်း၊ တတိယဆု ငွေကျပ် သုံးသိန်း၊ နှစ်သိမ့်ဆု ငွေကျပ် နှစ်သိန်းစီနှင့် ဒိုင်များကို ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဦးအောင်နိုင်ဦးတို့ နိုင်ငံခြားသတင်းဌာနများမှ သတင်းထောက်များနှင့်တွေ့ဆုံ၍ မေးမြန်းမှုများဖြေကြား

**နေပြည်တော် ဧပြီ ၂၁**

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဦးအောင်နိုင်ဦးတို့သည် AP သတင်းဌာန၊ ရိုက်တာသတင်းဌာန၊ South China Morning Post သတင်းဌာနနှင့် Straits Times သတင်းဌာန၊ China Central Television(CCTV) သတင်းဌာန၊ People's Daily သတင်းဌာနနှင့် ဆင်ဟွာသတင်းဌာနတို့မှ သတင်းထောက်များကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံးညှိနှိုင်းခန်းမများ၌ ဗီဒီယို ကွန်ဖရင့်ဖြင့် တွေ့ဆုံ၍ မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အဖွင့်မိတ်ဆက်စကားပြောကြားရာတွင် ယခုကဲ့သို့ မီဒီယာတွေ့ဆုံမေးမြန်းမှုတွင် ဖြေကြားခွင့်ရသည့်အတွက်နှင့် မြန်မာနိုင်ငံ၏ အရေးကိစ္စများတွင် စိတ်ဝင်စားသည့်အတွက် အထူးပင်ကျေးဇူးတင်ပါကြောင်း။

ယနေ့မီဒီယာတွေ့ဆုံမှုတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးနှင့်အတူ ဖြေကြားပေးသွားမည်ဖြစ်ပါကြောင်း။

**ဖွံ့ဖြိုးတိုးတက်မှုအချို့ရှိ**

ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ် နောက်ပိုင်းတွင် သတင်းထုတ်ပြန်ချက်တစ်ခုကို ထုတ်ပြန်မျှဝေပေးသွားမည် ဖြစ်ပါကြောင်း၊ ယေဘုယျအနေဖြင့် ခြုံငုံကြည့်ပါက စွမ်းအင်ကဏ္ဍနှင့် စီးပွားရေးကဏ္ဍများသည် ဆက်စပ်ပြီး မြန်မာနိုင်ငံတွင် သိသိသာသာဖွံ့ဖြိုးတိုးတက်မှုအချို့ ရှိနေပါကြောင်း၊ ရုရှား-ယူကရိန်းပဋိပက္ခမှ အစပျိုးခဲ့သည့် ရေနံနှင့်သဘာဝဓာတ်ငွေ့ ဈေးနှုန်းများသည် ကမ္ဘာတွင် ယနေ့အခါ သိသိသာသာ တက်လာသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ မိမိတို့ မြန်မာနိုင်ငံတွင်းအခြေအနေမှာ အခြေခံအဆောက်အဦများ မဖွံ့ဖြိုးခြင်း၊ မကြာခင်က မြန်မာကျပ်ငွေတန်ဖိုးကျဆင်းခြင်း၊ ဘဏ္ဍာရေးပြဿနာများနှင့် အကြမ်းဖက်သမားများက ဓာတ်အားလိုင်းအချို့ကို ဖျက်ဆီးမှုများကြောင့် မြန်မာပြည်သူများကို ဆိုးကျိုးသက်ရောက်မှုများ ရှိခဲ့ပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း သတင်းထောက်များ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး သတင်းထောက်များ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။

မိမိတို့နိုင်ငံ တည်ငြိမ်အေးချမ်းမှုရရှိအောင် ယနေ့အချိန်တွင် စွမ်းအင်လိုအပ်မှု ပြဿနာကို ဖြေရှင်းပေးရန် လိုအပ်လာပါကြောင်း၊ တစ်ချိန်တည်းမှာပင် မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုအသစ်များ မကြာမီက ထုတ်ပြန်ခဲ့ကြပါကြောင်း၊ နိုင်ငံခြားရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီအချို့ မြန်မာပြည်မှ ထွက်ခွာမှုများကို မီဒီယာတော်တော်များများတွင် ဖော်ပြမှုများရှိခဲ့ပါကြောင်း၊ ယခုမီဒီယာတွေ့ဆုံမှုတွင် အဆိုပါပြဿနာများကို မိမိတို့ ပြည်ထောင်စုဝန်ကြီးနှစ်ဦးက အလှည့်ကျဖြေကြားပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက ယနေ့မီဒီယာများနှင့် တွေ့ဆုံရသည်ကို အလွန်ဝမ်းမြောက်ပါကြောင်း၊ မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသည့် စီးပွားရေးနှင့် ပတ်သက်သည့် အခြေအနေ၊ စွမ်းအင်ကဏ္ဍနှင့် ပတ်သက်သည့် အခြေအနေများနှင့် စပ်လျဉ်း၍ ဖြစ်ပေါ်တိုးတက်မှုများကို ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း။

အထူးသဖြင့် ယခုရက်ပိုင်း မီဒီယာများ စိတ်ဝင်စားနေသည့် မြန်မာနိုင်ငံ၏ ငွေလဲနှုန်းနှင့် ပတ်သက်သည့် ထုတ်ပြန်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသွားမည် ဖြစ်ပါကြောင်း၊ ယခုအစိုးရလက်ထက်တွင် ယခင့် ယခင် အစိုးရများနှင့် မတူသည့် စိန်ခေါ်မှုများစွာရှိပါကြောင်း၊ စီးပွားရေးပိတ်ဆို့မှုများရှိသလို အချို့တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မတည်ငြိမ်မှုများရှိပါကြောင်း၊ ထိုအရာများသည် စီးပွားရေးအပေါ် သက်ရောက်မှုများဖြစ်ပေါ်နေပါကြောင်း။

သို့သော်လည်း ကိုဗစ် - ၁၉ ရောဂါကို ယခုအချိန်တွင် ထိန်းချုပ်နိုင်သည့် အနေအထားရောက်ရှိသည့်အတွက် ပြန်လည်ဖွင့်လှစ်နိုင်သည့် အနေအထားဖြစ်ပါကြောင်း၊ ကိုဗစ် - ၁၉ ရောဂါနှင့် ဆက်စပ်၍လည်း နိုင်ငံ၏စီးပွားရေးမှာ တိုးတက်မှုနှေးကွေးခဲ့ရပါကြောင်း၊ အထူးသဖြင့် ယခုကာလတွင် ပိုမိုနှေးကွေးနေရသည်ကို တွေ့ရပါကြောင်း။

**စီမံကိန်းအသစ်များ ထပ်မံဖိတ်ခေါ်**

လက်ရှိအစိုးရသည် တိုင်းပြည်တွင် လတ်တလော လိုအပ်နေသည့် လျှပ်စစ်ဓာတ်အား အပြည့်အဝပေးနိုင်ရေးကို အာရုံစိုက်ဆောင်ရွက်နေပါကြောင်း၊ တိုင်းပြည်၏ စီးပွားရေးတည်ငြိမ်မှုရရှိအောင် ဆောင်ရွက်နေပြီး စွမ်းအင်ကဏ္ဍသည် ဦးစားပေးကဏ္ဍ ဖြစ်ပါကြောင်း၊ စွမ်းအင်ကဏ္ဍနှင့် ပတ်သက်၍ ဆောင်ရွက်နေသည့် စီမံကိန်းများကို မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်နိုင်ရန် ကြိုးစားနေပါကြောင်း၊ စီမံကိန်းအသစ်များကိုလည်း ထပ်မံဖိတ်ခေါ်နေပါကြောင်း။

မိမိတို့အစိုးရအနေဖြင့် မည်သို့ပင် အခက်အခဲ စိန်ခေါ်မှုများရှိစေကာမူ ထိုစိန်ခေါ်မှုများကို ဖြတ်ကျော်ပြီး မူလရည်ရွယ်ထားသည့်အတိုင်း ၂၀၂၃ ခုနှစ်တွင် ရွေးကောက်ပွဲကျင်းပပေးသွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးတည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပါဝင်တက်ရောက်လာသည့် မီဒီယာများကိုလည်း ကျေးဇူးတင်ပါကြောင်း အဖွင့်မိတ်ဆက်စကား ပြောကြားသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ကချင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းသစ်များအား လုပ်ငန်းခွင်အကြိုသင်တန်းဖွင့်

မြစ်ကြီးနား ဧပြီ ၂၁

**ကချင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနတွင် ရာထူးတိုးမြှင့်ခန့်အပ်ပေးလိုက်သည့် ဝန်ထမ်းအသစ်များအား လုပ်ငန်းခွင်အကြိုသင်တန်း(၁/၂၀၂၂)ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၁ ရက် နံနက် ၉ နာရီက ယင်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် တက်ရောက်အမှာစကား ပြောကြားသည်။ (ယာပုံ)**



သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ဝန်ထမ်းများနှင့် သင်တန်းသားသင်တန်းသူများအား မိမိတို့ဒေသခံတောင်သူများ စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများအားလုံး အရည်အသွေး ကောင်းမွန်စွာဖြင့် ဈေးကွက်ကို တင်ပို့နိုင်ရေး၊ ကုန်ကြမ်းအနေဖြင့် သာမက ကုန်ချောအဆင့်အထိ ထုတ်လုပ်နိုင်ရေး၊ ပြုပြင်ထုတ်လုပ်လိုက်သည့် အသီးအနှံအစားအစာများသည်လည်း အရည်အသွေးပြည့်မီရေး ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများ၏ ပညာရည်မြင့်မားမှု၊ ဒေသခံတောင်သူများအပေါ် စိုက်ပျိုးရေးနည်းပညာများ ဖြန့်ဝေပေးနိုင်မှုသည် အဓိကကျသည့် အခန်းကဏ္ဍတွင် ပါဝင်ပါကြောင်း၊ ယနေ့သင်တန်းသည် တောင်သူများ၏ အကျိုးစီးပွား ဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုသည့် သင်တန်းတစ်ခုဖြစ်သည့်အတွက် သင်တန်းသားများအနေဖြင့် ပို့ချလိုက်သည့် နည်းပညာများကို ကျွမ်းကျင်တတ်မြောက်အောင် လေ့လာသင်ယူကြရန်နှင့် တောင်သူများထံ နည်းမျိုးစုံဖြင့် အသိပညာပေးနိုင်ရေး ကြိုးပမ်းတာဝန်ထမ်းဆောင်ကြရန် လိုအပ်ပါကြောင်း မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က သုံးရက်ကြာဖွင့်လှစ်သွားမည့် အဆိုပါသင်တန်းသားသင်တန်းသူ ၁၁၄ ဦးတို့အား သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။ သင်တန်းတွင် ပြည်နယ်ဦးစီးမှူး ဦးဌေးလွင်နှင့် အရာထမ်းများက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၊ စိုက်ပျိုးတိုးချဲ့ခြင်းပညာပေးနည်းပညာများ၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ၊ မြေသြဇာဥပဒေနှင့်မြေအသုံးချရေးဆိုင်ရာ နည်းလမ်းများ၊ ပိုးမွှားအန္တရာယ် ကာကွယ်နှိမ်နင်းရေးနည်းများကို စာတွေ့လက်တွေ့ သင်ကြား ပို့ချပေးသွားမည်ဖြစ်သည်။ **ပြည်နယ်(ပြန်/ဆက်)**

**ဆင်ပေါင်ဝဲမြို့နယ်၌ မိုးသက်လေပြင်းကြောင့် ကားလမ်းပေါ် လဲကျနေသည့် သစ်ပင်ရှင်းလင်း**

ဆင်ပေါင်ဝဲ ဧပြီ ၂၁

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်၌ ဧပြီ ၁၉ ရက်က မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ဆင်ပေါင်ဝဲ- တောညောင်ပင်သာလမ်းပိုင်း စည်ပင်လှကျေးရွာအနီး ကတ္တရာလမ်းပေါ်တွင် ပင်စည်လုံးပတ် ၁၀ ပေ၊ အမြင့် ပေ ၃၀ ခန့်ရှိ သနပ်ပင်ပြိုလဲကျ၍ လမ်းပိတ်ဆို့မှု ဖြစ်ပွားခဲ့ရာ ပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦး၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျောက်ဆောင်စမ်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများပါဝင်သော ပူးပေါင်းအဖွဲ့က ချက်ချင်းလာရောက်ရှင်းလင်းမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**နိုင်လင်း(ပြန်/ဆက်)**

# အုန်းဆံများအသုံးပြုပြီး လူသုံးကုန်ပစ္စည်းများထုတ်လုပ်သည့် နည်းပညာသင်တန်းများ ပို့ချပေးသွားမည်

**နေပြည်တော် မေ ၂၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်သို့ ရောက်ရှိပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)



ဦးစွာ ဒုတိယဝန်ကြီး ဦးမြင့်စိုးနှင့် အဖွဲ့သည် ကိုကိုးကျွန်းမြို့နယ် မြို့တော်ခန်းမ၌ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ သင်တန်းသားများနှင့် တွေ့ဆုံပြီး အုန်းထွက်ပစ္စည်းများကို ယခုထက်ပိုမိုစီးပွားဖြစ်ထုတ်လုပ်နိုင်ရေးနှင့် ထုတ်ကုန်များအားဈေးနှုန်း သက်သာစွာရောင်းချနိုင်ရေး ဆောင်ရွက်သွားရန် လမ်းညွှန်ထားကြောင်း၊ အုန်းအခြေခံတန်ဖိုးမြှင့်စားသောက်ကုန်နှင့် လူသုံးကုန်ထုတ်လုပ်သည့် သင်တန်း၊ အုန်းလက်မှုထည် ထုတ်လုပ်သည့် သင်တန်းများကို နှစ်ပတ်ကြာ သင်ကြားပေးခဲ့ပြီး သင်တန်းဆင်းများအနက် ကိုယ်ပိုင်လုပ်ငန်းထူထောင်သည့်သူများရှိသည်ဟု သိရသည့်အတွက် ဝမ်းမြောက်ကြောင်း၊ သင်တန်းပြီးစီး၍ လုပ်ငန်းထူထောင်နေသူများ၏ ထုတ်ကုန်များ ဈေးကွက်ရရှိရေး၊ ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ တစ်နိုင်တစ်ပိုင်ဆောင်ရွက်သည်ထက် အသင်းအဖွဲ့ဖြင့် ဆောင်ရွက်ပါက ပိုမိုအောင်မြင်နိုင်မည်ဖြစ်သဖြင့် သမဝါယမစနစ်ဖြင့် စုပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ အုန်းဆံများ အသုံးပြုပြီး လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်သည့် နည်းပညာသင်တန်းများ ပို့ချပေးသွားမည်ဖြစ်ပါကြောင်း၊ ကိုကိုးကျွန်းဒေသဖွံ့ဖြိုးလာစေရန်အတွက် မိမိတို့ဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ ကိုကိုးကျွန်းဒေသကဲ့သို့ အခြား တိုင်းဒေသကြီး/ ပြည်နယ်များတွင်လည်း အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ကိုကိုးကျွန်းဒေသ အုန်းဆံကြိုးစက်ရုံ တည်ဆောက်နေမှုကိုလည်းကောင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဖွင့်လှစ်သည့် စားသောက်ကုန်သင်တန်း တက်ရောက်အောင်မြင်ပြီးသူများ၏ တစ်ပိုင်တစ်နိုင် ဆောင်ရွက်နေသည့် “ပြည့်စုံ” စားသောက်ကုန်လုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ရေတပ်အခြေစိုက်စခန်းမှ ဖွင့်လှစ်ထားသော အုန်းဆံကြိုးစက်ရုံ၊ အလှဆင်ပစ္စည်းများနှင့် အိမ်သုံးပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်းနှင့် ဆေးဖက်ဝင် အဆီကျအုန်းဆီသန့်ထုတ်လုပ်မှုစက်ရုံကို ကြည့်ရှုလေ့လာသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ရန်ကုန်မြို့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့်လည်းကောင်း၊ သမဝါယမဦးစီးဌာနမှ ဝန်ထမ်းများနှင့်လည်းကောင်း တွေ့ဆုံ၍ ယခုဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအား အချိန်မီပြီးစီးရန်နှင့် ဌာနများအချင်းချင်း ပေါင်းစပ်ညှိနှိုင်းမှုအားကောင်းစွာဖြင့် လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်သွားကြရန် မှာကြားပြီး မိုးဦးပန်းအထွေထွေရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏ ဒေသထွက်ကုန် အရောင်းဆိုင်အား လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့သည်။

**သတင်းစဉ်**

# အာဆီယံမှ မြန်မာနိုင်ငံသို့ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ထောက်ပံ့ပေးနိုင်မည့်ကိစ္စနှင့် နှစ်နိုင်ငံကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ အမြင်ချင်းဖလှယ်ဆွေးနွေး



**နေပြည်တော် မေ ၂၁**

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းသည် ယနေ့နံနက်ပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး H.E. Dr. KUNG Phoak ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ကျန်းမာရေးဝန်ကြီးဌာန၏ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံဆွေးနွေးသည်။ (ဝဲပုံ)

တွေ့ဆုံစဉ် ကမ္ဘောဒီးယားနိုင်ငံမှ မြန်မာနိုင်ငံသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသရေး လုပ်ငန်းများအတွက် ဆေးနှင့် ဆေးပစ္စည်းများ လှူဒါန်းမှုအတွက် ကျေးဇူးတင်ရှိ ပါကြောင်းနှင့် မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းများကို National Vaccine Deployment Plan နှင့်အညီ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးသည့် သတင်းအချက်အလက်များကို Vaccine Management Information System(VMIS) စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည့်ကိစ္စ၊ ဝန်ကြီးဌာအနေဖြင့် လူသားချင်းစာနာထောက်ထားမှု အခြေခံမူများနှင့်အညီ နိုင်ငံအတွင်းရှိ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးလုပ်ငန်းများဆောင်ရွက်မှု၊ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးလုပ်ငန်းများ ဆောင်ရွက်နေသည့် ကျန်းမာရေး ဝန်ထမ်းများကို အကြမ်းဖက် အဖွဲ့အစည်းများက ပစ်မှတ်ထား တိုက်ခိုက်ခံရသည့် အခြေအနေများ၊ အာဆီယံမှ မြန်မာနိုင်ငံသို့ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ထောက်ပံ့ပေးနိုင်မည့်ကိစ္စ၊ နှစ်နိုင်ငံကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များအား ရင်းနှီးခင်မင်စွာ အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# တပ်ကုန်းမြို့၌ Grade – 5 သင်ရိုးသစ် ဗဟိုအဆင့် (TOT) နည်းပြ Online သင်တန်းဖွင့်လှစ်

**တပ်ကုန်း မေ ၂၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်တွင် မြို့နယ်ပညာရေးမှူးရုံးမှ ကြီးကြပ်၍ Grade– 5(သင်ရိုးသစ်) Online သင်တန်းကို ယမန်နေ့က စတင်၍ ဗိုလ်မင်းရောင် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) စာသင်ဆောင်တွင် ဖွင့်လှစ်သင်ကြားကြောင်း သိရသည်။



အဆိုပါ ဗဟိုအဆင့် Grade–5 သင်ရိုးသစ်နည်းပြ Online သင်တန်းသို့ တပ်ကုန်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ သက်ဆိုင်ရာ ဘာသာရပ်နည်းပြ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ တက်ရောက်ခဲ့ပြီး ဗဟိုအဆင့်မှ သင်တန်းနည်းပြ ဆရာကြီး ဆရာမကြီးများက မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သိပ္ပံ၊ လူမှုရေး၊ စာရိတ္တနှင့် ကာယပညာ ဘာသာရပ် ခြောက်မျိုးကို ခြောက်ရက်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။**တင်စိုးလွင်(ပြန်/ဆက်)**

# လဟယ်မြို့ရှိ တောင်သူများထံ ပျိုးပင်များနှင့် မျိုးစေ့များ ထောက်ပံ့ပေးအပ်

**လဟယ် မေ ၂၁**

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူးကျင်းပသော နာဂဒေသနှင့် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေဖြင့် တောင်သူများထံ ပျိုးပင်များနှင့် မျိုးစေ့များအား ထောက်ပံ့ပေးလျက်ရှိကြောင်း လဟယ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



အဆိုပါ ပျိုးပင်များနှင့် မျိုးစေ့များ ထောက်ပံ့ပေးရာတွင်“ဂ”ဥမျိုးစေ့များ၊ စပါးမျိုးများ၊ ဟင်းသီးဟင်းရွက်မျိုးစေ့များ၊ ကော်ဖီပျိုးပင်၊ မျောက်ငိုပျိုးပင်၊ ထောပတ်ပျိုးပင်များကို လဟယ်မြို့နယ်ရှိ တောင်သူများထံသို့ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**ယွန်း(မုံရွာ၊ကိုယ်ပွား)**

# ပွင့်ဖြူမြို့နယ်၌ လေပြင်းတိုက်ခတ်၊ လူနေအိမ် ၇၀ ကျော် ပျက်စီး



ပွင့်ဖြူ မေ ၂၁

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယမန်နေ့က လေပြင်းတိုက်ခတ်မှုဖြစ်ပွားခဲ့ပြီး မြို့နယ်အတွင်းရှိ ကျေးရွာ ၁၄ ရွာတွင် လူနေအိမ် ၇၀ ကျော် ထိခိုက်ပျက်စီးခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ သိရသည်။

ဥယျာဉ်ကျစ် ကျေးရွာတွင် ဘာသာရေး အဆောက်အအုံ တစ်လုံး၊ ရွာသာညွန့်ကျေးရွာတွင် လူနေအိမ် ၁၅ လုံး၊ ထနောင်းကုန်းကျေးရွာတွင် လူနေအိမ် ၁၀ လုံး၊ ထူးကျေးရွာတွင် လူနေအိမ် ခြောက်လုံး၊ မဒဲကျေးရွာတွင် လူနေအိမ် တစ်လုံး၊ မုန်းဇလဲကျေးရွာတွင် လူနေအိမ် ၁၃ လုံး၊ ပေါက်ကုန်းကျေးရွာတွင် လူနေအိမ် တစ်လုံး၊ သမော်အင်းကျေးရွာတွင် လူနေအိမ် တစ်လုံး၊ လယ်ကိုင်းကျေးရွာတွင် လူနေအိမ် ၁၇ လုံး၊ သိမ်ကုန်းကျေးရွာတွင် လူနေအိမ် နှစ်လုံး၊ ဖလံတောကျေးရွာတွင် လူနေအိမ် တစ်လုံး၊ ကျောင်းတော်ရာကျေးရွာတွင် လူနေအိမ်နှစ်လုံး၊ ရွာသစ်ကုန်းကျေးရွာတွင် လူနေအိမ်ငါးလုံး၊အနောက်လေးအိမ်ကျေးရွာတွင် လူနေအိမ် တစ်လုံး စုစုပေါင်း လူနေအိမ် ၇၅ လုံးနှင့် ဘာသာရေးအဆောက်အအုံ တစ်လုံး ထိခိုက်ပျက်စီးခဲ့ခြင်းဖြစ်သည်။ အဆိုပါ ထိခိုက်ပျက်စီးသည့် လေဘေးသင့်အိမ်ထောင်စုများအား အဆင်ပြေစွာနေထိုင်နိုင်ရေး ဌာနဆိုင်ရာများနှင့် ကျေးရွာနေပြည်သူများက လိုအပ်သည့် အကူအညီများ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး လေပြင်းတိုက်ခတ်မှုကြောင့် လူနှင့်တိရစ္ဆာန်ထိခိုက်မှု မရှိကြောင်း သိရသည်။

ထို့ပြင် မြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် သစ်ပင်ကြီးများ ပြိုလဲမှုကြောင့် လျှပ်စစ်ဓာတ်အားလိုင်းတိုင်များ ထိခိုက်ပျက်စီးမှု၊ ၄က်ပျောစိုက်ခင်းများ ထိခိုက်ပျက်စီးမှု ဖြစ်ပွားခဲ့ကြောင်းနှင့် ယနေ့နံနက်ပိုင်းတွင် လျှပ်စစ်ဓာတ်အားလိုင်း ထိခိုက်ပျက်စီးသည့်နေရာများကို မြို့နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးရုံးမှ လိုင်းတာဝန်ခံနှင့် လျှပ်စစ်ဝန်ထမ်းများက ကွင်းဆင်းစစ်ဆေး၍ ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

## မြို့နယ်အချို့၌ မိုးသက်လေပြင်းတိုက်ခတ်၍ နေအိမ်ပျက်စီးမှုနှင့် သစ်ပင်လဲကျမှုများဖြစ်ပွား

### မြင်းမူ

မြင်းမူမြို့၌ မေ ၂၀ ရက်က ရုတ်တရက် မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် မြို့ပြင်လမ်းမဘေးနှင့် မြို့တွင်းနေရာအချို့တွင် သစ်ပင်ကြီးများ လဲပြိုကျိုးကျခြင်းများ ဖြစ်ပွားခဲ့၍ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများနှင့်အတူ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့မအရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းကာ ရှင်းလင်းဖယ်ရှားခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

လေပြင်းတိုက်ခတ်မှုကြောင့် မုံရွာ-မန္တလေးလမ်းမ(မြင်းမူမြို့ဝင်)လမ်းဘေးရှိ လုံးပတ် ရှစ်ပေနှင့် အမြင့်ပေ ၅၀ ရှိ ကုက္ကိုပင်ကြီးနှင့် မြို့တွင်း အ.ထ.က(၁)ကျောင်းအနီးရှိ လုံးပတ် ခြောက်ပေနှင့် အမြင့်ပေ ၆၀ ရှိ အော်ရေးရှားပင်ကြီးမှာ လဲကျခဲ့ကာ ယင်းအနီးရှိ လျှပ်စစ်ဓာတ်တိုင်မှာလည်း ကျိုးကျခဲ့ကြောင်း၊ လဲကျခဲ့သည့် သစ်ပင်ကြီးများကြောင့် လမ်းမကြီးတွင်သွားလာလျက်ရှိသည့် ယာဉ်ကြီး/ငယ်များ အန္တရာယ်မရှိစေရေးနှင့် လမ်းပိတ်ဆို့မှုမဖြစ်စေရေးအတွက် မြို့နယ်မီးသတ်တပ်ဖွဲ့မှ ရာဖွေကယ်ဆယ်ရေးယာဉ် တစ်စီးနှင့် တပ်ဖွဲ့ဝင် ၁၀ ဦး၊ မြို့မအရန်မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ် တစ်စီးနှင့် တပ်ဖွဲ့ဝင် ၁၅ ဦးတို့ ပူးပေါင်း၍ ခုတ်ထွင်ရှင်းလင်းခဲ့ကြောင်း၊ လေပြင်းတိုက်ခတ်မှုကြောင့် လူနှင့်တိရစ္ဆာန် ထိခိုက်မှုမရှိဘဲ ပျက်စီးခဲ့သည့် လျှပ်စစ်တိုင်နှင့် မီးကြိုးများကို မြို့နယ်လျှပ်စစ်ဌာနဝန်ထမ်းများက ချက်ချင်းပြုပြင်ပေးခဲ့သည့်အတွက် ခေတ္တသာ လျှပ်စစ်မီးပြတ်တောက်ခဲ့ကြောင်း သိရသည်။

အောင်စိုးဖေ(မြင်းမူ)



လဲပြိုကျခဲ့သော သစ်ပင်ကြီးများကို မီးသတ်တပ်ဖွဲ့ဝင်များက ခုတ်ထွင်ရှင်းလင်းနေစဉ်။

### စဉ့်ကိုင်

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်၌ မေ ၁၈ ရက်က မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ရပ်ကွက်/ ကျေးရွာအချို့တွင် သစ်ပင်သစ်ကိုင်းများကျိုးကျခြင်း၊ ဓာတ်တိုင်များလဲပြိုခြင်း၊ လူနေအိမ်အချို့ အမိုးလန်ပျက်စီးဆုံးရှုံးခြင်းများ ဖြစ်ပွားခဲ့သည်။

တရုတ်စုရပ်ကွက်၌ လူနေအိမ် သုံးလုံး၊ ကြက်များကျေးရွာအုပ်စုတွင် လူနေအိမ်တစ်လုံး၊ ကံဆွယ်ကျေးရွာတွင် လူနေအိမ် လေးလုံး၊ မြောင်းဆုံငယ်ကျေးရွာတွင် လူနေအိမ် တစ်လုံး၊ မြောင်းဆုံကြီးကျေးရွာတွင် လူနေအိမ် သုံးလုံး၊ မုန့်ပေါင်းကျေးရွာတွင် လူနေအိမ်တစ်လုံး၊ သင်္ကန်းကျေးရွာတွင် လူနေအိမ်တစ်လုံး၊ ဥယျာဉ်ကြီးကျေးရွာတွင်လူနေအိမ် သုံးလုံး၊ သိန္နီကုန်းကျေးရွာတွင် လူနေအိမ် သုံးလုံး၊ ဧည့်ပြကျေးရွာတွင် လူနေအိမ်သုံးလုံး စုစုပေါင်း လူနေအိမ် ၂၃ လုံး အမိုးလန်ပျက်စီးခဲ့ခြင်းဖြစ်ပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်းနှင့် လေပြင်းကြောင့် သစ်ပင်သစ်ကိုင်းများ ကျိုးကျမှုနှင့် အိမ်အမိုးလန်ပျက်စီးမှုများအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့ဝင်များ၊ ကျေးရွာပြည်သူများ စုပေါင်း၍ ပြုပြင်ရှင်းလင်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဝင်းဝင်းသန်း(ပြန်/ဆက်)

### ဇမ္ဗူသီရိ

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်တွင် မေ ၂၀ ရက်က မိုးရွာသွန်း၍ လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်တချို့လဲပြိုခဲ့ပြီး လမ်းပိတ်ဆို့မှုများ ဖြစ်ပွားခဲ့သည်။ မိုးရွာသွန်း၍ လေပြင်းတိုက်ခတ်မှုကြောင့် မင်္ဂလာသိဒ္ဓိရပ်ကွက် ကံကော်အိမ်ရာ တိုက်အမှတ် (၂၄၅)၌ မဲ့ဇလီပင် လုံးပတ် ၁၀ ပေ၊ အမြင့်ပေ ၅၀ ခန့် လဲကျ၍ လမ်းပိတ်ဆို့မှုဖြေရှင်းသိဒ္ဓိရပ်ကွက် စံပယ်အိမ်ရာ တိုက်အမှတ် (၂၂)၌ ပိတောက်ပင် လုံးပတ်ခြောက်ပေ၊ အမြင့်ပေ ၃၀ ခန့် လဲကျမှုကြောင့် လမ်းပိတ်ဆို့နေမှု၊ ကံကော်အိမ်ရာ သုတမင်္ဂလာစာကြည့်တိုက်အပေါ် သစ်ပင်လဲကျမှုနှင့် စံပယ်အိမ်ရာ တိုက်အမှတ်(၃၂)၌ လုံးပတ်ပေ ၂၀၊ အမြင့်ပေ ၆၀ ခန့်ရှိ ကုက္ကိုပင် လဲကျမှုများ ဖြစ်ပွားကာ လမ်းပိတ်ဆို့မှုများ ဖြစ်ပွားခဲ့ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမျိုးထွန်း၏ ဦးဆောင်မှုဖြင့် ဇမ္ဗူသီရိမြို့နယ် မီးသတ်ဦးစီးမှူး ဦးဝင်းကျော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေး အဖွဲ့များပူးပေါင်းကာ လဲကျနေသော သစ်ပင်များကို ခုတ်ထွင်ရှင်းလင်းခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## အရက်သောက်ရာမှ ရန်ဖြစ်၊ ဇနီးကို ခင်ပွန်းက သတ်ဖြတ်

ကျောင်းကုန်း မေ ၂၁

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ဝက်ချောင်းအုပ်စု ထမင်းဆုပ်ကုန်းကျေးရွာ၌ အရက်ဝိုင်းဖွဲ့သောက်ရာမှ စကားများရန်ဖြစ်ကာ လူသတ်အလောင်းဖျောက်မှု စစ်ဆေးပေါ်ပေါက်ခဲ့ကြောင်း မြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ထမင်းဆုပ်ကုန်းကျေးရွာနေ ဦးခင်ဇော်၏နေအိမ်အနောက်ဘက် ပေ ၈၀ ခန့်အကွာရှိ ရေတွင်းပျက်အတွင်း၌ အမျိုးသမီးအလောင်း တစ်လောင်း တွေ့ရှိရကြောင်း သတင်းအရ မြို့မစခန်းမှူး ဒုရဲမှူး ရန်နိုင်စန်းနှင့် နယ်ထိန်းတပ်ဖွဲ့က သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ဦးခင်ဇော်၏ဇနီး ဒေါ်အေးနွဲ့ (၅၆ နှစ်)ဖြစ်ကြောင်း သိရသည်။ ဦးခင်ဇော်အား မေးမြန်းရာတွင် မေ ၁၇ ရက်က ၎င်း၏နေအိမ်၌ ဦးခင်ဇော်၊ ဒေါ်အေးနွဲ့နှင့် ပျော်ဘွယ်ကုန်းရွာနေ အောင်နိုင်ငွေတို့ သုံးဦးသည် ဝိုင်းဖွဲ့အရက်သောက်နေစဉ် အရက်ကုန်သွားသဖြင့် လင်မယားချင်း စကားများ ရန်ဖြစ်ကြရာမှ ဦးခင်ဇော်က ဒေါ်အေးနွဲ့အား သတ်ဖြတ်ခဲ့ကြောင်း ပေါ်ပေါက်သဖြင့် ကျောင်းကုန်းမြို့မရဲစခန်းက ခင်ဇော် (၅၈ နှစ်) နှင့် အောင်နိုင်ငွေ (၃၃ နှစ်)တို့အား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

## မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် မေ ၂၁

**မူးယစ်ဆေးဝါးအန္တရာယ် တားဆီးရေးအတွက် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များသည် မြို့နယ်အသီးသီးတွင် ဖမ်းဆီးမှုများ ဆောင်ရွက်လျက်ရှိရာ မေ ၁၉ ရက်တွင် မြို့နယ်အချို့၌ မူးယစ်ဆေးဝါးနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိကြောင်း သိရသည်။**

နေပြည်တော်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၉ ရက်တွင် တပ်ကုန်းမြို့နယ် ရွှေမောင်းဂွတ်ကျေးရွာအုပ်စု သုံးလမ်းဆုံကျေးရွာနေ မမာစန်း၏ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၄,၂၀၀ ကိုလည်းကောင်း၊

မြစ်ကြီးနားမြို့နယ် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ ပူးပေါင်းအဖွဲ့သည် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်ရှိ Toyota Mark-X မော်တော်ယာဉ်ပေါ်မှ ဝေဖြိုးသူနှင့် မသင်းလှဲ့မွန်(ခ) အကြီး(ခ) ငယ်ငယ် တို့ထံမှ ဘိန်းဖြူ ဝ ဒသမ ၄၄ ကီလိုကိုလည်းကောင်း၊

ကော့ကရိတ်မြို့နယ် မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် တံတားကျိုးကျေးရွာရှိ ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် မခိုင်သင်းနွယ် (ခ) နော်အလိုက် မောင်းနှင်ပြီး မလေးခွန်၊ မသူဇာမိုး(ခ) မိုးမိုးနှင့် မနန်းညွှန့်ညွန့်တင်(ခ)နန်းမူတို့ လိုက်ပါလာသော HONDA Airwave မော်တော်ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၇၈၀၀၀ ကိုလည်းကောင်း၊

မိုးကုတ်မြို့နယ် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ပူးပေါင်းအဖွဲ့သည် မိုးကုတ်မြို့ ရွှေဘုံသာရပ်ကွက်နေ အောင်ဆန်းဝင်း၏ နေအိမ်မှ ဘိန်းဖြူ ဝ ဒသမ ၄၉ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၃၈၀၀ ကိုလည်းကောင်း၊

မူဆယ်မြို့ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့ ကောင်းမှုဘုံရပ်ကွက် နမ့်မော်ဟွေ့လမ်းနေ မအားထွမ်၏ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ နှင့် ဘိန်းဆီခဲ ဝ ဒသမ ၇ ကီလိုကိုလည်းကောင်း ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

အဆိုပါ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသူများအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

## ကသာမြို့၌ လူနေအိမ် နှစ်လုံး မီးလောင်မှုဖြစ်ပွား

ကသာ မေ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့ အမှတ်(၅)ရပ်ကွက် (၁)လမ်းတွင် ယမန်နေ့က အိမ်နောက်ဖေး မီးဖိုချောင်၌ ထင်းမီးဖိုဖြင့် ထမင်းအိုးတည်ရာမှ မီးစတင်လောင်ကာ လူနေအိမ် နှစ်လုံး မီးလောင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုကို ကသာခရိုင် မီးသတ်ဦးစီးမှူး ဦးစိုးထွန်းနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ဖြိုးသူတို့ ဦးစီးသည့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများက ငြိမ်းသတ်ခဲ့ရာ ည ၈ နာရီတွင် မီးငြိမ်းခဲ့ကြောင်း၊ မီးလောင်မှုကြောင့် လူနှင့်တိရစ္ဆာန် ထိခိုက်သေဆုံးမှုမရှိကြောင်း၊ မီးလောင်မှုနှင့်ပတ်သက်၍ အိမ်ပိုင်ရှင်များအား ကသာမြို့မ ရဲစခန်း၌ အမှုဖွင့်ထားကြောင်း ခရိုင်မီးသတ်ဦးစီးဌာနမှ သိရသည်။

ခရိုင်(ပြန်/ဆက်)

# ကမ္ဘာ့နိုင်ငံများတွင် ကျင့်သုံးလျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းဥပဒေကျင့်ဝတ်စည်းကမ်းများတွင် နိုင်ငံရေးဆိုင်ရာဘက်လိုက်မှုမရှိရေးနှင့် ပါတီနိုင်ငံရေးကင်းရှင်းရေးတို့နှင့်စပ်လျဉ်း၍ လေ့လာဆန်းစစ်ခြင်း

အငြိမ်းစားဝန်ထမ်းဟောင်းတစ်ဦး (UCSB)

- **ဝန်ထမ်းများအနေဖြင့် နိုင်ငံသားအားလုံး၏ အခြေခံအခွင့်အရေးအရ မိမိတို့ ကြိုက်နှစ်သက်ရာပါတီကို လွတ်လပ်စွာမဲပေးရွေးချယ်ခွင့် ရှိသော်လည်း ဝန်ထမ်း၏အခြေခံကျင့်ဝတ်ဖြစ်သော ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ မပါဝင်သည့် အဂတိတရားကင်းရှင်းစွာ ပေးအပ်သောတာဝန်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ခြင်းဖြင့် မျှတ၍ ဂုဏ်သိက္ခာရှိသော နိုင်ငံ့ဝန်ထမ်းများဖြစ်လာနိုင်မည်**
- **နိုင်ငံ့ဝန်ထမ်းအနေဖြင့် ပြည်ထောင်စုတိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားစေနိုင်သည့် နိုင်ငံရေး၊ လူမျိုးရေးနှင့် ဘာသာရေးဆိုင်ရာကိစ္စရပ်များအပေါ် ပုတ်ခတ်ပြောဆိုခြင်း၊ စော်ကားခြင်း၊ စည်းရုံးပြောဆိုခြင်းများကို ရှောင်ကြဉ်ရန် အထူးလိုအပ်**

*(ယမန်နေ့မှအဆက်)*

### ဖိလစ်ပိုင်သမ္မတနိုင်ငံ

**ဖိလစ်ပိုင်သမ္မတနိုင်ငံ**တွင် "နိုင်ငံရေးအရ ရွေးချယ်ခြင်းခံထားရသူအား ၎င်း၏ နိုင်ငံရေးရာထူးသက်တမ်းအတွင်း မည်သည့်အစိုးရရုံး (သို့မဟုတ်) မည်သည့်အစိုးရရာထူး၌မဆို ခန့်အပ်ခြင်းမပြုရန်၊ မည်သည့်ရွေးကောက်ပွဲတွင်မဆို ရှုံးနိမ့်သည့် ကိုယ်စားလှယ်လောင်းကို **ရွေးကောက်ပွဲအပြီး တစ်နှစ်အတွင်း အစိုးရရုံး (သို့မဟုတ်) အစိုးရပိုင် (သို့မဟုတ်) အစိုးရထိန်းချုပ်မှုအောက်ရှိ လက်အောက်ခံ မည်သည့်ရုံးတွင်မဆို ခန့်အပ်ခြင်းမပြုရန်**၊ နိုင်ငံ့ဝန်ထမ်း (သို့မဟုတ်) တပ်မတော်သားများအနေဖြင့် မည်သည့်ပါတီနိုင်ငံရေး လှုပ်ရှားမှုတွင်မဆို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်းမပါဝင်ရန်၊ မိမိတို့၏ တရားဝင်အခွင့်အာဏာ (သို့မဟုတ်) ဩဇာသက်ရောက်မှုကို ရွေးကောက်ပွဲ၌ အသုံးမပြုရန်၊ **နိုင်ငံ့ဝန်ထမ်းများအနေဖြင့် လက်ရှိနိုင်ငံရေးပြဿနာများ (သို့မဟုတ်) နိုင်ငံရေးအခြေအနေများအပေါ် မိမိ၏အမြင်များအား ထုတ်ဖော်ပြောဆိုခြင်းကို တားမြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မဲထည့်ခြင်းမှလွဲ၍ နိုင်ငံရေးလှုပ်ရှားမှုများတွင် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း မပါဝင်ရန်၊ မည်သည့်ရွေးကောက်ပွဲတွင်မဆို ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုရန်**" သတ်မှတ်ပြဋ္ဌာန်းထားပါသည်။

### ပါကစ္စတန်နိုင်ငံ

ပါကစ္စတန်နိုင်ငံတွင် "နိုင်ငံ့ဝန်ထမ်းများအနေဖြင့် **နိုင်ငံရေးနှင့်စပ်လျဉ်းသော လှုပ်ရှားမှုများ၌ ကူညီဆောင်ရွက်ခြင်းနှင့် ထောက်ခံအားပေးခြင်း မပြုရန်ဖြစ်ကြောင်း၊** ဝန်ထမ်းအနေဖြင့် ၎င်း၏ **အုပ်ထိန်းမှုအောက်ရှိ မှီခိုသူများအားလည်း အစိုးရမှ သတ်မှတ်ပြဋ္ဌာန်းထားသော ဥပဒေနှင့် ငြိစွန်းသော လှုပ်ရှားမှုများအား ထောက်ခံခြင်း၊ ပါဝင်ခြင်း၊ သွယ်ဝိုက်သောနည်းလမ်းဖြင့် ပါဝင်ခြင်းမပြုရန် တားမြစ်ရမည်ဖြစ်ကြောင်း၊** ပါကစ္စတန်နိုင်ငံအတွင်း၌ဖြစ်စေ၊ အခြားမည်သည့်နေရာတွင်ဖြစ်စေ ကျင်းပသော ရွေးကောက်ပွဲများ၌ ပါဝင်ခြင်း၊ ချိတ်ဆက်ဆောင်ရွက်ခြင်း၊ လွှမ်းမိုးခြင်း၊ စွက်ဖက်ခြင်း၊ မဲဆွယ်စည်းရုံးခြင်းတို့ကို ဆောင်ရွက်ခွင့်မပြုကြောင်း၊ **နိုင်ငံ့ဝန်ထမ်းအနေဖြင့် ၎င်းအပေါ် မှီခိုသူ မိသားစုဝင်များအား နိုင်ငံရေးအသင်းအဖွဲ့များ ဖွဲ့စည်းတည်ထောင်ခြင်း (သို့မဟုတ်) နိုင်ငံရေးအသင်းအဖွဲ့၌ အဖွဲ့ဝင်အဖြစ်ပါဝင်ခြင်းကဲ့သို့သော နိုင်ငံရေးဖောက်ဖျက်ကျူးလွန်ခြင်းအား မပါဝင်ရန် တားမြစ်ရမည်ဖြစ်ကြောင်း**" သတ်မှတ်ပြဋ္ဌာန်းထားပါသည်။

### မော်လ်ဒိုက်နိုင်ငံ

**မော်လ်ဒိုက်နိုင်ငံ**တွင် "နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံရေးနှင့် ပတ်သက်ဆက်နွယ်သည့် မည်သည့်အပြုအမူမျှ မပြုလုပ်ရသည့်အပြင် နိုင်ငံ့ဝန်ထမ်းတစ်ဦးသည် အစိုးရနှင့်သော်လည်းကောင်း၊ ပြည်သူလူထုနှင့်သော်လည်းကောင်း၊ ဝန်ထမ်းအချင်းချင်း ဆက်သွယ်ဆောင်ရွက်ရာတွင်လည်းကောင်း၊ ဝန်ထမ်းသစ်ရာထူးခန့်ထားရွေးချယ်ရာတွင်လည်းကောင်း၊ ဝန်ထမ်းများအား ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေရာတွင်လည်းကောင်း နိုင်ငံရေးအရ လွှမ်းမိုးမှုနှင့် ၎င်းတို့၏ အကျိုးတစ်စုံတစ်ရာအတွက် ဆက်နွယ်မှုမရှိစေရဟူ၍လည်းကောင်း၊ ၎င်းအပြင် **ဝန်ထမ်းများ ရွေးချယ်ခန့်ထားရာတွင်** နိုင်ငံရေးနှင့် ဆက်နွယ်သည့် မည်သည့်ပါတီဝင်ကမျှ လူတွေ့မေးမြန်းခွင့်မရှိစေရဟူ၍ လည်းကောင်း၊ ဝန်ထမ်းများကို ထုတ်ပယ်ခြင်း၊ ထုတ်ပစ်ခြင်းတို့ ဆောင်ရွက်ရာတွင်လည်း နိုင်ငံရေးအရ လွှမ်းမိုးမှု မရှိစေရဟူ၍လည်းကောင်း၊ ဝန်ထမ်းများသည် ရုံးချိန်အတွင်း နိုင်ငံရေးဆိုင်ရာ အကြောင်းအရာများကို ဆွေးနွေးပြောဆိုခြင်းများ ပြုလုပ်ပါက နှုတ် (သို့မဟုတ်)စာဖြင့်သတိပေးခြင်းပြုလုပ်မည်ဖြစ်ပြီး ထပ်မံကျူးလွန်လာပါက ရာထူးအဆင့်လျှော့ချခြင်း၊ ရာထူးရပ်ဆိုင်းခြင်း၊ ရာထူးမှထုတ်ပယ်ခြင်းအထိ ပြုလုပ်နိုင်သည်ဟူ၍လည်းကောင်း" ပြဋ္ဌာန်းထားပါသည်။

### နီပေါနိုင်ငံ

နီပေါနိုင်ငံတွင် "နိုင်ငံ့ဝန်ထမ်းတစ်ဦးအနေဖြင့် ဘာသာရေး၊ လူမှုရေးနှင့် နိုင်ငံရေး စသည်တို့နှင့် ပတ်သက်၍ ခွဲခြားမှုမပြုလုပ်ရန်၊ နိုင်ငံ့ဝန်ထမ်းသည် နိုင်ငံရေးပါတီ/ အဖွဲ့အစည်းများတွင် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပါဝင်ခွင့်မရှိရသည့်အပြင် ဝန်ထမ်းသည် ရွေးကောက်ပွဲတွင် ၎င်း၏လက်ရှိရာထူးအနွယ်ကို အသုံးပြု၍ ပါတီတစ်ရပ်ကို ထောက်ခံခြင်း၊ ဆန့်ကျင်ခြင်းလည်း မပြုရသကဲ့သို့ ပါတီတစ်ခုကို ထောက်ခံခြင်း (သို့မဟုတ်) ဆန့်ကျင်ခြင်းမပြုရန် နိုင်ငံ့ဝန်ထမ်း (သို့မဟုတ်) ၎င်းတို့၏ မိသားစုဝင်များအနေဖြင့် ပြည်သူပိုင်ပစ္စည်းများကို လွဲမှားစွာအသုံးပြုခြင်းနှင့် ယင်းသို့ ဖြစ်စေနိုင်မှုတို့ကို တားမြစ်ရန်၊ နိုင်ငံရေးတွင် ပါဝင်ပတ်သက်ပါက အဆိုပါနိုင်ငံ့ဝန်ထမ်းကို လက်ရှိရာထူးတာဝန်မှ ထုတ်ပယ်ခြင်း (သို့မဟုတ်) ထုတ်ပစ်ခြင်း ဆောင်ရွက်ရန်" ပြဋ္ဌာန်းထားပါသည်။

### အာရပ်စော်ဘွားများပြည်ထောင်စု

အာရပ်စော်ဘွားများပြည်ထောင်စုတွင် "နိုင်ငံ့ဝန်ထမ်းများသည် ဘက်လိုက်မှုမရှိဘဲ ကြားနေအဖြစ် တာဝန်ထမ်းဆောင်ရမည် ဖြစ်သည့်အပြင် ရုံးချိန်အတွင်းနှင့် ရုံးချိန်ပြင်ပတို့တွင် နိုင်ငံရေးဆိုင်ရာယူဆချက်များ၊ ဘာသာရေးဆိုင်ရာ ယုံကြည်ချက်များနှင့် ဓလေ့ထုံးစံများကို စော်ကားခြင်း၊ အလွဲသုံးစားပြုခြင်းမှ ရှောင်ကြဉ်ကြရန်"ဟု ပြဋ္ဌာန်းထားပါသည်။

အိုမန်နိုင်ငံတွင် "နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မည်သည့်နိုင်ငံရေးလှုပ်ရှားမှုတွင်မဆို ပါဝင်ခြင်းမှ တားမြစ်သည်"ဟု ပြဋ္ဌာန်းထားပါသည်။

အာဖရိကနိုင်ငံ **ကင်ညာ**တွင် "**ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးဆောင်ရွက်ခြင်းနှင့် ယင်းပါတီ၏ အကျိုးစီးပွားဆောင်ရွက်မှု တစ်စုံတစ်ရာကိုမျှ ဆောင်ရွက်ခြင်းမပြုဘဲ နိုင်ငံရေးဆိုင်ရာ ဘက်လိုက်မှုကိုရှောင်ကြဉ်၍** ဝန်ထမ်း၏ စောင့်ထိန်းရမည့် ဝတ္တရားအတိုင်း စည်းကမ်းတကျ ပြုမူဆောင်ရွက်ရမည်" ဟု ပြဋ္ဌာန်းထားပါသည်။

### အိုင်ယာလန်နိုင်ငံ

ဥရောပနိုင်ငံဖြစ်သည့် **အိုင်ယာလန်နိုင်ငံ**တွင် "**နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မည်သည့်နိုင်ငံရေး လှုပ်ရှားမှုတွင်မှ မပါဝင်ခြင်းဖြင့် နိုင်ငံ့ဝန်ထမ်းကဏ္ဍ၏ ပြယုဂ်ဖြစ်သည့် နိုင်ငံရေးဆိုင်ရာ ဘက်လိုက်မှု ကင်းရှင်းခြင်းအား ပြည်သူများဘက်မှ ယုံကြည်မှု ခိုင်မာစေရေး ဆောင်ရွက်ကြရန်၊ တာဝန်အရဆောင်ရွက်ရခြင်းမှအပ အခြားမည်သို့သောစကားဝိုင်းများ (ဥပမာအနေဖြင့် သတင်းစာ၌ စာရေးခြင်း၊ တီဗွီနှင့် ရေဒီယို အစီအစဉ်များတွင်ပါဝင်ခြင်း စသည်များ) မပါဝင်ရန်**"တားမြစ်ထားပါသည်။

### ယူကရိန်းနိုင်ငံ

အခြားဥရောပနိုင်ငံဖြစ်သည့် ယူကရိန်းနိုင်ငံတွင်လည်း "**နိုင်ငံ့ဝန်ထမ်းအနေဖြင့် ပါတီနှင့် နီးနွယ်ခြင်းနှင့် နိုင်ငံရေးဆိုင်ရာသဘောထားအမြင်များအား ပါဝင်၍ မပြောဆိုခြင်းဖြင့် ဘက်မလိုက်သော အပြုအမူဖြင့် တာဝန်ထမ်းဆောင်ရန်၊ ဆန္ဒပြပွဲများ၌ ပါဝင်ခြင်းနှင့် စည်းရုံးကြီးမှူးခြင်းတို့၌ ပါဝင်ခြင်း မပြုရန်၊ တာဝန်ထမ်းဆောင်ချိန်တွင် ပါတီတစ်ခုအပေါ် ရည်ရွယ်ထားရှိသည့် မိမိ၏သဘောထားအမြင်ကို ထုတ်ဖော်ပြောဆိုခြင်းကဲ့သို့သော အပြုအမူများကိုဆောင်ရွက်ခြင်း မပြုရန်**" ပြဋ္ဌာန်းထားရှိပါသည်။

အဆိုပါလေ့လာတွေ့ရှိချက်များအရ ဖော်ပြပါနိုင်ငံများတွင် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးဆောင်ရွက်မှုများအပေါ် တားမြစ်ခြင်းနှင့် ကန့်သတ်ခြင်းတို့ရှိသည်ကို တွေ့မြင်နိုင်ပြီး ယင်းအကြောင်းတရားမှာ နိုင်ငံတော်၏အုပ်ချုပ်ရေး ယန္တရားလည်ပတ်မောင်းနှင်ရသော နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေး ဆောင်ရွက်ပါက နိုင်ငံတော်၏ မူလဦးတည်ရာ နိုင်ငံတော်၏မူဝါဒပိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မညီညွတ်မှုနှင့် အငြင်းပွားမှုများ ဖြစ်ပေါ်လာနိုင်ပါသည်။ သို့ဖြစ်ရာ ဒီမိုကရေစီစနစ် တိုးတက်ထွန်းကားပြီးသည့် အမေရိကန်ပြည်ထောင်စု၊ ယူနိုက်တက်ကင်းဒမ်း၊ အိုင်ယာလန်၊ ဂျပန်၊ အိန္ဒိယနှင့် ကိုရီးယားသမ္မတနိုင်ငံတို့၌ပင်လျှင် နိုင်ငံ့ဝန်ထမ်းများ ပါတီနိုင်ငံရေးဆောင်ရွက်ခွင့်ကို တားမြစ်သည့် ပြဋ္ဌာန်းချက်များအား သတ်မှတ်ထားခြင်းဖြစ်ပါသည်။ ဒီမိုကရေစီစနစ် သက်တမ်းနုသော ဖွံ့ဖြိုးဆဲနိုင်ငံများဖြစ်သည့် အာရပ်စော်ဘွားများပြည်ထောင်စု၊ နီပေါ၊ ပါကစ္စတန်၊ မော်လ်ဒိုက်၊ ကင်ညာနှင့် ယူကရိန်း စသောနိုင်ငံများတွင်မူ တည်ဆောက်ဆဲဒီမိုကရေစီ မဏ္ဍိုင် ပြိုလဲမသွားစေရေး နိုင်ငံ့ဝန်ထမ်းများ၏ အဓိကတာဝန်ဖြစ်သည့် အမျိုးသားအကျိုးစီးပွားနှင့် မူဝါဒပိုင်းတို့အား စနစ်တကျ အကောင်အထည်ဖော်နိုင်ရန်အလို့ငှာ နိုင်ငံ့ဝန်ထမ်းများ ပါတီနိုင်ငံရေး ဆောင်ရွက်ခွင့်ကို တင်းကျပ်စွာတားမြစ်ထားကြောင်း လေ့လာတွေ့ရှိရပါသည်။

### မျှတ၍ ဂုဏ်သိက္ခာရှိသော နိုင်ငံ့ဝန်ထမ်းများ ဖြစ်လာနိုင်

ယင်းအချက်သည် မြန်မာနိုင်ငံ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ ဥပဒေပုဒ်မ ၁၀(ဆ)တွင် ပါရှိသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် "ပါတီနိုင်ငံရေးကင်းရှင်းရမည်" ဟူသည့်အချက်နှင့် ကိုက်ညီမှုရှိသည်ကို တွေ့ရှိရပါသည်။ ဝန်ထမ်းများအနေဖြင့် နိုင်ငံသားအားလုံး၏ အခြေခံအခွင့်အရေးအရ မိမိတို့ကြိုက်နှစ်သက်ရာပါတီကို လွတ်လပ်စွာမဲပေးရွေးချယ်ခွင့်ရှိသော်လည်း ဝန်ထမ်း၏အခြေခံကျင့်ဝတ်ဖြစ်သော ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ မပါဝင်သည့် အဂတိတရားကင်းရှင်းစွာ ပေးအပ်သောတာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ခြင်းဖြင့် မျှတ၍ ဂုဏ်သိက္ခာရှိသော နိုင်ငံ့ဝန်ထမ်းများဖြစ်လာနိုင်မည်ဖြစ်ပါသည်။

ထို့ပြင် မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း ၁၃၅ မျိုး နေထိုင်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ပြည်တွင်းစစ် အရှည်ကြာဆုံးဖြစ်ပွားခဲ့သည့် နိုင်ငံတစ်ခုပင်ဖြစ်ရာ နိုင်ငံ့ဝန်ထမ်းအနေဖြင့် ပြည်ထောင်စု တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားစေနိုင်သည့် နိုင်ငံရေး၊ လူမျိုးရေးနှင့် ဘာသာရေးဆိုင်ရာကိစ္စရပ်များအပေါ် ပုတ်ခတ်ပြောဆိုခြင်း၊ စော်ကားခြင်း၊ စည်းရုံးပြောဆိုခြင်းများကို ရှောင်ကြဉ်ရန် အထူးလိုအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ဝန်ထမ်းများအားလုံး သစ္စာအဓိဋ္ဌာန် (၆)ချက်နှင့်အညီ စောင့်ထိန်းလိုက်နာကျင့်သုံးခြင်းဖြင့် ပါတီနိုင်ငံရေးကင်းရှင်းသည့် နိုင်ငံ့ဝန်ထမ်းကောင်းများ ဖြစ်စေရန် စီမံဆောင်ရွက်ထားပါသည်။ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် တာဝန်ထမ်းဆောင်နေသည့် ကာလတစ်လျှောက်တွင် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထားပြီး နိုင်ငံတော်၏အုပ်ချုပ်ရေးယန္တရား အဆက်မပြတ်လည်ပတ်နိုင်ရေး ဝန်ထမ်းသစ္စာအဓိဋ္ဌာန် (၆)ချက်ကို ဦးထိပ်ထား၍ ဆောင်ရွက်ရမည်ဖြစ်ရာ နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုက်နာကြရမည် ဖြစ်ပါသည်။

*စာမျက်နှာ ၁၁ သို့*

## ပညာရေးဒီဂရီကောလိပ်များ၌ ဘွဲ့ကြို၊ ဘွဲ့လွန် သင်တန်းများကို (၁၂-၅-၂၀၂၂) ရက်နေ့တွင် စတင်ဖွင့်လှစ်မည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
ကြေညာချက်

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ၊ ဆရာအတတ်ပညာဦးစီးဌာနရှိ ပညာရေးဒီဂရီကောလိပ်များ၌ အောက်ဖော်ပြပါ ဘွဲ့ကြို၊ ဘွဲ့လွန် သင်တန်းများကို (၁၂-၅-၂၀၂၂) ရက်နေ့တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာလိုက်သည် -

(က) အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ

- (၁) ၂၀၁၉-၂၀၂၀ ပညာသင်နှစ် - ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်နှင့်ဂုဏ်ထူးတန်း ပထမနှစ်သင်တန်းများ
- (၂) ၂၀၂၁-၂၀၂၂ ပညာသင်နှစ် - ပဉ္စမနှစ် ဥပဒေပညာ၊ပဉ္စမနှစ် ပညာရေးနှင့် ဂုဏ်ထူးတန်း တတိယနှစ် သင်တန်းများ(ဖွင့်လှစ်ဆဲ)
- (၃) ၂၀၂၁-၂၀၂၂ ပညာသင်နှစ် - မဟာအရည်အချင်းစစ်သင်တန်းနှင့် မဟာဘွဲ့သင်တန်းများ (ဖွင့်လှစ်ဆဲ)
- (၄) ၂၀၂၂-၂၀၂၃ ပညာသင်နှစ် - ပထမနှစ်သင်တန်းများ (၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ)

(ခ) ဆရာအတတ်ပညာဦးစီးဌာနရှိ ပညာရေးဒီဂရီကောလိပ်များ

- (၁) ၂၀၁၉-၂၀၂၀ ပညာသင်နှစ် - ပထမနှစ် သင်တန်းများ
- (၂) ၂၀၂၂-၂၀၂၃ ပညာသင်နှစ် - ပထမနှစ်သင်တန်းများ (၂၀၂၀ ပြည့်နှစ်တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ)

(ဂ) ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပထမနှစ်သင်တန်းများအတွက် ကျောင်းအပ်လက်ခံခြင်းကို (၁၈-၄-၂၀၂၂) ရက်နေ့မှ စတင်လက်ခံလျက်ရှိသည်။

ပညာရေးဝန်ကြီးဌာန

## ၂၀၂၂ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲအတွက် ဖိတ်ခေါ်ခြင်း

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၂၂ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင် ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ကို **"တစ်ခုတည်းသော ကမ္ဘာမြေ (Only One Earth)"** ဆောင်ပုဒ်ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ကျွန်ုပ်တို့သည် သဘာဝတရားနှင့်အညီ ရေရှည်တည်တံ့ခိုင်မြဲစွာ နေထိုင်ရန်နှင့် မူဝါဒများနှင့် တစ်ဦးချင်းစီ၏ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေစွာ နေထိုင်နိုင်မည့် နည်းလမ်းရွေးချယ်မှုများမှတစ်ဆင့် ပိုမိုစိမ်းလန်းသော နေထိုင်မှုပုံစံသို့ အသွင်ကူးပြောင်းနိုင်ရေးအတွက် ဖြစ်နိုင်သမျှ ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ယခုနှစ်ဆောင်ပုဒ်မှ တိုက်တွန်းထားပါသည်။ ယခုနှစ်ဆောင်ပုဒ်၏ တိုက်တွန်းနှိုးဆော်ချက်များကို ပြည်သူများ သိရှိလိုက်နာဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ **"တစ်ခုတည်းသော ကမ္ဘာမြေ (Only One Earth)"** ခေါင်းစဉ်ဖြင့် အလွတ်တန်းဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲများကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ဆုရရှိသူများကို ၂၀၂၂ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်မည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ဆုချီးမြှင့်သွားမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူများအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။ စာမူများအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ရုံးအမှတ် (၅၈)၊ နေပြည်တော်၊ ဖုန်း- ၀၆၇-၄၃၁၃၂၉၊ အီးမေးလ် hr.env.ecd@gmail.com သို့ ၂၀၂၂ ခုနှစ် မေလ (၁၂) ရက်၊ ကြာသပတေးနေ့ နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့နိုင်ပြီး အသေးစိတ် အချက်အလက်များကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန Website (www.ecd.gov.mm) နှင့် Facebook Page (Environmental Conservation Department-ECD) တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း အသိပေးအပ်ပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

## တိမ်အနည်းငယ် ဖြစ်ထွန်း

နေပြည်တော် မေ ၂၁

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

## ရေကြောင်းသတိပေးချက်

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO INTETNATIONAL Corpopation (Myanmar E&P) သည် ကမ်းလွန်လုပ်ကွက်အမှတ် (A-1) ဧရိယာတွင် SHWE Phase 2 Development Project အရ Offshore Installation Activities လုပ်ငန်းများအား Diving Support Vessel, LICHTENSTEIN (Call Sign: C6DC6) ဖြင့် ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့မှ ၂၀၂၂ခုနှစ် မေလ ၁၅ရက်နေ့အထိ ဆောင်ရွက်မည်ဖြစ်ကြောင်း ရည်ညွှန်းပါစာဖြင့် ညှိနှိုင်းမေတ္တာရပ်ခံခဲ့ပြီးဖြစ်သည်။ သို့ရာတွင် အဆိုပါ နေ့ရက်တွင် လုပ်ငန်းများ မပြီးပြတ်သေးပါသဖြင့် ၂၀၂၂ ခုနှစ် မေလ ၁၆ ရက်နေ့မှ ၂၀၂၂ ခုနှစ် ဇွန်လ ၃၀ ရက်နေ့အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ Offshore Installtion Activities လုပ်ငန်းများ ဆောင်ရွက်မည့် ဧရိယာအကျယ်အဝန်းများကို ဖော်ပြသည့် Coordinate များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| Point | Latitude | Longitude |
|---|---|---|
| A | 19˚ 51' 41.115 " N | 92˚ 24' 04.340 " E |
| B | 19˚ 51' 41.759 " N | 92˚ 33' 27.202 " E |
| C | 19˚ 39' 52.762 " N | 92˚ 33' 29.159 " E |
| D | 19˚ 39' 51.136 " N | 92˚ 24' 06.988 " E |

၃။ ကမ်းလွန်လုပ်ကွက်အမှတ် (A-1) ဧရိယာတွင် Shwe Phase 2 Development Project အရ Offshore Installation Activities လုပ်ငန်းများအား Diving Support Vessel, LICHTENSTEIN (Call Sign: C6DC6) ဖြင့် ၂၀၂၂ ခုနှစ် မေလ ၁၆ ရက်နေ့မှ ၂၀၂၂ ခုနှစ် ဇွန်လ ၃၀ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ တည်နေရာများမှ ၄ ကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရန် ရေကြောင်းသတိပေးချက် (Notice to Mariners) အား ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

သတင်းစဉ်

## လောက်ကိုင်မြို့၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် သင်ရိုးသစ် (Grade – 5) ဗဟိုအဆင့်နည်းပြ သင်တန်းဖွင့်လှစ်

လောက်ကိုင် မေ ၂၁

ရှမ်းပြည်နယ် မြောက်ပိုင်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ခန်းမ၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် သင်ရိုးသစ် (Grade- 5) ဗဟိုအဆင့်နည်းပြ သင်တန်းကို အွန်လိုင်းစနစ်ဖြင့် မေ ၂၀ ရက်က စတင်ဖွင့်လှစ်လျက်ရှိသည်။

သင်တန်းတွင် လောက်ကိုင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမ ၁၂ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းတွင် နေ့အလိုက် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သိပ္ပံ၊ လူမှုရေး၊ စာရိတ္တနှင့် ပြည်သူ့နီတိ၊ ကာယပညာ စသည့် ဘာသာရပ်များကို ပို့ချလျက်ရှိသည်။

သင်တန်းကာလမှာ မေ ၂၀ ရက်မှ ၂၅ ရက်အထိဖြစ်ပြီး သင်ရိုးသစ် (Grade-5) ဗဟိုအဆင့် နည်းပြသင်တန်းကို အွန်လိုင်းစနစ်ဖြင့် ပို့ချလျက်ရှိသည်။ ယခုတက်ရောက်ပြီးသော ဆရာ ဆရာမ ၁၂ ဦးတို့က မေ ၁၀ ရက်မှ ၁၃ ရက်အထိ လောက်ကိုင်မြို့နယ်အတွင်းရှိ မူလတန်းပြ ဆရာ ဆရာမ ၁၈၇ ဦးအား ပြန်လည်ပို့ချပေးမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူး ဦးမြင့်အောင်ထံမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ညောင်ရွှေမြို့၌ အခြေခံပညာမူလတန်းဆင့် သင်ရိုးသစ်ဗဟိုအဆင့် နည်းပြသင်တန်းဖွင့်

ညောင်ရွှေ မေ ၂၁



ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ်၌ အခြေခံပညာ မူလတန်းဆင့် (Grade-5) သင်ရိုးသစ် ဗဟိုအဆင့် နည်းပြသင်တန်းကို မေ ၂၀ ရက်က မြို့နယ်ပညာရေးမှူးရုံး ခန်းမ၌ ဖွင့်လှစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းကို ပညာရေး သုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနက အွန်လိုင်းစနစ်ဖြင့် ပို့ချလျက်ရှိပြီး သင်တန်းတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သိပ္ပံ၊ လူမှုရေး၊ စာရိတ္တနှင့် ပြည်သူ့နီတိ၊ ကာယပညာဘာသာရပ်များ သင်ကြားပို့ချမည်ဖြစ်ကာ သင်တန်းသို့ မြို့နယ်အတွင်းရှိ အခြေခံပညာ ကျောင်းများမှ မူလတန်းကျောင်းအုပ် ၆၂ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ မေ ၂၀ ရက်မှ ၂၅ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

နေမျိုးသူရိန်

## စဉ့်ကိုင်မြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ စုပေါင်းသန့်ရှင်းရေး ပြုလုပ်

နေပြည်တော် မေ ၂၁

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် နတ်ရေကန်ကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်း (ခွဲ) ၌ ယနေ့နံနက်ပိုင်းက အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ကျောက်ဆည်တပ်နယ်မှ နယ်မြေခံတပ်မတော်သားများက ကျောင်းဝင်းအတွင်း အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြောင်း သိရသည်။

သတင်းစဉ်

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဧပြီ ၂၁

**အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများ အပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ်(၁၆)ရပ်ကွက်၊ အမှတ်(၃၇)နေ ဝတ်ရည်နိုင်သည် ၎င်းအသုံးပြုသည့် “Wutt Yee Naing” Facebook အကောင့်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ်၊ (က)ရပ်ကွက်နေ စိုးမိုးအောင်(ခ)မိုးအောင်သည် ၎င်းအသုံးပြုသည့် “Soe Moe Aung” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ) ရပ်ကွက်နေ အောင်ကိုကိုသည် ၎င်းအသုံးပြုသည့် “Aung Ko Ko” Facebook အကောင့်နှင့် နေပြည်တော်ကောင်စီနယ်မြေ၊ ဒက္ခိဏသီရိမြို့နယ်၊ ရွာမကျေးရွာနေ ကျော်ဇင်ဦးသည် ၎င်းအသုံးပြုသည့် “Kyaw Zin Oo” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရပါသည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ ဆိုင်ကယ်အပိုပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ် ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၂၁**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဧပြီ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ရခိုင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပြည်နယ်သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ကုတ်မြို့နယ်နှင့် ဂွမြို့နယ်တို့အတွင်း တရားမဝင်သစ်မျိုးစုံ (၆ ဒသမ ၁၈၂၈)တန်၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၂၇၉၆) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ထို့ပြင် ဧပြီ ၁၇ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မြန်မာအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း (သီလဝါ) ၌ တာဝန်ကျအကောက်ခွန်အဖွဲ့က ဦးဆောင်၍ ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် အလှကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၁၆၅၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဧပြီ ၁၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် လှည်းကူးမြို့နယ် သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ကျောက်အိုင်ကျေးရွာလမ်း မိုင်တိုင်အမှတ် (၀/၃) အနီး၌ တရားမဝင် ကျွန်းပါကေး အကြမ်းတုံး (၀ ဒသမ ၆၃၇၆) တန်၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၁၂၈၀) နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် IPSUM အမျိုးအစား မော်တော်ယာဉ် တစ်စီး၊ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၅၀၀၀၀၀၀)၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၅၁၉၁၂၈၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မြန်မာစက်မှုဆိပ်ကမ်း ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ တာဝန်ကျ အကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဧပြီ ၁၉ ရက်၌ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားခြင်းမရှိသော Photo Album မျိုးစုံနှင့် ရက်ကန်းအထည်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၃၃၄၀၀) ကိုလည်းကောင်း၊ ဧပြီ ၂၀ ရက်တွင် သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားခြင်းမရှိသော လူသုံးကုန်ပစ္စည်းများ၊ အဝတ်အထည်များနှင့် လျှပ်စစ်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၈၀၀၀၀၀) ကိုလည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် ဧပြီ ၂၁ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် တောင်ငူခရိုင်များအတွင်း တရားမဝင် ကျွန်းသစ်ခွဲသား (၃ ဒသမ ၀၄၈၂)တန်(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၄၄၆၀)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဧပြီ ၁၇ ရက်၊ ၁၈ ရက်၊ ၁၉ ရက်၊ ၂၀ ရက်နှင့် ၂၁ ရက် တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၂ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၀၃၆၉၃၆) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# အင်းတော်မြို့နယ်၌ ငွေကျပ်သိန်း ၅၉၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၂၁**

အင်းတော်မြို့နယ်တွင် ငွေကျပ်သိန်း ၅၉၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၂၀ ရက် ညနေ ၄ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ကြာအင်းကျေးရွာအနီး ရွှေဘို-မြစ်ကြီးနား သွားကားလမ်းတွင် မန္တလေးမှ မိုးညှင်းဘက်သို့ ချမ်းသာ မောင်းနှင်လာသော NISSAN DIESEL ၁၂ ဘီး မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၅၉၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၈၃၀၀၀၊ ဘိန်းဖြူ ၁၂ ဒသမ ၄၇၄ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများကို မန္တလေးတိုင်းဒေသကြီးမှ ကချင်ပြည်နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

■ *ကျောဖုံးမှ*

မိုင်တိုင်အမှတ် ၄၁ မိုင် ၁ ဖာလုံနှင့် ၄၁ မိုင် ၂ ဖာလုံအကြား၌ PDF အကြမ်းဖက်အဖွဲ့က ထောင်ထားသည့် လက်လုပ်မိုင်းပေါက်ကွဲမှုဖြစ်ပွား၍ ကိုရင်ငယ် နှစ်ပါး သေဆုံးကာ ကိုရင်ငယ်တစ်ပါး ဒဏ်ရာရရှိခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက် စစ်ဆေးခဲ့ရာ စစ်ကိုင်းမြို့နယ် ဆားတောင်မြို့ မြင်းကွဲရပ်ကွက်နေ ရှင်ပညာနန္ဒ (ခ) ပိုင်သူချစ် (၁၃) နှစ် (ဘ) ဦးကြည်မိုး၊ ရှင်သောနန္ဒ (ခ) ဟိန်းဝေယံ (၁၁) နှစ် (ဘ) ဦးသာနော နှင့် သိမ်းချောင်းကျေးရွာနေ ရှင်ဓမ္မနန္ဒ (ခ) ဖြိုးမောင်မောင် (၁၀) နှစ် (ဘ) ဦးအောင်ငွေစိုးတို့သည် သိမ်းချောင်းကျေးရွာအတွင်း ဆွမ်းခံ၍ ၎င်းတို့သီတင်းသုံး နေထိုင်သည့် သိမ်းချောင်း ကျေးရွာရှိ စန္ဒာရုံဘုန်းတော်ကြီးကျောင်းသို့ ခြေကျင်ပြန်လာစဉ် PDF အကြမ်းဖက်အဖွဲ့ ထောင်ထားသည့် လက်လုပ်မိုင်း တစ်လုံး ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် ရှင်ဓမ္မနန္ဒ (ခ) ဖြိုးမောင်မောင် (၁၀) နှစ်နှင့် ရှင်သောနန္ဒ (ခ) ဟိန်းဝေယံ (၁၁)နှစ် တို့တွင် မိုင်းစထိမှန် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ပြီး ရှင်ပညာနန္ဒ (ခ) ပိုင်သူချစ် (၁၃) နှစ်တွင် မိုင်းစထိမှန် ဒဏ်ရာများ ရရှိခဲ့သဖြင့် ဆေးကုသနိုင်ရေး စစ်ကိုင်းမြို့ ပြည်သူ့ဆေးရုံသို့



ပို့ဆောင်ထားရှိကြောင်း သိရသည်။

ဖြစ်စဉ်တွင် သာသနာ့အနွယ်ဝင် ကိုရင်ငယ်များအား သေဆုံးထိခိုက်ဒဏ်ရာရရှိစေခဲ့သူ အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေခံတပ်မတော်စစ်ကြောင်းများနှင့်ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဆယ်စုနှစ်အတွင်း အလုပ်အကိုင်ပေါင်း ၁၂၆ သန်း ဖန်တီးပေးရန် ကမ္ဘာ့ခရီးသွားကဏ္ဍမျှော်လင့်

**မနီလာ မေ ၂၁**

ကမ္ဘာတစ်ဝန်း ၁၀ နှစ်အတွင်း အလုပ်အကိုင်ပေါင်း ၁၂၆ သန်းနီးပါး ဖန်တီးပေးရန် ကမ္ဘာ့ခရီးသွားကဏ္ဍက မျှော်လင့်ထားကြောင်း ဖိလစ်ပိုင်မြို့တော်၌ မေ ၂၁ ရက်က ထုတ်ပြန်လိုက်သော အစီရင်ခံစာတွင် ကမ္ဘာ့ခရီးသွားလုပ်ငန်းကောင်စီ (ဒဗ်ဗလျူတီတီစီ) က ဖော်ပြလိုက်သည်။

နှစ်နှစ်ကြာ ကပ်ရောဂါမှ ကမ္ဘာ့စီးပွားရေး ပြန်လည်ဖွံ့ဖြိုးတိုးတက်လာရန် ခရီးသွားကဏ္ဍသည် မောင်းနှင်အားတစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း ဒဗ်ဗလျူတီတီစီ၏ နောက်ဆုံးထုတ်ပြန်လိုက်သောစီးပွားရေးသက်ရောက်မှု အစီရင်ခံစာတွင် ဖော်ပြထားသည်။

ခရီးသွားကဏ္ဍ၏အသားတင်ထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ) သည် ၂၀၂၂ ခုနှစ်မှ ၂၀၃၂ ခုနှစ်ကြားနှစ်စဉ်ပျမ်းမျှအားဖြင့် ၅ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်လာမည်ဖြစ်ကြောင်း အဆိုပါအစီရင်ခံစာက ခန့်မှန်းထားသည်။

ဒဗ်ဗလျူတီတီစီ ဥက္ကဋ္ဌနှင့် အမှုဆောင် အရာရှိချုပ်ဖြစ်သူ ဂျူလီယာ ဆင်ဆန်က ဖိလစ်ပိုင်နိုင်ငံ မနီလာတွင် ကျင်းပပြုလုပ်ခဲ့သော ကမ္ဘာ့ခရီးသွားလုပ်ငန်းညီလာခံတွင် အလုပ်အကိုင်အခွင့်အလမ်းဖန်တီးမှု သုံးခုတွင်တစ်ခုမှာ ခရီးသွားလုပ်ငန်းနှင့် ပတ်သက်နေလိမ့်မည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အာရှနှင့် ပစိဖိတ်ဒေသတစ်ဝန်း ခရီးသွားကဏ္ဍသည် သိသိသာသာ တိုးတက်လာမည်ဖြစ်ပြီး လာမည့်ဆယ်စုနှစ်ကျော်ကာလတွင် အလုပ်အကိုင်အသစ်ပေါင်း ၇၇ သန်းနီးပါး ဖန်တီးနိုင်လိမ့်မည်ဟု အဆိုပါ အစီရင်ခံစာတွင် ခန့်မှန်းဖော်ပြထားသည်။

ဆင်ဟွာ



ကမ္ဘာ့ခရီးသွားပြည်သူများ ပုံမှန်လာရောက်လည်ပတ်လေ့ရှိသော အိန္ဒိယနိုင်ငံ အာဂရာရှိ နာမည်ကျော်တက်ဂျ်မဟာကို တွေ့ရစဉ်။

# တောင်ကိုရီးယားနိုင်ငံ၌ နေ့စဉ် ကိုဗစ်-၁၉ ကူးစက်မှုနှုန်း လျော့နည်းကျဆင်း

**ဆိုးလ် မေ ၂၁**

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီနှင့် နှိုင်းယှဉ်လျှင် မေ ၂၀ ရက် သန်းခေါင်ယံအထိ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၉၀၈၆၇ ဦးတွေ့ရှိလာသဖြင့် ကိုဗစ်-၁၉ ကူးစက်ခံရသူ စုစုပေါင်းမှာ ၁၆၆၇၄၀၄၅ ဦးအထိ ရှိလာကြောင်း ကျန်းမာရေးအာဏာပိုင်များက မေ ၂၁ ရက်က ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သော ရက်သတ္တပတ်က ကိုဗစ်-၁၉ နေ့စဉ်ကူးစက်မှုနှုန်းမှာ ၁၄၈၄၂၅ ဦးရှိ၍ ပြီးခဲ့သည့် ရက်က ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၁၁၃၁၉ ဦး လျော့နည်းလာကြောင်း ကိုရီးယားရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးအေဂျင်စီ (KDCA) ၏ ဖော်ပြချက်အရ သိရသည်။ တောင်ကိုရီးယားနိုင်ငံ၌ မတ်လလယ်အတွင်း ကိုဗစ်-၁၉ ဗီဇပြောင်းအိုမီခရွန်မျိုးကွဲ BA.2 မှာ လျင်မြန်စွာ ကူးစက်မှုမြင့်တက်လာပြီးနောက် နေ့စဉ် ကိုဗစ်-၁၉ ကူးစက်မှုနှုန်းမှာ လျော့နည်းကျဆင်းလာသည်ဟု ကျန်းမာရေးအာဏာပိုင်များက ယုံကြည်ခဲ့သည်။

တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်သူများအနက် ၃၁ ဦးမှာ ပြည်ပပြန်ကူးစက်ခံရသူများဖြစ်ပြီး ပြည်ပပြန် ကိုဗစ်-၁၉ ကူးစက်ခံရသူ စုစုပေါင်း ၃၁၆၆၆ ဦး ရှိလာပြီဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူများအနက် ရောဂါပြင်းထန်သောအခြေအနေတွင်ရှိနေသူ ၈၄၆ ဦးရှိပြီး ပြီးခဲ့သည့်ရက်ကထက် ၃၈ ဦး တိုးလာကြောင်း သိရသည်။ တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၁၄၇ ဦးရှိလာသဖြင့် စုစုပေါင်းသေဆုံးသူပေါင်း ၂၃၆၆၇ ဦး ရှိလာပြီ ဖြစ်သည်။ စုစုပေါင်း သေဆုံးနှုန်းမှာ ၀ ဒသမ ၁၃ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီး သူအရေအတွက်မှာ နိုင်ငံလူဦးရေ၏ ၈၆ ဒသမ ၈ ရာခိုင်နှုန်းရှိ ကြောင်း၊ အပိုဆောင်းကာကွယ်ဆေးထိုးနှံပြီးသူအရေအတွက်မှာ ၆၄ ဒသမ ၄ ရာခိုင်နှုန်းရှိပြီဖြစ်သည်။ **ဆင်ဟွာ**

# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၁၂၀၂၉ ဦးရှိလာ

**ဟနွိုင်း မေ ၂၁**

ဗီယက်နမ်နိုင်ငံ၌ မေ ၂၁ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၁၂၀၂၉ ဦး ရှိလာသဖြင့် မေ ၂၀ ရက်ကထက် ၁၂၄၂ ဦး လျော့နည်းလာကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ဖော်ပြချက်အရ သိရသည်။

ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူများမှာ ပြည်နယ်နှင့် မြို့တော် ၅၉ ခုမှ ကူးစက်ခံရသူများဖြစ်ပြီး နိုင်ငံတွင်းကူးစက်ခံရသူများဖြစ်ကြောင်း သိရသည်။ ဗီယက်နမ်နိုင်ငံ မြို့တော်ဟနွိုင်း၌ မေ ၂၁ ရက်က ကိုဗစ်-၁၉ ကူးစက်ခံရသူ ၉၈၆ ဦးရှိပြီး ဖူသိုပြည်နယ်မြောက်ပိုင်းတွင် ၈၃၆ ဦးနှင့် ကွမ်နင်းပြည်နယ်တွင် ၅၅၀ ကူးစက်ခံရကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ၌ အလယ်ပိုင်းကုန်းမြင့်ဒေသဒက်ခ်နွန် ပြည်နယ်၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၈၅၄၅ ဦးရှိကြောင်း ဒေသတွင်းကျန်းမာရေးအာဏာပိုင်များက မေ ၂၁ ရက်က ပြောကြားသည်။ ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူစုစုပေါင်း ၁၀၅၃၃၁၆၄ ဦးရှိပြီး သေဆုံးသူ စုစုပေါင်း ၄၃၀၈၂ ဦးရှိလာပြီဖြစ်သည်။ ကိုဗစ်-၁၉ ကူးစက်ခံရပြီး ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၉၀၇၆၉၂၇ ဦး ရှိလာပြီဖြစ်သည်။

ဗီယက်နမ်နိုင်ငံအတွင်း အသက် ၁၈ နှစ်နှင့်အထက် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးသူ အရေအတွက်မှာ ၁၉၃ ဒသမ ၂ သန်းခန့် အပါအဝင် ကိုဗစ်-၁၉ ကာကွယ်ဆေး ၂၁၀ ဒသမ ၆ သန်း ထိုးနှံပြီးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြထားသည်။ ဗီယက်နမ်နိုင်ငံသည် ကိုဗစ်-၁၉ အရှိန်အဟုန်ဖြင့် ကူးစက်ဖြစ်ပွားမှု လှိုင်းဂယက် လေးခုကို ရင်ဆိုင်ခဲ့ရသည်။ လက်ရှိ ကိုဗစ်-၁၉ လှိုင်းဂယက်စတင်ဖြစ်ပွားသည့် ၂၀၂၁ ခုနှစ် ဧပြီလမှ စတင်၍ ယနေ့အချိန်အထိ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်း ၁၀ ဒသမ ၅ သန်းကျော်ရှိပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ **ဆင်ဟွာ**

# ဗီယက်နမ်မြို့တော်ဟန္နိုင်း၌ မီးလောင်မှုဖြစ်ပွားခဲ့ရာ ငါးဦးသေဆုံး

**ဟန္နိုင်း မေ ၂၁**

ဗီယက်နမ် မြို့တော်ဟန္နိုင်းတွင် မေ ၂၁ ရက်က မီးလောင်မှုကြောင့် မိသားစုဝင် ငါးဦးသေဆုံးခဲ့ကြောင်း ဒေသတွင်းမီဒီယာများက ဖော်ပြလိုက်သည်။

မီးလောင်မှုသည် ဒွန်ဒါဒေသတွင် ဒေသစံတော်ချိန် နေ့လယ်တစ်နာရီခွဲက ဖြစ်ပွားခဲ့ပြီး သုံးထပ်အိမ်မီးလောင်ခဲ့ခြင်းဖြစ်ကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက မေ ၂၁ ရက်က ဖော်ပြလိုက်သည်။ အိမ်မီးလောင်မှုဖြစ်ပွားချိန်တွင် လူခုနစ်ဦး အိမ်ထဲတွင် ရှိနေခဲ့သော်လည်း နှစ်ဦးမှာ လွတ်မြောက်သွားခဲ့သည်။ မီးလောင်မှုကြောင့် လေးဦးမှာ နေရာတွင်ပင်သေဆုံးခဲ့ပြီး နောက်တစ်ဦးမှာ ဆေးရုံရောက်မှ သေဆုံးခဲ့ခြင်းဖြစ်သည်။

မီးလောင်မှုတွင် အသက် ၇၄ နှစ်အရွယ်အမျိုးသမီးတစ်ဦး၊ အသက် ၃၇ နှစ်အရွယ် သူ့သားနှင့် သားနှင့်အသက်တူ သမီးချွေးမတစ်ဦး အပါအဝင် အသက် တစ်နှစ်နှင့် အသက် ၁၀ နှစ်ရှိ မြေးနှစ်ဦးသေဆုံးခဲ့သည်။ မီးလောင်မှုဖြစ်ပွားသည့်အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိသည်။

ဆင်ဟွာ

# ဖိလစ်ပိုင်မုန်တိုင်းကြောင့် သေဆုံးသူပေါင်း ၂၂၄ ဦးရှိလာပြီး ၁၄၇ ဦး ပျောက်ဆုံးလျက်ရှိ

**မနီလာ မေ ၂၁**

ဖိလစ်ပိုင်နိုင်ငံ၌ အပူပိုင်းမုန်တိုင်း မက်ဂီဝင်ရောက်ခဲ့မှုကြောင့် မြေပြိုမှုနှင့် ရေကြီးမှုဖြစ်ပွားခဲ့သဖြင့် စုစုပေါင်း သေဆုံးသူ ၂၂၄ ဦးရှိကြောင်း အမျိုးသားသဘာဝဘေးလျော့ပါးရေးနှင့် စီမံခန့်ခွဲရေးကောင်စီ (NDRRMC) က မေ ၂၁ ရက်က ပြောကြားသည်။



ဖိလစ်ပိုင်နိုင်ငံ၌ သဘာဝဘေးဒဏ်ကျရောက်ခဲ့သည့် ပြည်နယ်များတွင် ပျောက်ဆုံးသူဦးရေမှာ ၁၄၇ ဦးကျော် ရှိကြောင်း၊ သဘာဝဘေးဒဏ်ကြောင့် ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းတွင် သေဆုံးသူ ၂၂၁ ဦးရှိပြီး နိုင်ငံတောင်ပိုင်းတွင် သေဆုံးသူ သုံးဦးရှိကြောင်း အစိုးရအေဂျင်စီ၏ ကောက်နုတ်ဖော်ပြချက်အရ သိရသည်။ အပူပိုင်းမုန်တိုင်းမက်ဂီကြောင့် ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် ဧပြီ ၁၀ ရက်မတိုင်မီနှင့် နောက်ပိုင်းကာလများတွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့ကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံတစ်ဝန်း မိုးရာသီ၌ အထူးသဖြင့် တိုင်ဖွန်းမုန်တိုင်း ကျရောက်ချိန်၌ မြေပြိုမှုနှင့် ရုတ်တရက်ရေကြီးမှုများမှာ ဖြစ်ပေါ်လေ့ရှိကြောင်း သိရသည်။ ဖိလစ်ပိုင်နိုင်ငံသည် ပစိဖိတ်မီးတောင်ရပ်ဝန်းနှင့် ပစိဖိတ်တိုင်ဖွန်းပတ်လမ်းအတွင်း ကျရောက်နေသဖြင့် ကမ္ဘာပေါ်တွင် သဘာဝဘေးအန္တရာယ် အကျရောက်ဆုံး နိုင်ငံတစ်နိုင်ငံဖြစ်သည်။

နှစ်စဉ် ဖိလစ်ပိုင်နိုင်ငံသို့ ပျမ်းမျှအားဖြင့် တိုင်ဖွန်းမုန်တိုင်း ၂၀ ဝင်ရောက်လေ့ရှိပြီး အချို့သောတိုင်ဖွန်းမုန်တိုင်းမှာ အင်အားပြင်းထန်ပြီး ပျက်စီးဆုံးရှုံးမှုများပြားကြောင်း သိရသည်။ အပူပိုင်းမုန်တိုင်းမက်ဂီမှာ ယခုနှစ်အတွင်း အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံသို့ ပထမဆုံး ဝင်ရောက်တိုက်ခတ်သည့် မုန်တိုင်းဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

# မေ ၂၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၀ တွေ့ရှိ

## ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ မရှိ

(၂၁–၄–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၀–၄–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၁–၄–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၂,၆၅၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၀) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁၆) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၈၇၀,၈၂၂) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၂,၆၉၇) ဦး ရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၂) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၁,၅၄၄) ဦး ရှိပြီ ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၂၁–၄–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၅၅၄) ခု | (၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၀၈) ခု | (၂) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၉၄) ခု | - |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၀) ခု | - |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၃၃) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၂,၀၇၈) ခု | (၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၃၈၁) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈,၁၉၃) ခု | (၅) ဦး |
| စုစုပေါင်း | (၁၂,၆၅၁) ခု | (၂၀) ဦး |

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှုခံယူထားခြင်းဖြင့် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့် အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှုခံယူထားသူများအား ကိုဗစ်–၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် မိဘပြည်သူအားလုံးနှင့် အသက် ၁၂ နှစ် မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၄၀ နှစ် နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော မိဘပြည်သူများအား ထပ်ဆောင်းကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၂၁- ၄ -၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၂၄၈၈၅၁၇ | ၈၀၃၀၉၈၀၄ | ၁၀၁၇၀၉၃ |
| ၂။ | အိန္ဒိယ | ၄၃၀၄၉၉၇၄ | ၄၂၅၁၄၄၇၉ | ၅၂၂၀၆၂ |
| ၃။ | ဘရာဇီး | ၃၀၃၁၁၉၆၉ | ၂၉၃၄၀၈၀၂ | ၆၆၂၄၇၀ |
| ၄။ | ပြင်သစ် | ၂၇၉၇၂၀၁၀ | ၂၅၆၁၈၈၅၈ | ၁၄၄၆၁၄ |
| ၅။ | ဂျာမနီ | ၂၃၇၇၅၅၈၈ | ၂၀၈၅၃၁၀၀ | ၁၃၃၈၉၄ |
| ၆။ | ဗြိတိန် | ၂၁၈၉၀၀၃၇ | ၂၀၅၈၁၂၀၂ | ၁၇၂၃၈၆ |
| ၇။ | ရုရှား | ၁၈၁၁၀၈၆၁ | ၁၇၄၃၇၆၁၀ | ၃၇၄၃၆၈ |
| ၈။ | တောင်ကိုရီးယား | ၁၆၆၇၄၀၄၅ | စိစစ်ဆဲ | ၂၁၆၆၇ |
| ၉။ | အီတလီ | ၁၅၈၅၈၄၄၂ | ၁၄၄၈၉၄၄၄ | ၁၆၂၀၉၈ |
| ၁၀။ | တူရကီ | ၁၅၀၀၇၃၆၄ | ၁၄၇၉၈၂၉၄ | ၉၈၆၂၈ |

## ၂၁-၄-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၁၀၅၀၂၅၉၀ | ၉၀၆၈၂၃၄ | ၄၂၉၈၂ |
| အင်ဒိုနီးရှား | ၆၀၄၂၅၉၅ | ၅၈၅၅၃၆၁ | ၁၅၆၀၁၅ |
| မလေးရှား | ၄၄၀၉၂၀၂ | ၄၂၈၃၀၁၃ | ၃၅၄၆၅ |
| ထိုင်း | ၄၁၀၆၂၃၀ | ၃၈၈၉၉၁၂ | ၂၇၃၉၅ |
| ဖိလစ်ပိုင် | ၃၆၈၃၈၆၅ | ၃၆၀၇၀၃၈ | ၆၀၀၅၆ |
| စင်ကာပူ | ၁၁၇၀၉၇၀ | ၁၁၀၂၂၆၉ | ၁၃၁၉ |
| မြန်မာ | ၆၁၂၆၉၇ | ၅၉၁၅၄၄ | ၁၉၄၃၄ |
| လာအို | ၂၀၃၅၄၅ | ၂၀၁၀၅၇ | ၇၃၀ |
| ဘရူနိုင်း | ၁၄၀၇၂၃ | ၁၃၉၄၀၉ | ၂၁၈ |
| ကမ္ဘောဒီးယား | ၁၃၆၁၄၆ | ၁၃၂၈၅၁ | ၃၀၅၆ |



အပြင်ထွက်တိုင်း
ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို
စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ



တတ်နိုင်သမျှ
အိမ်တွင်သာ
နေပါ

# ကျေးလက်လမ်းများ အဆင့်မြှင့်တင်ခြင်းဖြင့် မကွေးတိုင်းဒေသကြီး ကျေးလက်လူမှုစီးပွားတိုးပွားစေမည်

.......... မေရတနာ ..........

သမ္ဘူလရွာသည် တိုက်နယ်ကျေးရွာတစ်ခုဖြစ်ပြီး လူဦးရေများစွာ၊ အိမ်ခြေများစွာဖြင့် စိုက်ပျိုးရေး ဖြစ်ထွန်းသော ကျေးရွာအုပ်စုတစ်ခုဖြစ်သည်။ အဆိုပါကျေးရွာသည် အောင်လံမြို့နှင့် မနီးမဝေးတွင်သာ တည်ရှိနေသည်။ ထိုသို့ မြို့နှင့်အလှမ်းမဝေးလှသော်လည်း ယခင်က သွားလာရခက်ခဲပြီး စိုက်ပျိုးထွက်ရှိသည့် သီးနှံကိုပင် အောင်လံမြို့သို့ ခက်ခက်ခဲခဲ ပို့ဆောင်ရောင်းချခဲ့ရသည့် အခြေအနေတည်ရှိခဲ့သည်။

**အောင်လံ–ကျောက်ပန်းတောင်း–သမ္ဘူလလမ်း**

မြေသားလမ်းအဖြစ် တည်ရှိခဲ့သည့် အောင်လံ–ကျောက်ပန်းတောင်း–သမ္ဘူလလမ်းကို ကတ္တရာလမ်းအဖြစ် အဆင့်ဆင့် မြှင့်တင်လိုက်သည့်အခါ ထိုလမ်းကို အသုံးပြုသည့် ဒေသခံပြည်သူတို့၏ လူမှုစီးပွားဘဝများသည် ယခင်နှင့်မတူ ကွာခြားလာခဲ့သည်။

မြေသားလမ်းမှတစ်ဆင့် ကျောက်ခင်းလမ်း၊ ကျောက်ခင်းလမ်းမှတစ်ဆင့် ကတ္တရာလမ်းအထိ အဆင့်ဆင့် တိုးတက်ပြောင်းလဲလာပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည့်အတွက် မြို့နယ်အတွင်း ပညာရေး၊ ကျန်းမာရေး အပါအဝင် ဒေသခံကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝများသည် တိုးတက်လာခဲ့ပေပြီ။

"အရင်ကတော့ ကျန်းမာရေး အရေးပေါ်ရင် အချိန်မမီလို့ အသက်ဆုံးရှုံးတာရှိတယ်။ လမ်း



သရက်ခရိုင် အောင်လံမြို့နယ်အတွင်းရှိ အောင်လံ–ကျောက်ပန်းတောင်း–သမ္ဘူလလမ်း။

မကောင်းတော့ ပိုက်ဆံရှိပေမယ့် ကားကောင်းဝယ်စီးလို့မရတဲ့ အခြေအနေပါ။ လမ်းဆိုတာ ဖွံ့ဖြိုးမှုကို ညှိပေးတယ်ဆိုတာ တကယ်မှန်ပါတယ်။ အခုဆို ပဲရောင်းရောင်း၊ နှမ်းရောင်းရောင်း၊ ဘာကိစ္စရှိရှိ မြို့နဲ့ နေ့ချင်းပြန် သွားလာလို့ရနေပြီ။ အောင်လံသွားမလား၊ ပြည်သွားမလား၊ လမ်းပေါက်တော့ ခရီးတွင်သလို တခြား ပညာရေး၊ ကျန်းမာရေးလည်း မခက်ခဲတော့ဘူး"ဟု စမ်းကလေး(ရေတွင်းစု) ကျေးရွာတွင် နေထိုင်သည့် ဦးဝင်းမင်းသန်းက ပြောသည်။



မကွေးခရိုင် မြို့သစ်မြို့နယ်ရှိ မကြီးချို–မြို့သစ်–(တောင်းတွင်းကြီး–မြို့သစ်–နတ်မောက်) ကတ္တရာလမ်း ။

မကွေးတိုင်းဒေသကြီး သမ္ဘူလတိုက်နယ် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာနေပြည်သူများသည် အောင်လံမြို့နှင့် ၂၂ မိုင်ခန့်သာ ကွာဝေးသော်လည်း ယခင်က လမ်းကြောင့် အလှမ်းဝေးနေခဲ့သည်။ မိုးတွင်းကာလ၌ ဒေသထွက်ကုန်များနှင့် ကုန်စည်များ ရောင်းဝယ်ဖောက်ကားကြရာတွင်လည်း ရွှံ့စေးဆန်သော မြေသားလမ်းကြောင့် ခရီးဖင့်ခဲ့ကြသည်။

"လမ်းပန်းဆက်သွယ်ရေးကောင်းရင် ကျန်တဲ့ အရေးကြီးကဏ္ဍတွေဖြစ်တဲ့ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးက အတူဖွံ့ဖြိုးလာမှာဖြစ်ပါတယ်။ ကျေးလက်နေပြည်သူတွေ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရင် ရာသီပေါ်သီးနှံတွေကို အချိန်မီ ဈေးကွက်ကိုပို့နိုင်ပြီး စီးပွားရေး တိုးတက်လာမယ်။ စီးပွားရေးတိုးတက်လာတာနဲ့အမျှ တခြားကဏ္ဍတွေလည်း ဆက်စပ်ပြီး တိုးတက်လာမှာဖြစ်ပါတယ်"ဟု မကွေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းစန်းလှိုင်က ပြောသည်။

မကွေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနသည် အောင်လံ– ကျောက်ပန်းတောင်း– သမ္ဘူလလမ်းကို ၁၂ပေအကျယ် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၁၇– ၂၀၁၈ ဘဏ္ဍာနှစ်မှ ၂၀၂၁– ၂၀၂၂ ခြောက်လ ဘဏ္ဍာနှစ်အထိ ကတ္တရာလမ်းသစ်နှင့် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရှေ့ပြေးစီမံကိန်း**

ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနသည် ကျေးလက်လမ်းများဆောင်ရွက်ရာတွင် လမ်းဦးစီးဌာနလမ်းများနှင့် ချိတ်ဆက်သည့် ကျေးလက်လမ်းများ၊ မြို့နှင့်ကျေးရွာ ဆက်သွယ်သည့် ကျေးလက်လမ်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အတွင်း ဗျူဟာမြောက်အရေးပါသည့် ပြည်သူလူထု အသုံးပြုမှုများသည့် လမ်းများကို ရှေ့ပြေးစီမံကိန်း (Pilot Project) ရွေးချယ်ဆောင်ရွက်ခဲ့ကာ ဒေသလူမှုစီးပွားများတိုးတက်အောင် အထောက်အကူပြုနိုင်ခဲ့သည်။

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်ရှိ အလယ်ရိုးမပေါ်တွင် တည်ရှိသော ကျေးရွာများနှင့် အောင်လံမြို့သို့ ဆက်သွယ်သော အောင်လံ–ကျောက်ပန်းတောင်း – သမ္ဘူလလမ်းကို Pilot Project အနေဖြင့် ရွေးချယ်ကာ ၂၀၁၉– ၂၀၂၀ ဘဏ္ဍာနှစ်မှစ၍ လမ်းပိုင်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

"ဒီလမ်းကို ပထမဦးစားပေး Pilot Project အနေနဲ့ နှစ်စဉ် အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ၂၀၁၇– ၂၀၁၈ ဘဏ္ဍာနှစ်မှ ၂၀၂၁–၂၀၂၂ ခြောက်လဘဏ္ဍာနှစ်အထိ ခြောက်မိုင်ကို ကတ္တရာလမ်းအဖြစ်လည်းကောင်း၊ ၁၅ မိုင် ၄ဖာလုံကို ကတ္တရာထပ်ပိုးလွှာအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သလို ဒီလမ်းပိုင်းအတွင်းလိုအပ်တဲ့ ကွန်ကရစ်တံတား လေးစင်း၊ Box Culvert ၁၄ စင်း၊ ဘေလီတံတား တစ်စင်းတို့ကို ရန်ပုံငွေ ကျပ်သန်းပေါင်း ၃၇၄၅ ဒသမ ၄၅၀ သန်းနဲ့ ရာခိုင်နှုန်းပြည့်ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်" ဟု ညွှန်ကြားရေးမှူးက ရှင်းပြသည်။

"အောင်လံ– ကျောက်ပန်းတောင်း– သမ္ဘူလလမ်း ၂၂ မိုင် ၇ ဖာလုံကို ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပြီးတဲ့အခါ ဒီလမ်းပျက်စီးမှု နည်းပါးစေဖို့ ထိန်းသိမ်းသွားရမှာဖြစ်ပါတယ်။ လမ်းပေါ်ကို လှည်းတွေ သွားလာတာ၊ တန်ပိုယာဉ်တွေ ဖြတ်သန်းတာတွေ မရှိစေဖို့ ဒေသခံပြည်သူတွေနဲ့ ပူးပေါင်းထိန်းသိမ်းသွားမှာဖြစ်ပါတယ်။ ဒီအတွက် သတိပေးဆိုင်းဘုတ်တွေ စိုက်ထူပြီး၊ လမ်းပျက်စီးမှု ဖြစ်ပေါ်ခဲ့တဲ့ အပိုင်းတွေကို ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေတွေနဲ့ ဘဏ္ဍာနှစ်အလိုက် ပြုပြင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ညွှန်ကြားရေးမှူးက ဆက်လက်ပြောကြားသည်။

နိုင်ငံအတွင်းရှိ ကျေးရွာများ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်စေရန် အခြေခံလိုအပ်ချက် တစ်ခုဖြစ်သည့် ကျေးလက်လမ်း၊ တံတားများ ကောင်းမွန်ရေးကို ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ရည်မှန်းဆောင်ရွက်လျက်ရှိပြီး ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနကို ၂၀၁၇ ခုနှစ် ဇူလိုင် ၂၁ ရက်က ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၁၄/၂၀၁၇)တွင် အသစ်တိုးချဲ့ဖွဲ့စည်းရန် သဘောတူခွင့်ပြုခဲ့ခြင်း ဖြစ်သည်။

**ကျေးလက်လမ်းများ ဖွံ့ဖြိုးရေးမဟာဗျူဟာ**

ထိုကဲ့သို့ နိုင်ငံအတွင်းရှိ ကျေးလက်ဒေသလမ်း၊ တံတားများ တိုးတက်ရေး ဆောင်ရွက်ရာတွင်

*စာမျက်နှာ ၁၇ သို့*

- ❊ **နိုင်ငံအတွင်းရှိ ကျေးလက်ဒေသလမ်း၊ တံတားများ တိုးတက်ရေးဆောင်ရွက်ရာတွင် အမျိုးသားအဆင့်ကျေးလက်လမ်းများ ဖွံ့ဖြိုးရေးမဟာဗျူဟာကို ရေးဆွဲထားရှိပြီး ၂၀၃၀ ပြည့်နှစ်၌ မြန်မာနိုင်ငံရှိ ကျေးရွာအားလုံး၏ ၈၀ ရာခိုင်နှုန်းနှင့် နိုင်ငံအတွင်းရှိ ကျေးလက်လူဦးရေ၏ ၉၀ ရာခိုင်နှုန်းသည် ရာသီမရွေးသွားလာနိုင်သည့် ကျေးလက်လမ်းများ အသုံးပြုနိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်**
- ❊ **အဆိုပါ ရည်မှန်းချက်နှင့်အညီ မကွေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနသည် တိုင်းဒေသကြီးအတွင်း ကျေးလက်လမ်း၊ တံတားများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ ကျေးရွာစုစုပေါင်း ၄၇၈၈ ရွာရှိ လမ်းအရှည် စုစုပေါင်း ၁၂၀၂၀ ဒသမ ၄၁၄ ကီလိုမီတာကို ထိန်းသိမ်းအဆင့်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိပြီး လက်ရှိတွင် ရာသီမရွေးသွားလာနိုင်သည့် ကျေးရွာ ၁၁၇၀ ရှိနေပြီဖြစ်သည်**

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်လှူဒါန်းခြင်းများ ဆောင်ရွက်

**နေပြည်တော် မေ ၂၁**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်ရှိ သန္တိသုခကျောင်းတိုက်သို့လည်းကောင်း၊ ကရင်ပြည်နယ် မြဝတီမြို့နယ်ရှိ သစ္စာနန်းမြိုင်ကျောင်းတိုက်သို့လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ သာသနာ့ရောင်ခြည်ကျောင်းတိုက်သို့လည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ မဟာဝိသုတာရာမ ပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ အနောက်ခင်မကန်ကျောင်းတိုက်သို့လည်းကောင်း၊ ရှမ်းပြည်နယ် တာချီလိတ်မြို့နယ်ရှိ မဟာဂန္ဓာရုံသဒ္ဓမ္မဝိဟာရ သာမဏေကျော် စာသင်တိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့/ဦးစီးဌာနများမှ သက်ဆိုင်ရာ နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး/ပြည်နယ်တို့ရှိ တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**






## ဆိပ်ကြီးခနောင်တိုမြို့နယ်ရှိ ဒေသခံပြည်သူများကို အိန္ဒိယအစိုးရက ပေးပို့လှူဒါန်းသည့် ဆန်နှင့်ဂျုံအိတ်များ ပေးအပ်

**နေပြည်တော် မေ ၂၁**

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ဆိပ်ကြီးခနောင်တိုမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို အိန္ဒိယအစိုးရက ပေးပို့လှူဒါန်းသည့် ဆန်နှင့်ဂျုံအိတ်များကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒလတပ်နယ်မှ တပ်နယ်မှူး ဗိုလ်မှူးချုပ် အေးမင်းထွေးနှင့် တာဝန်ရှိသူများက ဒေသခံပြည်သူများ၏လက်ဝယ်အရောက် သွားရောက် ပေးအပ်လှူဒါန်းကြသည်။**(အပေါ်ပုံ)**

ထိုသို့ ပေးအပ်လှူဒါန်းရာတွင် ဆိပ်ကြီးခနောင်တိုမြို့နယ် ရပ်ကွက်ကိုးရပ်ကွက်ရှိ ဒေသခံပြည်သူ အိမ်ထောင်စု ၂၄၂၅ စုအတွက် ဆန်အိတ် ၂၄၂၅ အိတ်ကိုလည်းကောင်း၊ အိမ်ထောင်စုတစ်စုလျှင် ဂျုံတစ်ကီလိုဂရမ်နှုန်းဖြင့် အိမ်ထောင်စု ၂၄၂၅ စု အတွက် ဂျုံအိတ် ၆၀ ကိုလည်းကောင်း ပြည်သူများ လက်ဝယ်အရောက် ပေးအပ် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အိန္ဒိယအစိုးရက လှူဒါန်းသည့် ဆန်နှင့် ဂျုံများကို သိုလှောင်ရုံများအတွင်းစနစ်တကျထားရှိ

**နေပြည်တော် မေ ၂၁**

အိန္ဒိယအစိုးရက မြန်မာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှု အထောက်အပံ့အဖြစ် လှူဒါန်းသည့် ဆန်နှင့်ဂျုံများကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် စက်ဆန်းရပ်ကွက်ရှိ သိုလှောင်ရုံများအတွင်း၌ စနစ်တကျထားရှိ၍ ပြည်သူများ၏လက်ဝယ်အရောက် ဖြန့်ဝေပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန် တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



*စာမျက်နှာ ၁၆ မှ*

အမျိုးသားအဆင့်ကျေးလက်လမ်းများ ဖွံ့ဖြိုးရေးမဟာဗျူဟာကို ရေးဆွဲထားရှိပြီး ၂၀၃၀ ပြည့်နှစ်၌ မြန်မာနိုင်ငံရှိ ကျေးရွာအားလုံး၏ ၈၀ ရာခိုင်နှုန်းနှင့် နိုင်ငံအတွင်းရှိ ကျေးလက်လူဦးရေ၏ ၉၀ ရာခိုင်နှုန်းသည် ရာသီမရွေးသွားလာနိုင်သည့် ကျေးလက်လမ်းများ အသုံးပြုနိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ရည်မှန်းချက်နှင့်အညီ မကွေးတိုင်းဒေသကြီး ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနသည် တိုင်းဒေသကြီးအတွင်း ကျေးလက်လမ်း၊ တံတားများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ ကျေးရွာစုစုပေါင်း ၄၇၈၈ ရွာရှိ လမ်းအရှည် စုစုပေါင်း ၁၂၀၂၀ ဒသမ ၄၁၄ ကီလိုမီတာကို ထိန်းသိမ်းအဆင့်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိပြီး လက်ရှိတွင် ရာသီမရွေးသွားလာနိုင်သည့် ကျေးရွာ ၁၁၇၀ ရှိနေပြီဖြစ်သည်။

**ဘဏ္ဍာနှစ်အလိုက် အဆင့်မြှင့်တင်**

"တိုင်းဒေသကြီးထဲမှာ ခြောက်သွေ့ရာသီမှ သွားလာနိုင်တဲ့ ကျေးရွာကတော့ ၃၅၁၃ ရွာရှိပါတယ်။ ရာခိုင်နှုန်းအားဖြင့်ဆိုရင် ၇၃ ရာခိုင်နှုန်းကတော့ ခြောက်သွေ့ရာသီမှ သွားလာနိုင်ပြီးတော့ ရွာအားလုံးရဲ့ ၂၇ ရာခိုင်နှုန်းက ရာသီမရွေးသွားလာနိုင်နေပါပြီ။ ကျန်တဲ့ရွာတွေအတွက် ဘဏ္ဍာနှစ်အလိုက် အဆင့်မြှင့်တင် ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်" ဟု ညွှန်ကြားရေးမှူးက ပြောသည်။

မကွေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနသည် ဌာနစတင်ဖွဲ့စည်းခဲ့သည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ကျေးလက်လမ်းအနေဖြင့် ကွန်ကရစ်လမ်း ၁၇ ဒသမ ၇၂၈ ကီလိုမီတာ၊ ကတ္တရာလမ်း ၂၆၈ ဒသမ ၄၂၉ ကီလိုမီတာ၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း ၁၃ ဒသမ ၀၇၄ ကီလိုမီတာ၊ ကျောက်ချောလမ်း ၁၄၂ ဒသမ ၇၁၂ ကီလိုမီတာ၊ အမာခံလမ်း ၅၀၉၁ ဒသမ ၁၆၃ ကီလိုမီတာ၊ မြေသားလမ်း ၈၉၇ ဒသမ ၀၁ ကီလိုမီတာ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့အတူ ကျေးလက်ဒေသများတွင် ကွန်ကရစ်တံတား ၁၄၄ စင်း၊ သစ်သားတံတား ခြောက်စင်း၊ ဘေလီတံတား ၆၈ စင်း၊ Box Culvert ၉၁၇ စင်း၊ ရေကျော် ၂၅၅ စင်း၊ အခြား ၁၇၀ စုစုပေါင်း တံတား ၁၅၆၀ ကို အကောင်အထည်ဖော်နိုင်ခဲ့သည်။

အလားတူ ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ ကျေးလက်လမ်းအနေဖြင့် ကွန်ကရစ်လမ်း ၂ ဒသမ ၆၁၄ ကီလိုမီတာ၊ ကတ္တရာလမ်း ၅၇ ဒသမ ၉၄ ကီလိုမီတာ၊ ကျောက်ချောလမ်း ၅ ဒသမ ၉၅၂ ကီလိုမီတာ၊ အမာခံလမ်း ၄၁၆ ဒသမ ၃၃၆ ကီလိုမီတာ၊ မြေသားလမ်း ၁၅ ဒသမ ၂၈၆ ကီလိုမီတာ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့အတူ ကျေးလက်ဒေသများတွင် ကွန်ကရစ်တံတား ၁၃ စင်း၊ ဘေလီတံတား သုံးစင်း၊ Box Culvert ၁၁၄ စင်း၊ ရေကျော် ၄၃ စင်း၊ အခြား ၁၀ စင်း စုစုပေါင်း တံတား ၁၈၃ စင်းကို အကောင်အထည်ဖော်နိုင်ခဲ့သည်။

"မကွေးတိုင်းဒေသကြီးအတွင်းမှာ ကျေးလက်လမ်းအနေနဲ့ လွှမ်းခြုံမိဖို့ ဆက်လက်လုပ်ဆောင်ရမယ့်လမ်းတွေရှိပါသေးတယ်။ ငဖဲ၊ စေတုတ္တရာ၊ သရက်၊ ကံမ၊ မင်းတုန်း၊ ဂန့်ဂေါ၊ ထီးလင်းနဲ့ ဆော မြို့နယ်တွေထဲက ကျေးရွာချင်းဆက်လမ်းတွေ၊ လမ်းဦးစီးဌာနက ဆောင်ရွက်တဲ့ မြို့နယ်ချင်းဆက်လမ်းကို ကျေးရွာကနေဆက်သွယ်တဲ့ လမ်းတွေကို နှစ်စဉ်ဘဏ္ဍာနှစ်အလိုက် အကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်" ဟု ညွှန်ကြားရေးမှူးက ပြောသည်။

အချုပ်အားဖြင့်ဆိုရလျှင် မကွေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အနေဖြင့် ကျေးလက်လမ်း၊ တံတားများကို ရာသီမရွေးသွားလာနိုင်သော လမ်းများအဖြစ် အဆင့်မြှင့်တင်ကာ ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဖော်ဆောင်ပေးသွားမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။



မကွေးခရိုင် ချောက်မြို့နယ်ရှိ မြေနီလိန်-စွယ်ပေါက်ကုံ-(ချောက်-မကွေး) ကတ္တရာလမ်း။

# ပခုက္ကူမြို့နယ်၌ ကိုဗစ် - ၁၉ ကာကွယ်ဆေးပထမအကြိမ် ထိုးနှံပြီးသူ ၁၄၀၀၀၀ ကျော်နှင့် အပြည့်အဝထိုးနှံပြီးသူ ၈၆၀၀၀ ကျော်ရှိ



**ပခုက္ကူ မေ ၂၁**
တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ အပါအဝင် အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူများနှင့် အကျဉ်းသား၊ အကျဉ်းသူများအား ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိသည်။(ယာပုံ)

ပခုက္ကူမြို့နယ်၌ အသက် ၁၈ နှစ်နှင့်အထက် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် အကျုံးဝင်သူ ၂၃၈၉၈၁ ဦးရှိပြီး ၂၀၂၁ ခုနှစ် မတ် ၁၁ ရက်မှ စတင်ပြီး ဦးစားပေးအဆင့် အလိုက်ထိုးနှံပေးလျက်ရှိရာ ၂၀၂၂ ခုနှစ် မေ ၂၁ ရက်အထိ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပြီးသူ ၁၄၆၃၀၆ ဦး၊ နှစ်ကြိမ်ထိုးနှံပြီးသူ ၈၆၃၃၄ ဦး ရှိပြီဖြစ်ကြောင်း မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးမှ သိရသည်။

မြို့နယ်အတွင်းရှိ အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများ အားလုံး ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေး ရာနှုန်းပြည့် ထိုးနှံပေးနိုင်ရေးအတွက် မြို့ပေါ် ရပ်ကွက်များရှိ ပြည်သူများအတွက် ဆေးထိုးအဖွဲ့ ခုနစ်ဖွဲ့နှင့် ကျေးရွာအုပ်စုများရှိ ပြည်သူများအတွက် ဆေးထိုးအဖွဲ့ ၁၄ ဖွဲ့တို့ဖြင့် မတ် ၉ ရက်မှစတင်ကာ တစ်ရက်လျှင် ပျမ်းမျှလူဦးရေ ၄၈၀၀ ခန့်အထိ ကွင်းဆင်းထိုးနှံပေးလျက်ရှိကြောင်း မြို့နယ် ကိုဗစ် - ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမိုးကျော်သူက ပြောသည်။

ခရိုင်
(ပြန်/ဆက်)

# ဘားအံမြို့၌ ကိုဗစ် - ၁၉ ရောဂါကာကွယ်ဆေး ဆက်လက်ထိုးနှံပေးလျက်ရှိ

**ဘားအံ မေ ၂၁**
ကရင်ပြည်နယ် ဘားအံမြို့၌ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ဘားအံမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာများတွင် ကာကွယ်ဆေးများ ထိုးနှံရန်အတွက် စုရပ် ၁၁ နေရာတွင် ယနေ့နံနက်ပိုင်းမှစတင်၍ ထိုးနှံပေးလျက်ရှိသည်။ **(အောက်ပုံ)**

ကာကွယ်ဆေးထိုးနှံပေးရာတွင် စုရပ်နေရာများဖြစ်သည့် အမှတ်(၉) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးနှင့် အမှတ်(၆)ရပ်ကွက် ဒေသန္တရဆေးပေးခန်း၊ ဂျိုင်းကျေးရွာ၊ ရသေ့ပျံကျေးရွာ၊ ကော့စိန်ဘန်(အထက်)ကျေးရွာ၊ ဝဲကြီးကျေးရွာ၊ နောင်ကမြိုင်ကျေးရွာ၊ ကော့ရင်းအောက်ကျေးရွာ၊ မုက္ကဒိကျေးရွာ၊ ကော့ကျိုက်(ဖအွံ့) ကျေးရွာနှင့် လှာကဒေါင်ကျေးရွာတို့တွင် ကာကွယ်ဆေးမထိုးနှံရသေးသည့် အသက် ၁၅ နှစ်နှင့် ၁၈ နှစ်ကြား ပြည်သူများ၊ အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများကို ပထမအကြိမ် ထိုးနှံပေးခြင်း၊ ကာကွယ်ဆေးတစ်ကြိမ်ထိုးနှံပြီးသည့် အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအား ဒုတိယအကြိမ်ထိုးနှံပေးခြင်း၊ ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးသည့် ခြောက်လပြည့် အသက် ၄၀ နှစ်နှင့်အထက် ပြည်သူများအား ထပ်ဆောင်း ကိုဗစ် - ၁၉ ရောဂါကာကွယ်ဆေးများကို စုရပ်များအလိုက် ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# ကျုံပျော်မြို့နယ်၌ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးမထိုးနှံရသေးသူများအား ဆက်လက်ထိုးနှံ

**ကျုံပျော် မေ ၂၁**
ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ကိုဗစ် - ၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု ရာနှုန်းပြည့် လွှမ်းခြုံနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ အသက် ၁၈ နှစ်နှင့်အထက် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေး မထိုးနှံရသေးသူများအား ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ကျုံပျော်တွင် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးသူ ကျောင်းသားကျောင်းသူ ၇၀၆၄ ဦးနှင့် ပြည်သူ ၁၅၆၇၀၀ ကျော်ရှိပြီး မြို့ပေါ်ရှိ စာသင်တိုက်များတွင် သီတင်းသုံးနေထိုင်တော်မူကြသော အသက် ၁၅ နှစ်နှင့် ၁၈ နှစ်ကြားရှိ ရှင်သာမဏေနှင့် သီလရှင်များကိုလည်း Sinovac ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိသည်။ လက်ရှိတွင် မြို့နယ်အတွင်း တိုက်နယ်အသီးသီးမှ အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး မထိုးနှံရသေးသူများကို လိုက်လံထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# သထုံမြို့နယ်၌ အသက် ၁၅ နှစ်မှ ၁၈ နှစ်အတွင်းရှိသူများအား ကိုဗစ် - ၁၉ ကာကွယ်ဆေး ဆက်လက်ထိုးနှံ

**သထုံ မေ ၂၁**
မွန်ပြည်နယ် သထုံမြို့နယ်တွင် အသက် ၁၅ နှစ်မှ ၁၈ နှစ်အတွင်းရှိ ရှင်သာမဏေများ၊ သီလရှင်များနှင့် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးဆက်လက်ထိုးနှံပေးခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးခန်းမ၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကာကွယ်ဆေးထိုးနှံပေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြပြီး သထုံမြို့နယ်အတွင်းရှိ အသက် ၁၅ နှစ်နှင့် ၁၈ နှစ်ကြား ရှင်သာမဏေ၊ သီလရှင်နှင့် လူငယ် ၁၀ ဦးအား ထိုးနှံပေးခဲ့ကြသည်။

သထုံမြို့နယ်အတွင်း အသက် ၁၅ နှစ်မှ ၁၈ နှစ်အတွင်းရှိသူများကို မြို့နယ်အတွင်းရှိ သတ်မှတ်ဆေးထိုးစုရပ်များအလိုက် မေ ၁၇ ရက်မှစတင်ကာ ကိုဗစ် - ၁၉ ကာကွယ်ဆေး ထိုးနှံပေးခဲ့ရာ ယနေ့အထိ ရှင်သာမဏေ၊ သီလရှင်နှင့် ပြည်သူ စုစုပေါင်း ၈၅ ဦးအား ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# တောင်ကြီးမြို့နယ်ရှိ ပြည်သူများအား ကိုဗစ် - ၁၉ ရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံ

**တောင်ကြီး မေ ၂၁**
ကိုဗစ်-၁၉ ရောဂါကူးစက်မှု လျော့နည်းပပျောက်စေရန် ရှမ်းပြည်နယ် တောင်ပိုင်း တောင်ကြီးမြို့တော်ခန်းမ၌ ကိုဗစ် - ၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပြီး ခြောက်လပြည့်သူများအား ယနေ့နံနက် ၉ နာရီမှစတင်၍ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။(အောက်ပုံ)

ထိုသို့ထိုးနှံပေးရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများက စာရင်းမှတ်တမ်းရေးသွင်း ကောက်ယူခြင်း၊ ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစစ်ဆေးပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ကာကွယ်ဆေးများကို စနစ်တကျထိုးနှံပေးကြောင်း သိရသည်။

အဆိုပါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံခြင်းကို မြို့တော်ခန်းမတွင် မေ ၂၁ ရက်မှ ၂၃ ရက်အထိ ၃ ရက် ထိုးနှံပေးမည်ဖြစ်ကြောင်းနှင့် ထပ်ဆောင်းထိုးနှံမည့်ပြည်သူများအနေဖြင့် Covishield /Sinopharm ဆေးထိုးပြီး ကတ်ပြားနှင့် မှတ်ပုံတင်ယူဆောင်လာရန် လိုအပ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ကျွန်းစုမြို့၌ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိ

**ကျွန်းစု မေ ၂၁**
တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်တွင် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ်ထိုးနှံထားသူများနှင့် အသက် ၄၀ နှစ်နှင့်အထက် ပြည်သူများအား ယနေ့နံနက်ပိုင်းက မြို့နယ် မိုးလုံလေလုံ



အားကစားခန်းမ၌ ကိုဗစ် – ၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ကာကွယ်ဆေးထိုးနှံရာတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာရဲမင်းဦးနှင့် ကျန်းမာရေးဝန်ထမ်းများက မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများရှိ ပထမအကြိမ် ကာကွယ်ဆေးထိုးနှံထားပြီးသူများကို ဒုတိယအကြိမ်ဖြင့် ကာကွယ်ဆေးထိုးနှံပေးလျက်ရှိပြီး အသက် ၄၀ နှစ်နှင့်အထက် မြို့နေပြည်သူများအား ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးလျက်ရှိသည်။

ကာကွယ်ဆေးထိုးနှံရာတွင် မေ ၂၀ ရက်က ဒုတိယအကြိမ် ကာကွယ်ဆေးလာရောက်ထိုးနှံသူ ၃၀ ကို Covaxin ကိုဗစ် – ၁၉ ကာကွယ်ဆေး ထိုးနှံပေးခဲ့ပြီး ထပ်ဆောင်းထိုးနှံပေးရာတွင် ဒုတိယကြိမ်ဆေးထိုးနှံပြီးသူ အသက် ၄၀ နှစ်နှင့်အထက်ရှိသူ ၁၁၀ တို့ကို Astra-Zeneca နှင့် Covaxin ကိုဗစ်ကာကွယ်ဆေး အမျိုးအစားများ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၂-၄-၂၀၂၂ သောကြာနေ့

**MRTV HD**

**၀၆:၀၀** မေတ္တာသုတ်၊ ရတနသုတ်၊ မောရ်ဂသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ဒီမိုကရေစီဆိုသည်မှာ
**၀၉:၁၀** မျက်မှောက်ရေးရာအဖြာဖြာ
**၀၉:၃၀** Road to 31st SEA Games Vietnam (Interview)
**၀၉:၄၅** Soccer View
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** လှမှုစီးပွားမြင်ကွင်းများ
**၁၂:၃၀** မြန်မာဇာတ်လမ်းတွဲ **'ရက်ကွက်ထဲမှာဒီလိုပဲ'** (အပိုင်း-၁၈)
**၁၃:၃၀** MRTV National News
**၁၄:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'အဝေးဆုံးသောနေရာ'** (အပိုင်း-၂၈)
**၁၅:၁၅** ရုပ်မြင်သံကြားဇာတ်လမ်း **'စိတ်၏ဝေဒနာ'**
**၁၆:၃၅** လူငယ်မျိုးဆက်သစ်အစီအစဉ်
**၁၇:၄၀** Weekly Sports Info
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သုတဝေဖြာ သီရိဂေဟာ
**၁၉:၂၀** မြန်မာဇာတ်လမ်းတွဲ **'ရပ်ကွက်ထဲမှာဒီလိုပဲ'** (အပိုင်း-၁၉)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** "မေတ္တာပန်းများပွင့်စေမယ်" တေးဂီတ ဖျော်ဖြေပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
**၂၂:၀၀** ရုပ်မြင်သံကြားဇာတ်လမ်း 'After Me'

**mitv**

**07:02** Evergreen Classic: Lat Yay Ta Pyin Htal (Yin Wai Yan Tun)
**07:10** Gardener of Royal Thazin Floral
**07:31** Ancient Shwe-San-Taw Pagoda
**07:47** Aesthetic Painting on Pathein Umbrella
**08:01** Mekong-Lancang Cooperation: Puppet Festival- Creative Performance by Puppeteers of the People's Republic of China
**08:08** A Visit To Ye
**08:30** The Largest Nunnery In Myanmar
**09:01** News
**09:26** Global Partnership for Brighter Future: Yemen Pavilion at Expo 2020 Dubai
**09:35** Mural Painting Bagan
**09:47** Plastoleum Diesel
**10:01** Choral Dance (Duel)

**MRTV NRC**

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
သဘာဝရဲ့လက်ဆောင်အင်းရဲကျွန်း

**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
သွားပိုးစားခြင်းအကြောင်းသိကောင်းစရာ

**ချင်း (လိုင်ဇို) (၀၈:၀၀ မှ ၀၉:၀၀)**
ဆွေညီနောင်များ ဘာသာစကားဖြင့် ချစ်ကြည်စေမည် (အပိုင်း-၄)

**ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)**
နာခေါင်းပလွေမှုတ်

**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
ရှာလွတ်ဆေးတံ

**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
ရေချောတိုင်တက်ပွဲ

**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
ကျိုင်းတုံ-မိုင်းပျဉ်းကြားက ရှုမငြီးတဲ့လမ်းခရီး

**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
ကျိုင်းတုံဆန်ပြုတ်ချက်နည်း

**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
ရဝမ်ဝတ်စားဆင်ယင်ပုံအဆင့်ဆင့်

**ကယား (၂၀:၀၀ မှ ၂၂:၀၀)**
ပန်ပက်ကျေးရွာမှ ကယန်းတိုင်းရင်းသားများ

**ဝကောကရင် (၂၂:၀၀ မှ ၂၃:၀၀)**
သံတောင်ဒေသလက်ဖက်စိုနှင့်လက်ဖက်ခြောက် ပြုလုပ်နည်း

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၉:၁၅** Road to 31st SEA Games Vietnam (မြားပစ်)
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'သူတစ်ပါးအယောင်ဆောင်ခြင်း'**
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၃)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဆွစ်ဇာလန်နိုင်ငံ)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၃)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၃၀** ပဲမျိုးစုံတိုးတက်ထုတ်လုပ်မှုမြင့်မားဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့
**၀၇:၅၅** ကျန်းမာရေးအတွက်ရည်ရွယ်စာတု ကင်းလွတ်သီးနှံစိုက်ကြမယ်
**၀၈:၀၀** ကျေးလက်ကွန်ရက်
**၀၈:၂၀** စပျစ်ချိုချိုဝင်ငွေပို
**၀၉:၅၅** ဂျုံသီးနှံသရုပ်ပြနှံအောင်ပန်းမြို့ကပွဲ

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို စနေ၊တနင်္ဂနွေမှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# မန်းရွှေစက်တော်ဘုရားကြီးမှ တည်းခိုဆောင်များ ယခုလအပြီး ဖျက်သိမ်းပေးရန် ညွှန်ကြားထား



**မင်းဘူး မေ ၂၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ် မန်းရွှေစက်တော် ဘုရားကြီးမှ တည်းခိုဆောင်များ ယခုလအပြီး ဖျက်သိမ်းပေးရန် ညွှန်ကြားထားကြောင်း ရွှေစက်တော်ဂေါပကအဖွဲ့ထံမှ သိရသည်။

မန်းရွှေစက်တော် ဘုရားပွဲတော်ကို နှစ်စဉ်တပို့တွဲလဆန်း ၅ ရက်နေ့မှ မြန်မာနှစ်ဆန်း ၁ ရက်နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလာခဲ့ပြီး နှစ်ဆန်း ၁ ရက်နေ့မှစတင်ကာ အောက်ခြေတော်ရာ ဖန်အုပ်ဆောင်းနှင့် အထက်ခြေတော်ရာ သံတံခါးများ ပိတ်သိမ်းထားကြောင်း သိရသည်။

"ကျွန်တော်တို့ မန်းရွှေစက်တော် ပါဒစေတီတော်များအနေနဲ့ နှစ်စဉ်တပို့တွဲလဆန်း ၅ ရက်နေ့မှ နှစ်ဆန်း ၁ ရက်နေ့အထိ သုံးလတိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး နှစ်ဆန်း ၁ ရက်နေ့ နောက်ပိုင်းမှာတော့ ပါဒစေတီတော်များမှ ဖန်အုပ်ဆောင်းနှင့် သံတံခါးများပိတ်ထားပြီး တည်းခိုဆောင်များနှင့် ဈေးဆိုင်များမှာ မိုးဦးကာလ တောင်ကျချောင်းရေများ၏ ရေကြီးရေလျှံမှု အန္တရာယ်များ ဖြစ်ပေါ်လာနိုင်တာကြောင့် အနီးအနား ကျေးရွာများမှ လာရောက်ရောင်းချကြသော ဈေးဆိုင်များကို ရေလွတ်ရာသို့ ရွှေ့ဆောက်စေပြီး တည်းခိုဆောင်များကို ဖျက်သိမ်းထားရကြောင်း၊ သို့သော် ဘုရားဖူးလာ ပြည်သူများအနေနဲ့ ကုန်းတော်ပေါ်မှ အထက်စက်တော်ရာကို တစ်နှစ်ပတ်လုံး ဖူးမြော်၍ရပါကြောင်း" ရွှေစက်တော်ဂေါပကဒုတိယဥက္ကဋ္ဌ ဦးထွန်းဝေက ပြောသည်။

**ဇေယျာထက်(မင်းဘူး)**

**ထူးခြားသည့် နေ့အပူချိန်များ**

ထူးခြားသည့်နေ့အပူချိန်များမှာ တောင်ငူမြို့နှင့် ဖားဆောင်းမြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၁ - ၄ - ၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၇၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၅၅၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၇၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၅၅၈၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၂၇၅/၂၂၇၅ ကျပ် | ၂၂၉၅/၂၆၀၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၃၀၅/၂၃၀၅ ကျပ် | ၂၃၆၀/၂၆၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၈၉၅/၁၈၉၅ ကျပ် | ၁၉၄၀/၂၃၀၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၉၄၅/၁၉၆၅ ကျပ် | ၂၀၇၀/၂၄၀၀ ကျပ် |

(SBP စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၁၈ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၅၉ . ၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၄ . ၆၅၃ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၄၃ . ၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၃၁ . ၁၃ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၈၆ . ၉၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၄ . ၂၆၆ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၀ | ၀ | ၀ | ၀ |
| MTSH | ၂၆၅၀ | ၂၆၅၀ | ၇၈၅ | ၂၀၈၀၂၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၈၅၀၀ | ၁၈၅၀၀ | ၅၅၄ | ၁၀၂၄၉၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၆၅၀ | ၂၆၅၀ | ၁ | ၂၆၅၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန် စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံ သတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# မိုးကြိုးအန္တရာယ် သတိပြုကာကွယ်

မျိုးမြတ်မိုး (MANA)

**မိုးရာသီ၌ ရေကြီးရေလျှံခြင်း၊ မြေပြိုခြင်း စသည့်ဘေးဒုက္ခအန္တရာယ်များကို တစ်နေရာမဟုတ် တစ်နေရာ၌ အမြဲတစေ ရင်ဆိုင်ကြုံတွေ့ရသကဲ့သို့ မိုးကြိုးအန္တရာယ်ကိုလည်း အချိန်မရွေး ကြုံတွေ့ရနိုင်သဖြင့် ယခုမိုးကြိုးကာလတွင် ပိုမိုသတိထားကြရမည်ဖြစ်သည်။**

မိုးကြိုးအန္တရာယ်သည် မိုးရာသီကာလတွင် ကြီးမားလှသော အန္တရာယ်တစ်ခုဖြစ်ပြီး မိုးကြိုးပစ်ခံရမှုကြောင့် လူနှင့်တိရစ္ဆာန် သေဆုံးမှုများ နှစ်စဉ်မြင့်တက်လာလျက်ရှိသည်။ တိမ်တိုက်ချင်း လျှပ်ကူးမှုသည် မိုးခြိမ်းမှုနှင့် လျှပ်စီးလက်မှုများဖြစ်စေပြီး တိမ်တိုက်နှင့် မြေပြင်၊ မြေပြင်နှင့် တိမ်တိုက်ကြား လျှပ်ကူးမှုကို မိုးကြိုးပစ်သည်ဟု ဆိုသည်။ မိုးကောင်းကင်ထက်မှ မြေကြီးပေါ်သို့ မိုးကြိုးပစ်ရန် တာစူနေသော လျှပ်စစ်မုန်တိုင်းပေါင်း တစ်နေ့လျှင် ၁၈၀၀ ခန့်ရှိသည်။ တစ်စက္ကန့်တွင် ပစ်သော မိုးကြိုးအရေအတွက်ပေါင်း ၆၀၀ ခန့်ရှိပြီး မြေပြင်သို့ကျရောက်သော အရေအတွက်မှာ ၁၀၀ ခန့်ရှိသည်။ ၂၄ နာရီအတွင်း ကမ္ဘာမြေကြီးပေါ်သို့ မိုးကြိုးအကြိမ်ပေါင်း ၈ ဒသမ ၅ ကြိမ်ခန့် ပစ်သည်။

**အလွန်ကြောက်မက်ဖွယ်ကောင်း**

မိုးကြိုးပစ်သည့်အချိန်တွင် လျှပ်စီးအင်အားမှာ အမ်ပီယာ သုံးသောင်းခန့်မှ နှစ်သိန်းခန့်အထိ ဖြစ်ပေါ်နိုင်သည်ဟု ဆိုရာ အလွန်ကြောက်မက်ဖွယ်ကောင်းသော လျှပ်စီးအားဖြစ်သည်။ မိုးကြိုးပစ်ခံရသည့် အခြေအနေများတွင် အဆောက်အအုံများ၏ပြင်ပ၌ ၉၉ ရာခိုင်နှုန်းဖြစ်ပြီး အဆောက်အအုံများအတွင်း၌ တစ်ရာခိုင်နှုန်းသာရှိသည်ဟု ဆိုသည်။ ကွင်းပြင်အနေအထား၌ ရောက်ရှိနေပါက မိုးကြိုးပစ်ခံရနိုင်ခြေ အများဆုံးဖြစ်ပြီး ၄၅ ရာခိုင်နှုန်းရှိသည်။ သစ်ပင်အောက်တွင်ရှိနေပါက ဒုတိယအများဆုံးဖြစ်ပြီး ၂၃ ရာခိုင်နှုန်း၊ ရေကန်၊ မြစ်ချောင်း၊ အင်းအိုင် စသည့် ရေနှင့်ထိစပ်မှုရှိနေသော နေရာများ၌ရှိနေချိန်တွင် တတိယအများဆုံး မိုးကြိုးပစ်ခံရနိုင်ခြေရှိပြီး ၃ ဒသမ ၆ ရာခိုင်နှုန်းရှိသည်။ သေဆုံးဒဏ်ရာရသူများကို လေ့လာကြည့်ပါက ကွင်းပြင်တွင် လမ်းလျှောက်နေချိန်၌ ဖြစ်ပွားမှု ၂၂ ရာခိုင်နှုန်း အများဆုံးဖြစ်ပြီး အကြောင်းအရာ မဖော်ပြနိုင်သောအခြေအနေအရဖြစ်ပွားမှု ဒုတိယအများဆုံး ၁၄ ရာခိုင်နှုန်းဖြစ်သည်။ သစ်ပင်အနီးတွင် ဖြစ်ပွားမှုက ၁၀ ရာခိုင်နှုန်းဖြင့် တတိယအများဆုံးဖြစ်သည်။ အဆောက်အအုံများ ဆောက်လုပ်နေစဉ် အဆောက်အအုံပေါ်၌ ပစ်ခံရမှုမှာ ၉ ရာခိုင်နှုန်းရှိပြီး ယာဉ်ပေါ်နှင့် ထွန်စက်ပေါ်၌ ပစ်ခံရမှုက ၇ ရာခိုင်နှုန်းရှိသည်ဟု လေ့လာမှုစစ်တမ်းများက ဖော်ပြထားသည်။

အဆောက်အအုံ အမြင့်များ၊ တောင်ကုန်းမြင့်များ၊ ကွင်းပြင်ရှိ သစ်ပင်များ၊ တာဝါတိုင်များ၊ ချွန်ထက်သော အဆောက်အအုံများနှင့် လယ်ကွင်း၊ မြစ်ချောင်းအင်းအိုင်စသော ကွင်းပြင်များ စသည်တို့သည် မိုးကြိုးအပစ်ခံရနိုင်ခြေ အများဆုံးနေရာများဖြစ်သည်ကို သိထားကြရမည်။ ကွင်းပြင်၌ ရောက်ရှိနေချိန် ဆံပင်များအပေါ်သို့ ထောင်လာခြင်း၊ ခန္ဓာကိုယ်၌ ကြက်သီးမွေးညင်းများထလာပါက မိမိရောက်ရှိနေသည့် နေရာဝန်းကျင်အနီး မိုးကြိုးပစ်မည်ဆိုသည်ကို သတိပြုကြရမည်ဖြစ်သည်။ မိုးကြိုးအန္တရာယ်ကို ဆိုင်ကယ်စီးသူ၊ ကားစီးသူ၊ ဆိုက်ကား၊ မြင်းလှည်းစီးသူများလည်း ခံရနိုင်သည်။

**လျစ်လျူရှုနေကြ**

တချို့က မိုးကြိုးအန္တရာယ်ကို မျက်ကွယ်ပြု လျစ်လျူရှုနေကြသော်လည်း မိုးကြိုးအန္တရာယ်ကို ကိုယ်တွေ့ခံစားနေကြရသူများကား ချောက်ချားကြောက်လန့်နေကြရသည်။ လူများကိုသာမက သစ်ပင်မျိုးစုံကိုလည်း မိုးကြိုးပစ်လေ့ရှိသည်။ လူနှင့် ကျွဲ၊ နွားတိရစ္ဆာန်များ၊ အဆောက်အအုံများနှင့် သစ်ပင်များ၊ ဘုရားစေတီအချို့ပင်မကျန် မိုးကြိုးအန္တရာယ်ဒဏ်ကို နှစ်စဉ်ခံနေကြရသည်။

ရာသီဥတု ဖောက်ပြန်မှုအပေါ် မူတည်ပြီး လျှပ်စီးလက်ခြင်းနှင့် မိုးကြိုးပစ်ခြင်းများ ဖြစ်ပေါ်နေလေ့ရှိသည်။ မြန်မာနိုင်ငံတွင် မုတ်သုံရာသီအကြို ကာလများမှာ နေ့အပူချိန်မြင့်တက်လာသည့်အခါ လေအပူများက အထက်အမြင့်သို့ တက်ကုန်ကြသည်။ လေအပူများ အထက်သို့ တက်သွားသောအခါ ထိုနေရာသို့ ပတ်ဝန်းကျင်လေထုက အစားထိုး တိုက်ခတ်ဝင်ရောက်လာကြသည်။ ထိုအစားထိုး ဝင်ရောက်တိုက်ခတ်လာသော လေများက တိမ်တောင်များကို သယ်ဆောင်လာခဲ့ကြသည်။ ထိုတိမ်တောင်များသည် မြန်မာနိုင်ငံ၏ အနောက်တောင်ဘက်ရှိ ပင်လယ်သမုဒ္ဒရာများမှ ဖြတ်သန်းလာခဲ့ရသောကြောင့် ရေခိုးရေငွေ့များဖွဲ့စည်း ပါဝင်လာခဲ့ကြသည်။ အပူချိန်ကွာခြားမှုနှင့် တိမ်တောင်များ ရွေ့လျားမှုအပေါ်မှာ အခြေခံပြီး ထိုတိမ်တောင်တွေထဲမှာ တည်ငြိမ် လျှပ်စစ်အဖိုနှင့် အမဓာတ်များ ဖြစ်ပေါ်လာသည်။ ထိုတည်ငြိမ်လျှပ်စစ်ဓာတ်အားများသည် မျိုးတူချင်း စုစည်းလာကြရာမှ အင်အားပမာဏ ဗို့အားသန်းချီပြီး ကြီးထွားလာသည်နှင့် တစ်ပြိုင်နက် ဆန့်ကျင်ဘက်ရှိရာ အရပ်သို့ ခုန်ကူးကြလေ့ရှိသည်။ အဖိုဓာတ်စုနေသော တိမ်တိုက်က အမဓာတ်စုနေသော တိမ်တိုက်ဘက်သို့ ခုန်ကူးကြသကဲ့သို့ မူလကတည်းက အမဓာတ်ဖြစ်နေသော မြေကြီးသို့လည်း ခုန်ကူးကြသည်။ ခုန်ကူးသည့် သဘောမှာ လျှပ်စစ်စီးဆင်းမှုပင်ဖြစ်သည်။ မိုးကြိုးအန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်ကြစေရေးအတွက် ကျွမ်းကျင်သူပညာရှင်များက ဆောင်သင့်ရှောင်သင့်သည်များကို နှစ်စဉ်ထုတ်ပြန် လှုံ့ဆော်သတိပေးလေ့ရှိသည်။




**ပစ်ကွင်းပစ်မှတ်များ**

တိမ်တိုက်တစ်ခုနှင့် တစ်ခုအကြား၊ တိမ်တိုက်နှင့် မြေပြင်အကြား ကြားခံထားသော လေထုသည် သာမန်အချိန်တွင် လျှပ်စစ်ဓာတ်အားမဖြတ်နိုင်သော်လည်း တည်ငြိမ်လျှပ်စစ်စုစည်းမှု ပမာဏများပြားလာချိန်နှင့် လေထုအတွင်း ရေငွေ့ပါဝင်မှု များပြားလာချိန်တွင်မူ ဖွဲ့စည်းမှု ပျက်စီးသွားကာ လျှပ်စစ်စီးဆင်းရန် လမ်းကြောင်းပွင့်သွားခဲ့သည်။ လျှပ်စစ်စီးဆင်းမှုသဘာဝအရ စီးဆင်းလိုသောအရပ်သို့ အတိုဆုံးလမ်းကြောင်းမှသာ စီးဆင်းလေ့ရှိရာ မြင့်မားလွန်းသော သစ်ပင်ကြီးများ၊ အဆောက်အအုံများ၊ လျှပ်စစ်နှင့်ဆက်သွယ်ရေး တာဝါတိုင်များ၊ ကြားခံမရှိကြသော လွင်တီးခေါင်ခေါင် ကွင်းပြောင်ပြောင်နှင့် လယ်ကွင်းပြင်များသည် မိုးကြိုးစက်ကွင်းမလွတ်ကင်းနိုင်သော ပစ်ကွင်းပစ်မှတ်များ ဖြစ်နေကြသည်။ မိုးကြိုးအန္တရာယ်က လျှပ်စစ်ဓာတ်လိုက်သကဲ့သို့ အလွန်ပင် ကြောက်မက်ဖွယ် ကောင်းပါသည်။ မည်ရွေ့မည်မျှပင် ခေတ်မီတိုးတက်နေကြစေကာမူ မိုးကြိုးအန္တရာယ်ကို ကြိုတင်ကာကွယ်နည်းများကလွဲ၍ မိုးကြိုးဘေးမှ ကင်းဝေးအောင် မည်သူမျှ မလုပ်ဆောင်နိုင်ကြသေးပေ။ မိုးကြိုးပစ်ခြင်းကိုလွဲအောင် မိုးကြိုးလွှဲဖြင့် ကာကွယ်နေကြရုံသာ တတ်နိုင်ကြသည်။

**မိုးကြိုးလွှဲများ တပ်ဆင်ထားကြပါ**

အဆောက်အအုံများ မိုးကြိုးလွှဲများ တပ်ဆင်ထားကြပါ။ ကွင်းပြင်တွေထဲမှာ လျှပ်စီးလက်လာပါက မြေပြင်မှာဝပ်ချလိုက်ကြပါ။ မုတ်သုံအကြိုကာလ၊ မိုးဦးလေဦးကျချိန် လယ်ယာလုပ်ငန်းခွင်သို့ ဝင်ကြလေ့ရှိသော တောင်သူလယ်သမားများအနေဖြင့် လျှပ်စီးလက်၊ မိုးထစ်ချုန်းသည်နှင့် တစ်ပြိုင်နက် ထီးထီးကြီး မတ်တတ်ရပ်ပြီး အလုပ်လုပ်ကိုင်နေခြင်းကို ရပ်လိုက်ကြပါ။ ရောက်သည့်နေရာမှာပဲ ဝမ်းလျားမှောက်နေကြပါ။ ကွင်းပြင်လယ်တဲများမှာ နေကြသူများ အထူးသတိပြုနေကြပါ။ ကွင်းပြင်ကျယ်တွင် လူစုလူဝေးဖြစ်နေပါက အမြန်ဆုံးလူစုခွဲပါ။ စက်ဘီး / ဆိုင်ကယ်ပေါ်တွင် ရောက်ရှိနေပါက အမြန်ဆုံးဆင်းပါ။ လျှပ်စီးလက်ခြင်း၊ မိုးထစ်ချုန်းခြင်း ငြိမ်သက်ရပ်ဆိုင်းသွားပြီး နာရီဝက်ကြာမှ လုပ်ငန်းပြန်လုပ်ကြပါ။ မြင့်မားသော အဆောက်အအုံများနှင့် မြင့်မားသော သစ်ပင်များအောက်မှာ မိုးခိုခြင်းကို ရှောင်ကြဉ်ကြပါ။ လျှပ်စီးလက် မိုးထစ်ချုန်းနေချိန် သမံတလင်းပေါ်မှာထိုင်နေခြင်း၊ အလုပ်လုပ်နေခြင်း၊ နေအိမ်သံပန်းတံခါးများကို ကိုင်ထားခြင်း၊ သံရေပိုက်များကို ကိုင်ထားခြင်း၊ ထိကပ်နေခြင်း၊ သွပ်နန်းကြိုးမှာ အဝတ်လှန်းခြင်း၊ အဝတ်ရုပ်ခြင်း မပြုလုပ်ကြပါနှင့်။ သွပ်ဆူးကြိုးကာထားသော ခြံစည်းရိုး၊ သံထည်ပစ္စည်း၊ သံလမ်းများအနီးတွင် မနေပါနှင့်။ လျှပ်စီးလက်၊ မိုးထစ်ချုန်းနေချိန်မှာ တီဗွီကြည့်ခြင်း ရှောင်ကြဉ်ပါ။ လျှပ်စစ်နှင့် ဆက်သွယ်ရေးတာဝါတိုင်များအနီးမှာ ရောက်ရှိနားခိုခြင်း မပြုကြပါနှင့်။ နေအိမ်များနှင့် ရုံးဌာနအဆောက်အအုံများမှာ ရေစိုနေသော ဝါးများ၊ သစ်သားတိုင်များကို စိုက်ထူမထားကြပါနှင့်။ မိုးလေဝသအထူးသတင်း ကြေညာချက်များကို ဂရုစိုက်နားထောင်ကြပါ။ နေ့စဉ်ထုတ်သတင်းစာများက ဖော်ပြထားသော မိုးလေဝသသတင်းများကို အလေးထား ဖတ်ရှုမှတ်သားလိုက်နာကြပါ။

**ကြိုတင်ကာကွယ်**

မိုးခြိမ်းသံကြားရသည်နှင့် ခိုင်ခံ့သော အဆောက်အအုံ သို့မဟုတ် မော်တော်ယာဉ်တွင်းသို့ ခိုဝင်ရမည်။ မော်တော်ယာဉ်တံခါးကိုလည်း အသေအချာပိတ်ထားရမည်။ နွားတင်းကုပ်ကဲ့သို့ သေးငယ်သော အဆောက်အအုံများ၌ ခိုလှုံခြင်းမပြုရ၊ ခိုလှုံစရာနေရာမရှိပါက မိမိလက်နှစ်ဖက်ဖြင့် နားကိုအုပ်ထားပြီး ဆောင့်ကြောင့်ထိုင်ချကာ ခြေချောင်းများ၊ ရှေ့ခြေဖဝါးများဖြင့်သာ မြေကြီးကို ထိထားရမည်။ လူအုပ်စုလိုက်ဖြစ်ပါက တစ်ဦးနှင့်တစ်ဦး ၁၅ ပေခန့် ခွာနေရမည်၊ ရေများနှင့်လည်း ထိတွေ့ဆက်စပ်နေခြင်း မပြုရချေ။ အိမ်တွင်း၌နေစဉ် ရေချိုးခြင်း၊ အဝတ်လျှော်ခြင်း၊ အိုးခွက်ပန်းကန်ဆေးခြင်းများ မပြုရ။ သတ္တုပစ္စည်းများပါဝင်သော အဝတ်လှန်းကြိုးများ၊ ခြံစည်းရိုးများနှင့် ဝေးဝေးနေရမည်။ လိုင်းကြိုးဖုန်းများအစ ကွန်ပျူတာ၊ တီဗွီစသည့် လျှပ်စစ်အသုံးအဆောင်များ အသုံးမပြုရ။ ပြတင်းပေါက်များအနီးတွင် မနေရ စသည့် နည်းလမ်းများအတိုင်း လုပ်ဆောင်ခြင်းဖြင့် မိုးကြိုးအန္တရာယ်ကို ကြိုတင်ကာကွယ်ကြရမည်ဖြစ်သည်။

မိုးကြိုးပစ်ခံရသူများ၏ သုံးပုံနှစ်ပုံမှာ အိမ်အပြင်တွင် ပစ်ခံရခြင်းဖြစ်ပြီး မိုးကြိုးပစ်ခံရသူ သုံးဦးတွင် နှစ်ဦးသာ အသက်ရှင်သည်။ သေဆုံးသူများ၏ ၈၅ ရာခိုင်နှုန်းမှာ လူငယ်လူရွယ် ယောကျ်ားလေးများ ဖြစ်သည်။ မိုးကြိုးပစ်ခံရသူများကိုကြည့်လျှင် လယ်ယာလုပ်ငန်းလုပ်ကိုင်ကြသည့် ကျေးလက်နေပြည်သူများ အများဆုံးဖြစ်ကြောင်း သိရသည်။ ရာသီဥတုဖောက်ပြန်မှုကြောင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသီးများကြွေခြင်း၊ သစ်ပင်များ ပြိုလဲကာ နေအိမ်အဆောက်အအုံများ ပျက်စီးခြင်း ဖြစ်ပေါ်လျက်ရှိသည်။

မိုးကြိုးအန္တရာယ်ကို ကျေးလက်နေပြည်သူများ ရာခိုင်နှုန်းအများဆုံး ကြုံတွေ့နိုင်သဖြင့် မိုးကြိုးအန္တရာယ်နှင့် ပတ်သက်သော အသိပညာပေးမှုများ အများဆုံးလိုအပ်သည်။ ကျေးလက်နေပြည်သူများသာမက ပြည်သူအားလုံးက မိုးကြိုးအန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်ရန် သက်ဆိုင်ရာမှ သတိပေးထုတ်ပြန်ချက်များကို အထူးဂရုပြုလိုက်နာသင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

> ❑ **မိုးကြိုးပစ်ခံရသူများ၏ သုံးပုံနှစ်ပုံမှာ အိမ်အပြင်တွင် ပစ်ခံရခြင်းဖြစ်ပြီး မိုးကြိုးပစ်ခံရသူ သုံးဦးတွင် နှစ်ဦးသာ အသက်ရှင်သည်။ သေဆုံးသူများ၏ ၈၅ ရာခိုင်နှုန်းမှာ လူငယ်လူရွယ် ယောကျ်ားလေးများ ဖြစ်သည်။ မိုးကြိုးပစ်ခံရသူများကိုကြည့်လျှင် လယ်ယာလုပ်ငန်း လုပ်ကိုင်ကြသည့် ကျေးလက်နေပြည်သူများ အများဆုံး ဖြစ်ကြောင်း သိရ**

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများ၏ နာသုံးနာလက်ကိုင်ထား၍ ကျောင်းသား ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် ဧပြီ ၂၁**

မြန်မာနိုင်ငံ၌ ဆရာ ဆရာမများအပေါ် ရိုသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ် သဘောထား၍ ကျောင်းသား ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **“အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့”** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာ ထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီ ကောင်းစားရေးကိုသာရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များ ပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန် ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟီရိ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက် ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ်လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေးရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာ တတ်မြောက်ရေး၊ ပညာရည် မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## လှည်းကူးမြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဧပြီ ၂၁**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် တိုင်းဒေသကြီးဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ လှည်းကူးမြို့နယ်အတွင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ငမိုးရိပ်ရေလှောင်တမံနှင့် ကျေးလက်လမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများကို ဧပြီ ၂၀ ရက်က ကြည့်ရှုစစ်ဆေးသည်။



တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အုန်နကုန်းကျေးရွာအုပ်စု ကန်ကြီးစုကျေးရွာရှိ တောင်သူဦးတင်ယု၏ မော်ဘီကောက်ညှင်းမွှေး ၁၅ ဧက စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက စိုက်ပျိုးထားရှိမှုများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တောင်သူများ ဝင်ငွေထပ်တိုးရရှိရန်အတွက် စပါး၊ နေကြာ၊ ပဲမျိုးစုံကို သီးထပ်စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့က လိုအပ်သည်များ ပံ့ပိုးကူညီပေးရန် မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဒရယ်မိုလ် (ခရောင်ရွာ) ရှိ ကောင်းထက်မျိုးကြက်မွေးမြူရေးနှင့် ကြက်သားပေါက်ထုတ်လုပ်ဖြန့်ဖြူးရေးခြံတွင် Evaporated Cooling System ဖြင့် ပြည်ပမှတင်သွင်းသော ကြက်အကောင်ရေ ၅၇၀၀၀ ကျော် မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဖောင်ကြီးကျေးရွာရှိ ငမိုးရိပ်ရေလှောင်တမံသို့ သွားရောက်ကြည့်ရှုရာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်နိုင်ဦးနှင့် တာဝန်ရှိသူများက ရေလှောင်တမံမှ ၃၃၈၅၂ ဧက ဆည်ရေပေးနိုင်မှုနှင့် ဆည်ရေသောက်ဧရိယာများ၏ အချက်အလက်များကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များမှာကြားပြီး ရေထိန်းမျှော်စင်အတွင်းနှင့် ရေလှောင်တမံဧရိယာများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

**ဆန်းကျော်ဦး**

**(ပြန်/ဆက်)**

## မင်းဘူး(စကု)မြို့နယ်၌ မိုးရာသီတွင်စိုက်ပျိုးရန် ပျိုးပင် ၃၃၀၀၀၀ ကျော် ပျိုးထောင်ထား

**မင်းဘူး ဧပြီ ၂၁**

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု) မြို့နယ်၌ ၂၀၂၂ ခုနှစ် မိုးရာသီအတွင်းစိုက်ပျိုးနိုင်ရန် ကျောက်တန်းပျိုးဥယျာဉ်နှင့် မင်းဘူး-အမ်းကားလမ်းမဘေးရှိ ပျိုးဥယျာဉ်တို့တွင် ပျိုးပင်ပေါင်း ၃၃၀၀၀၀ ကျော် ပျိုးထောင်ထားရှိကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

အဆိုပါ ပျိုးပင်များထဲမှ ၁/၂၀၂၂ ကျေးရွာထင်းစိုက်ခင်း ဧက ၅၀ အတွက် အပင်ပေါင်း ၇၂၆၀၀၊ ပြည်သူလူထုအား အခမဲ့ဖြန့်ဝေမည့် လူထုဖြန့်ပျိုးပင်ပေါင်း ၅၀၀၀၀၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းအတွက် ပျိုးပင်ပေါင်း ၁၈၇၅၀၀၊ အမြဲစိမ်းလန်းသည့် အရိပ်ရပင်များ စိုက်ပျိုးရန်အတွက် ပျိုးပင်ကြီး အပင်ပေါင်း ၈၂၀၀၊ အထူးစိမ်းလန်းစိုပြည်ရေး တစ်အုပ်တစ်မစိုက်ခင်းအတွက် ပျိုးပင်ပေါင်း ၂၀၀၀၀ တို့ကို ယခုနှစ်မိုးရာသီတွင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးဝင်းအောင်က ပြောသည်။

ပျိုးပင်အမျိုးအစားများအနေဖြင့် ကျွန်း၊ ပိတောက်၊ ရင်းမာ၊ ဖျောက်ဆိပ်၊ ယူကလစ်၊ မယ်ဇယ်၊ ခရေ၊ ရေတမာ၊ တမာ၊ မြန်မာကုက္ကို၊ ပုန်းညက်၊ စိန်ပန်းကြီး၊ မဲဇလီ၊ စိန်တံချူ၊ ဗာဒံ၊ ဆီသပြေ၊ ထိုင်ဝမ်ဗာဒံ၊ မြင်ဝါး၊ လျှော်ဖြူ စသည့်ပျိုးပင်ပေါင်း ၃၃၈၃၀၀ ကို ပျိုးထောင်ထားကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**



## ဆင်ပေါင်ဝဲမြို့နယ် ကျေးရွာ ၁၁ ရွာ၌ နွေရာသီကာလ ရေရရှိရေး ဆောင်ရွက်ပေးမည်

**ဆင်ပေါင်ဝဲ ဧပြီ ၂၁**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေတို့ဖြင့် ကျေးရွာ ၁၁ ရွာ၌ သောက်သုံးရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆင်ပေါင်ဝဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

မြို့နယ်အတွင်းရှိ တူလူ၊ ဖောင်အိုင်၊ ကျောက်မြောင်း၊ လယ်ကျိုး၊ မကြီးရင်း၊ ဝွေးတောက်စမ်း၊ အင်ရုံ၊ မကြီးစမ်း၊ သပြေစမ်း၊ စာရပေ (အရှေ့)၊ အင်ပင်လှစသည့်ကျေးရွာ ၁၁ ရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းရှစ်ခု၊ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းတစ်ခု၊ အခြားရေရရှိရေးလုပ်ငန်းတစ်ခုနှင့် ဆက်စပ်လုပ်ငန်းများဖြစ်သည့် ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင် တည်ဆောက်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်းနှင့် ဆိုလာတပ်ဆင်ခြင်း၊ ပါဝါမီတာတပ်ဆင်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုရန်ပုံငွေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် လုပ်ငန်းများ လုပ်ငန်းအပ်နှံဆောင်ရွက်နိုင်ရေး တင်ဒါခေါ်ယူလျက်ရှိကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးဇော်မင်းဦးက ပြောသည်။

**ကျော်ဦး**

## ကချင်ပြည်နယ်၌ ပြောင်းချဉ်ဖတ်ထုတ်လုပ်၍ တရုတ်နိုင်ငံသို့ တင်ပို့ရန် စီစဉ်

**မြစ်ကြီးနား ဧပြီ ၂၁**

မြစ်ကြီးနားမြို့နယ် တာလောကြီးကျေးရွာ၌ တိရစ္ဆာန်အစာအဖြစ် အစေ့ထုတ်ပြောင်းချဉ်ဖတ် (Maize Silage) ကို တရုတ်နိုင်ငံသို့ စိုက်ပျိုး ထုတ်လုပ်တင်ပို့မှု၊ ထုပ်ပိုးမှုများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲကို ဧပြီ ၂၀ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ပြုလုပ်သည်။

တိရစ္ဆာန်အစာအဖြစ် အစေ့ထုတ်ပြောင်းချဉ်ဖတ် စိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ပတ်သက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က မိမိတို့အစိုးရအဖွဲ့အနေဖြင့် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များ နည်းစနစ်ကျ တိုးတက်မြင့်မားစွာထုတ်လုပ်နိုင်ရေး အတွက် အားပေးတိုက်တွန်းလျက်ရှိပါကြောင်း၊ အစေ့ထုတ်ပြောင်း ချဉ်ဖတ်စိုက်ပျိုး ထုတ်လုပ်ပြီး တရုတ်နိုင်ငံသို့တင်ပို့မည့် အစီအစဉ်သည် ပြည်နယ်၏စိုက်ပျိုးမွေးမြူရေး ကဏ္ဍအတွက် အကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍတစ်ရပ်ဖြစ်သည့်အတွက် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) သတ်မှတ်ချက်နှင့်အညီ စိုက်ပျိုးထုတ်လုပ် တင်ပို့နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်ကြည်လင်းက တိရစ္ဆာန်အစာ အစေ့ထုတ်ပြောင်းချဉ်ဖတ် စိုက်ပျိုးထုတ်လုပ်နေမှု အခြေအနေများကို သုံးသပ်ရှင်းလင်းဆွေးနွေးပြီး ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးငွေးလွင်နှင့် ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူးဒေါက်တာသန်းအေးတို့က တိရစ္ဆာန်အစာအဖြစ် အစေ့ထုတ်ပြောင်း ချဉ်ဖတ်စိုက်ပျိုးထုတ်လုပ်ရာတွင် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) သတ်မှတ်ချက်နှင့်အညီ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် သိပ္ပံနည်းကျစိုက်ပျိုးနိုင်ရေး လေ့ကျင့်ပညာပေးခြင်းနှင့် ပိုးမွှားကင်းစင်ပြီး စံသတ်မှတ်ချက်နှင့်အညီ တင်ပို့နိုင်ရေးအတွက် စစ်ဆေးကြပ်မတ်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ Century Sun Investment and Development ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူက တာလောကြီးကျေးရွာအတွင်းရှိ မြေဧက ၂၀၀ ပေါ်တွင် အစေ့ထုတ်ပြောင်းချဉ်ဖတ် စိုက်ပျိုးထုတ်လုပ်၍ တရုတ်နိုင်ငံသို့ တင်ပို့ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် အစေ့ထုတ်ပြောင်းစိုက်ပျိုးတင်ပို့မှု၊ ထုပ်ပိုးမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို လုပ်ထုံး၊ လုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ အမြန်ဆုံးကူညီဆောင်ရွက်ပေးနိုင်ရေး သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်
(ပြန်/ဆက်)

## ကော့သောင်းမြို့နယ်မှ ထိုင်းနိုင်ငံသို့ ရေထွက်ပစ္စည်းများတင်ပို့

**ကော့သောင်း ဧပြီ ၂၁**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်အတွင်း မြို့နယ်သမဝါယမဦးစီးဌာန၏ကြီးကြပ်မှုဖြင့် ရေထွက်ကုန်ပစ္စည်းများကို ပြည်ပပို့ကုန်လုပ်ငန်းများအဖြစ် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်သမဝါယမဦးစီးဌာနမှ သိရသည်။

ကော့သောင်းမြို့နယ် ပင်လယ်ငါးဖမ်းလုပ်ငန်းကဏ္ဍ၏ အဓိကထွက်ကုန်ဖြစ်သည့် ရေထွက်ပစ္စည်းငါး၊ပုစွန်များကို မြို့နယ်သမဝါယမဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ပြည်ပပို့ကုန်လုပ်ငန်းအဖြစ် ထိုင်းနိုင်ငံသို့ တင်ပို့ဆောင်ရွက်လျက်ရှိရာ ၂၀၂၁-၂၀၂၂ (ခြောက်လ) ဘဏ္ဍာနှစ်အတွင်း သမဝါယမအသင်းနှစ်သင်းဖြစ်သည့် သိန်းထိုက်ဇော်ရေထွက်ပစ္စည်းနှင့် အထွေထွေရောင်းဝယ်ရေးသမဝါယမအသင်း လီမိတက်မှ ရေထွက်ပစ္စည်းတန်ချိန် ၂၇၅၉ ဒသမ ၃၇၂ တန် (အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၂၆ သန်း) ကိုလည်းကောင်း၊ အောင်ကျော်ဇောရေထွက်ပစ္စည်းနှင့် အထွေထွေစီးပွားရေး သမဝါယမ အသင်း လီမိတက်မှ ရေထွက်ပစ္စည်းတန်ချိန် ၁၉၂၀ ဒသမ ၇၃၆ တန် (အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၆၂ သန်း) ကိုလည်းကောင်း တင်ပို့ နိုင်ခဲ့ကြောင်း သိရသည်။

ကျော်စိုး (ကော့သောင်း)



## မော်လမြိုင်မြို့ ကျောက်တန်းစက်ရုံစုမှ စက်မှုလုပ်ငန်းရှင်များနှင့် မွန်ပြည်နယ်ဝန်ကြီးချုပ် တွေ့ဆုံ



**မော်လမြိုင် ဧပြီ ၂၁**

ကိုဗစ်-၁၉ ကာလအတွင်း ထိခိုက်ခဲ့သည့် မွန်ပြည်နယ်မှ စီးပွားရေးလုပ်ငန်းများ ပြန်လည်ဦးမော့လာစေရေးအတွက် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းသည် မော်လမြိုင်မြို့ ကျောက်တန်းစက်ရုံစုမှ တာဝန်ရှိသူများ၊ စက်မှုလုပ်ငန်းရှင်များ၊ ဒေသတွင်း တတ်ကျွမ်းသည့် စက်မှုလက်မှု လုပ်ငန်းရှင်များနှင့် ဧပြီ ၂၀ ရက်က တွေ့ဆုံဆွေးနွေးသည်။**(အပေါ်ပုံ)**

တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်အတွင်းရှိ စက်မှုဇုန်၊ စက်ရုံစုများတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အစီအမံများ၊ စွန့်ပစ်အမှိုက်များနှင့် စွန့်ပစ်ရေဆိုးများကို သက်ဆိုင်ရာဌာနအဖွဲ့အစည်းများက ကြပ်မတ်ရန်၊ ဒေသထွက် သီးနှံများပေါကြွယ်ဝစွာထွက်ရှိသည့် ပြည်နယ်တစ်ခုဖြစ်သဖြင့် ထွက်ကုန်များကို ပြည်တွင်း ပြည်ပသို့ တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက လိုအပ်သည်များ တင်ပြကြကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် မော်လမြိုင်စက်ရုံစုအတွင်း အမှုန့်ကြိတ်စက်ရုံနှင့် အခြား စက်ရုံလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

မွန်ပြည်နယ်တွင် စက်မှုဇုန်များ၊ စက်ရုံစုများ ထပ်မံအကောင်အထည်ဖော်နိုင်ရေးနှင့် ဒေသထွက်ကုန်များကို ခေတ်မီနည်းစနစ်ဖြင့် ထုတ်လုပ်နိုင်ရေး အလေးပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခရိုင် (ပြန်ဆက်)

## ကန့်ဘလူမြို့နယ်၌ ဆည်ရေနှင့် လျှပ်စစ်ရေတင်များဖြင့် နွေစပါး ဧက ၉၂၀၀ ကျော်စိုက်ပျိုးပြီးစီး

**ကန့်ဘလူ ဧပြီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ ယခုနှစ်နွေစပါးကို တစ်မြို့နယ်လုံးအနေဖြင့် ဧက ၂၉၅၁၀ စိုက်ပျိုးရန် လျာထားသည့်အနက် ယခုအချိန်တွင် ဧက ၉၂၀၀ ကျော်စိုက်ပျိုးပြီးစီးကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထိုသို့စိုက်ပျိုးနိုင်ရန် ကန့်ဘလူမြို့နယ်အတွင်းရှိ ကင်းတပ်ရေလှောင်တမံ၊ ကျေးပင်အက်ရေလှောင်တမံ၊ ပေကြီးရေလှောင်တမံ၊ သိန်ရင်ရေလှောင်တမံ၊ မင်းပြင်ရေလှောင်တမံ၊ လင်ပန်းရေလှောင်တမံနှင့် လျှပ်စစ်ရေတင်လုပ်ငန်းများမှ ဆည်ရေများကို ဖေဖော်ဝါရီ ၁၆ ရက်က စတင်ပေးဝေခဲ့ရာမှ ယနေ့အထိ နွေစပါး ၉၂၁၉ ဧက စိုက်ပျိုးပြီးစီးခဲ့ခြင်းဖြစ်သည်။ ဆက်လက်၍ နွေစပါးလျာထားဧက ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်သည့် ဌာနဆိုင်ရာများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရာသီဥတု ရေမြေဒေသနှင့်ကိုက်ညီသော အထွက်ကောင်းမျိုးများ၊ အရည်အသွေးကောင်းမျိုးများ တိုးချဲ့စိုက်ပျိုးနိုင်ရန်နှင့် စပါးစိုက်ဧကတိုးတက်အောင် ဆောင်ရွက်ခြင်း၊ တစ်ဧကအထွက်နှုန်းတိုးတက်ရေး အထူး မျိုးကောင်းမျိုးသန့်ထုတ်လုပ်ခြင်း၊ သွင်းအားစုများ စနစ်တကျထည့်သွင်းကာ လေလွင့်ဆုံးရှုံးမှုလျော့နည်းစေရန် စီမံဆောင်ရွက်ခြင်း၊ ခေတ်မီလယ်ယာသုံးစက်ကိရိယာများကို တိုးတက်သုံးစွဲလာနိုင်စေရန် ကူညီပံ့ပိုးပေးခြင်းတို့ကိုလည်း သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထို့ပြင် ဒေသခံတောင်သူလယ်သမားများ စိုက်ပျိုးနည်းစနစ်များ မှန်ကန်စေရေး၊ မြေဩဇာစနစ်တကျသုံးစွဲနိုင်စေရေး၊ ပိုးမွှားကျရောက်မှုမှ ကာကွယ်နိုင်စေရေးနှင့်တစ်ဧက စပါးအထွက်နှုန်းတိုးတက်စေရေး တို့အတွက် ကွင်းဝန်ထမ်းများက နည်းစနစ်များကို တောင်သူများအား ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစံအောင်က ပြောကြားသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

## မိတ္ထီလာမြို့နယ် စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်ပေါင်း ၈၆၀၀၀ ကျော် စိုက်ပျိုးမည်

**မိတ္ထီလာ ဧပြီ ၂၁**

မိတ္ထီလာမြို့နယ်၌ အပူပိုင်းဒေသစိမ်းလန်းစိုပြည်သာယာလှပစေရန်နှင့် ကျေးလက်နေပြည်သူများ၏ အခြေခံသစ်တောထွက်ပစ္စည်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်အတွက် သစ်ပင်ပေါင်း ၈၆၀၀၀ ကျော် စိုက်ပျိုးမည်ဖြစ်ကြောင်း အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးရာသီတွင် ဖလံကျင်းသစ်တောကြိုးဝိုင်းမှ ကျေးရွာသုံးစိုက်ခင်း ဧက ၅၀ ၌ သစ်ပင် ၂၇၀၀၀၊ တောင်ပြဲစဲအပတောသစ်တောကြိုးဝိုင်းမှ ကျေးရွာသုံးစိုက်ခင်း ၄၅ ဧကတွင် သစ်ပင် ၂၄၃၀၀၊ ကုန်းတန်းကြိုးဝိုင်း အခြားစိုက်ခင်း ၂၅ ဧကတွင် သစ်ပင် ၃၀၂၅၀ နှင့် တစ်အုပ်တစ်မစိုက်ခင်း (အထူးစိမ်းအပင်ကြီး) သစ်ပင် ၅၀၀၀ တို့ကို စိုက်ပျိုးမည်ဖြစ်ပြီး အပင်မျိုးများအနေဖြင့် ယူကလစ်၊ ဒဟတ်၊ မြင်ဝါး၊ ရင်းမာ၊ မဲဇလီ၊ တမာ၊ ရှား စသည့်သစ်ပင်များ စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်း စိမ်းလန်းစိုပြည်စေရန်၊ ရေမြေသဘာဝဝန်းကျင်ကို ထိန်းသိမ်းရန်၊ ကျေးလက်နေပြည်သူများ၏ အခြေခံသစ်တောထွက်ပစ္စည်းများ ဖြည့်ဆည်းပေးရန်၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ထာဝစဉ်ဖွံ့ဖြိုးတိုးတက်စေရန်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ပြည်သူလူထုအား အသိပညာမြှင့်တင်ရန်၊ ရာသီဥတုမျှတကောင်းမွန်လာခြင်းဖြင့် စိုက်ပျိုးရေးကို အထောက်အကူဖြစ်စေရန်အတွက် နှစ်စဉ်သစ်တောများ ထူထောင်ပေးလျက်ရှိကြောင်း သိရသည်။



သစ်ပင်များစိုက်ပျိုးမည့် ကျေးရွာသုံး ထင်းစိုက်ခင်းတစ်ခင်း။

သိန်းမြင့်ကျော်(မိတ္ထီလာ)

# စားသောက်ကုန်များ၌ တားမြစ်ဓာတုပစ္စည်းများ ပါဝင်ခြင်း ရှိ၊ မရှိ ရွေ့လျားဓာတ်ခွဲယာဉ်ဖြင့် စမ်းသပ်စစ်ဆေး



**ကံမ ဖေ ၂၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့ စည်ပင်သာယာ မြို့မဈေးနှင့် ကုန်စုံဆိုင်များတွင် ရောင်းချလျက်ရှိသည့် အစားအသောက်များ၌ တားမြစ် ဓာတုပစ္စည်းများ ပါဝင်ခြင်း ရှိ၊ မရှိ ရွေ့လျားဓာတ်ခွဲယာဉ်ဖြင့် စမ်းသပ်စစ်ဆေးခြင်းကို ဖေ ၂၀ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မကွေး တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန၊ သရက်ခရိုင် စားသုံးသူရေးရာဦးစီးဌာနနှင့် ကံမမြို့နယ် အစားအသောက်နှင့် ဆေးဝါး ကြီးကြပ်ကွပ်ကဲရေးကော်မတီဝင်များ ပူးပေါင်းအဖွဲ့က အစားအသောက်များ ဘေးအန္တရာယ် ကင်းရှင်းစေရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ပြီး စားသောက်ကုန်နမူနာ အမျိုးအစား ၃၀ တွင် တားမြစ် ဓာတုပစ္စည်းများ ပါဝင်ခြင်း ရှိ၊ မရှိကို ရွေ့လျားဓာတ်ခွဲယာဉ်ဖြင့် ကွင်းဆင်းစမ်းသပ်စစ်ဆေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်ဇေယျဝင်း(ကံမ)**

# ကျောက်တော်မြို့နယ်၌ အင်္ဂလိပ်စာသင်တန်း အခမဲ့ဖွင့်လှစ်

**ကျောက်တော် ဖေ ၂၁**

မြောက်ဦးခရိုင် ကျောက်တော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနဖြစ်သော Community Centre ခန်းမ၌ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပညာရေး ဦးစီးဌာနနှင့် မေတ္တာဥယျာဉ်ပရဟိတကျောင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် အလယ်တန်းအဆင့် နွေရာသီ အခြေခံပန်းချီနှင့် အင်္ဂလိပ်စာ သင်တန်း(အခမဲ့)ဖွင့်ပွဲကို ဖေ ၂၀ ရက် နံနက် ၁၀ နာရီတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးမောင်ဝင်းက အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြူဖြူဝင်းက သင်တန်းဖွင့်လှစ်သင်ကြားပေးရသည့် ရည်ရွယ်ချက်များကို ပြောကြားသည်။

အဆိုပါ အလယ်တန်းအဆင့် ပန်းချီသင်တန်းကို သင်တန်းသား သင်တန်းသူ ၃၅ ဦး၊ အင်္ဂလိပ်စာသင်တန်းကို သင်တန်းသား ၃၀ တက်ရောက်မည်ဖြစ်ပြီး သင်တန်းကာလမှာ တစ်ရက် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ခင်မောင်ထွန်း(ပြန်/ဆက်)**

# မြန်မာ ယူ-၂၂ အသင်း ယူအေအီးခြေစမ်းခရီးစဉ် ပထမဆုံးပွဲတွင် သရေကျ

**ရန်ကုန် ဖေ ၂၁**

(၃၁) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ အကြိုပြင်ဆင်မှုအဖြစ် ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့၌ လေ့ကျင့်နေသည့် မြန်မာ ယူ-၂၂ အသင်းသည် ပထမခြေစမ်းပွဲအဖြစ် မြန်မာစံတော်ချိန် ဖေ ၂၁ ရက် နံနက်အစောပိုင်းက ယူအေအီးကလပ် ဒူဘိုင်းစီးတီးအသင်းနှင့် ယှဉ်ပြိုင်ကစားရာ တစ်ဂိုးစီ သရေကျခဲ့သည်။

မြန်မာ ယူ-၂၂ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲအကြိုပြင်ဆင်မှုအဖြစ် မေလ ပထမပတ်အထိ ယူအေအီးနိုင်ငံ၌ လေ့ကျင့်နေခြင်းဖြစ်ပြီး ယခုလအတွင်း ခြေစမ်းပွဲများ ဆက်တိုက်ကစားသွားမည်ဖြစ်သည်။ မြန်မာအသင်းသည် ပထမဆုံးခြေစမ်းပွဲအဖြစ် ယူအေအီး ပထမတန်းကလပ် ဒူဘိုင်းစီးတီးအသင်းနှင့် ကစားရာ သရေရလဒ် ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းအတွက် ဂိုးကို မြတ်ကောင်းခန့်က သွင်းယူခဲ့သည်။

ဒူဘိုင်းစီးတီးအသင်းသည် ယူအေအီး ပထမတန်းတွင်ကစားနေသည့် အသင်းဖြစ်ပြီး နိုင်ငံခြားသားကစားသမားများလည်း ပါဝင်ကစားလျက်ရှိသည်။ မြန်မာ ယူ-၂၂ အသင်းသည် ဒုတိယမြောက်ခြေစမ်းပွဲအဖြစ် ဖေ ၂၃ ရက်တွင် ယူအေအီးပရိုလိဂ်ကလပ် FC Sharjah အရန်အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ သီရိမြိုင်လမ်း၊ အမှတ်(၆၁၄/အေ)၊ (၂)ခန်းတွဲ RC(၆)ထပ်တိုက်အဆောက်အအုံ၏ တတိယထပ်(၄)လွှာ၊ တိုက်ကိုမျက်နှာမူလျှင်(လက်ဝဲခြမ်း)၊ ဧရိယာ ၅၃၉ စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်နီနီဝင်း ၁၂/ပဘတ(နိုင်)၀၁၇၉၆၀ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဒေါ်စုရည်မော် ၅/ရဥန(နိုင်)၀၈၆၉၃၆က အပြီးအပြတ်ဝယ်ယူရန် ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စုရည်မော်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်နန္ဒာ**
**အထက်တန်းရှေ့နေ(စဉ်-၄၇၆၂၂)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်းကြယ်စင်မြို့တော်အိမ်ရာ၊**
**သန်လျင်မြို့နယ်၊ ရန်ကုန်မြို့**

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ခွင့်ပြုချက်ဖြင့် ဆောက်လုပ်ခဲ့သော အောက်ဖော်ပြပါ အဆောက်အအုံများအား တာဝန်ယူဆောင်ရွက်ခဲ့သော ကော်မတီမှ အသိအမှတ်ပြုကန်ထရိုက်တာလိုင်စင်ရ ဦးအောင်နိုင်မြင့်(LC-၆၀၆)သည် ကွယ်လွန်သွားပါသဖြင့် ဇနီးဖြစ်သူ ဒေါ်မိုးမိုးအေးမှ အောက်ဖော်ပြပါ အဆောက်အအုံအတွက် ပေးသွင်းခဲ့ရသော အဆောက်အအုံဆိုင်ရာ ကိစ္စအဝဝအတွက် အာမခံကြေးများအား ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြေညာသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | အဆောက်အအုံလိပ်စာ | မြေရှင်အမည် | အဆောက်အအုံဆောက်လုပ်ခွင့်ရ ကန်ထရိုက်တာ | ကန်ထရိုက်တာ လိုင်စင်အမှတ် |
|---|---|---|---|---|
| ၁။ | အမှတ်(၁၀)၊ ရတနာလမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ် | ဦးရဲမြင့် | ဦးအောင်နိုင်မြင့် | LC-၆၀၆ |

**ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**

## တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် အောက်ပါလုပ်ငန်းများနှင့်စပ်လျဉ်း၍ တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တည်ဆောက်ရေးလုပ်ငန်းများ**

| Lot | လုပ်ငန်းအမျိုးအစား | မြို့နယ် |
|---|---|---|
| (1) | ခရိုင်မီးသတ်စခန်း(၁၃၃x၅၂x၂၆)ပေ(၂)ထပ် ဆောက်လုပ်ခြင်း(ရေသန့်/လျှပ်စစ်ပါ) | ရွှေဘိုမြို့နယ် |
| (2) | ဝန်ထမ်းနေအိမ်(၁၅၀x၄၀x၂၂)ပေ (၆)ခန်းတွဲ(၂)ထပ် | ကန့်ဘလူမြို့နယ် |
| (3) | မြို့နယ်မီးသတ်စခန်း (၆၅x၅၂x၂၆)ပေ(၂)ထပ် | ယင်းမာပင်မြို့နယ် |
| (4) | နယ်မြေမီးသတ်စခန်း(၁)ထပ် (၄၅x၃၉x၁၆) ပေ | နီလာနယ်မြေ |

(ခ) **Lot ယာဉ်/စက်ပစ္စည်းဝယ်ယူခြင်း**

| Lot | | |
|---|---|---|
| (1) | Fire Fighting Suit(PPE)(Korea) | (၄၀)စုံ |
| (2) | Spare Cylinder(Drager,Germany) | (၁၀၀)လုံး |
| (3) | မီးသတ်ရေယာဉ်(ဂါလန်-၂၀၀၀) | (၂၀)စီး |
| (4) | လှေကားတင်ယာဉ် ၃၂ မီတာ YT 32 M2 (Howo Sinotruck) | (၂)စီး |
| (5) | Ambulance with EMS Equipment (Fonton G 7) | (၁)စီး |
| (6) | Rescue Truck(5 Ton Crane+Winch) With Lighting Facilities (Howo China) | (၄)စီး |

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်းတင်သွင်းရန်ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာဝယ်ယူရက်** - ၁၆-၅-၂၀၂၂ ရက်မှ ၁၃-၆-၂၀၂၂

(ခ) **တင်ဒါလျှောက်လွှာ ဝယ်ယူရမည့်နေရာ** - တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး နန္ဒဝန်ရပ်ကွက်၊ မုံရွာမြို့

(ဂ) **တင်ဒါလျှောက်လွှာတင်သွင်းရက်** - ၁၄-၆-၂၀၂၂ ရက်၊ ၁၆:၃၀ နာရီ

(ဃ) **တင်ဒါလျှောက်လွှာ တင်သွင်းရန်နေရာ** - တိုင်းဒေသကြီး အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးရုံး

၃။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဖုန်း-၀၇၁-၂၁၁၇၁ ကို ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## ပုသိမ်မြို့၊ အမှတ်(၁၂) ရယက နယ်မြေအတွင်းရှိ ပုဂံပျောက်ဒါရိုက်ဂါတော်မြေနေရာနှင့်ပတ်သက်၍ ပိုင်ဆိုင်လျက်ရှိနေသည့် မိသားစုဝင်များ၏ ခွင့်ပြုချက်မရှိဘဲ လုံးဝ(လုံးဝ) မပြုလုပ်ကြပါရန် မေတ္တာရပ်ခံတားမြစ်သည့်ကြော်ငြာစာ

ပုသိမ်မြို့၊ အမှတ်(၁၂)ရယက နယ်မြေအတွင်းရှိ ပုဂံပျောက်ဒါရိုက်ဂါတော်မြေနေရာမှာ သက်ဆိုင်ရာ မြို့နယ်မြေစာရင်းဦးစီးဌာနမှ ထုတ်ပေးထားသော မြေစာရင်းပုံစံ ၁၀၅အရ ယခုကြော်ငြာစာအား လွှဲအပ်ပေးသူ ဦးနေလင်း၏ မိသားစုဝင်ဆွေမျိုးသားချင်းများဖြစ်ကြသော ဦးအပ္ပဒူဟာမက်၏အမည်ဖြင့် ထွက်ရှိနေသော ရေကြည်ရေနောက်ကွင်း၊ ဦးပိုင်အမှတ် ၁၇(၁၉၇၄-၇၅)ခုနှစ်၊ မြေယာကွက်ဖြစ်ပြီး ပထမမူလက အဆိုပါမြေယာကွက်အတွင်းရှိ ပုဂံပျောက်ဒါရိုက်ဂါတော်တွင် ဦးပူကြူး(ခ)ဦးဘချစ်မှ ဦးစီးဦးဆောင် ဆောင်ရွက်ခဲ့ပြီး ဦးပူကြူးမရှိသည့်နောက်ပိုင်းတွင် ထိုပုဂံပျောက်ဒါရိုက်ဂါတော်နှင့်ပတ်သက်၍ ယခုလွှဲအပ်ညွှန်ကြားသူ ဦးနေလင်းသို့ လွှဲပြောင်းပေးသဖြင့် သက်ဆိုင်ရာပုသိမ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့မှ (၂၃-၂-၂၀၀၀)ရက်စွဲ ပါ စာအမှတ်-၅/၅၉-၃/ရေး ၂ စာဖြင့် ယခုလွှဲအပ်ညွှန်ကြားသူ ဦးနေလင်းသို့ ပုဂံပျောက်ဒါရိုက်ဂါတော်နှင့် ပတ်သက်သည့်ကိစ္စအဝဝအား စီမံခန့်ခွဲခွင့်ပြုကြောင်းနှင့် အဆိုပါ ပုသိမ်မြို့၊ အမှတ်(၁၂)ရယက နယ်မြေအတွင်းရှိ ပုဂံပျောက်ဒါရိုက်ဂါတော်တွင် မည်သည့်ပုဂ္ဂိုလ်(သို့မ ဟုတ်) အဖွဲ့အစည်းများမှ ကျွေးမွေးလှူဒါန်းခြင်း၊ အဆောက်အအုံများပြင်ဆင်မွမ်းမံခြင်း၊ အသစ်ဆောက်လုပ်ခြင်းနှင့် အခြားသာသနာရေးဆိုင်ရာကိစ္စများဆောင်ရွက်လိုပါက ၎င်းဒါရိုက်ဂါမြေနေရာအား ပိုင်ဆိုင်လျက်ရှိနေသည့် မိသားစုဝင်များထံ ခွင့်ပြုချက်တောင်းခံပြီး ခွင့်ပြုချက်ရမှသာလျှင် ဆောင်ရွက်ကြရန် သတ်မှတ်လိုက်သည်ဟု သက်ဆိုင်ရာမှ တရားဝင်စာထုတ်ပြန်ခဲ့ပါသည်။

ယခုအချိန်တွင် ဦးနေလင်းအပါအဝင် ၎င်းဒါရိုက်ဂါမြေနေရာအား ပိုင်ဆိုင်လျက်ရှိနေသည့် ခွင့်ပြုချက်ပေးရမည့် မိသားစုဝင်များမသိရှိဘဲ အဖွဲ့အစည်းအသစ်ဖွဲ့စည်းခြင်း၊ အဆောက်အအုံများ ဝင်ရောက်ဆောက်လုပ်ခြင်း အဖွဲ့အစည်းများနှင့်ကျွေးမွေးလှူဒါန်းခြင်း၊ အလှူငွေများကောက်ခံခြင်းများပြုလုပ်လာကြပါသဖြင့် ယင်းကဲ့သို့ ယခုလွှဲအပ်သူဦးနေလင်းနှင့် မိသားစုဝင်များ မသိရှိဘဲခွင့်ပြုချက်မတောင်းခံဘဲ ဆက်လက်၍ မပြုလုပ်ကြပါရန် တားမြစ်စာနှင့်အတူ အသိပေးအကြောင်းကြားစာအား လူအများသိရှိစေရန် ကြေညာ လိုက်ရခြင်းဖြစ်ပါသည်။

ထိုကဲ့သို့ ကြေညာစာထုတ်ပေးပြီးနောက်တွင် ပြုလုပ်လိုပါက ပုဂံပျောက်ဒါရိုက်ဂါတော်တွင် ဆောင်ရွက်ခွင့်ပြုပါရန် တောင်းခံစာဖြင့်သာ ခွင့်ပြုချက်တောင်းခံပြီးမှ ဆက်လက်ပြုလုပ်သွားရမည်ဖြစ်ကြောင်းနှင့် ထိုကဲ့သို့ လေးစားလိုက်နာဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးနေလင်းနှင့် ပုဂံပျောက်ဒါရိုက်ဂါတော်**
**မိသားစုဝင်များ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးနေဝင်း LL.B(ဥပဒေဘွဲ့ရ)**
**တရားလွှတ်တော်ရှေ့နေ(လိုင်စင်အမှတ်-၂၈၀၆)**
**အမှတ်(၁၈)၊ မန်ကျည်းပင်တန်းလမ်း၊ ပုသိမ်မြို့၊ ဖုန်း-၀၄၂-၂၂၃၀၃**

စာအုပ်
စာပေ
လူ့မိတ်ဆွေ

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 47W/57980 TVS DA22 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သင်းသင်းဌေး ၁၄/ဝခမ(နိုင်)၁၃၃၈၄၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ပြန်ကြားရေးဝန်ကြီးဌာန
## ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
## အခြားရုံးသုံးပစ္စည်းနှင့် ရုံးသုံးစက်ကိရိယာများ ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)တွင် အသုံးပြုရန်အတွက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁ | Online UPS (6 KVA) | 3 Nos |
| ၂ | Digital Camera with Lens, 18–140mm (kit) | 15 Nos |
| ၃ | Air Conditioner (2HP Split Type, R 410a) | 8 Nos |
| ၄ | Dehumidifier | 2 Nos |
| ၅ | Desktop Computer 10th Gen Intel Core i7 Processor 8GB DDR4 Memory 1TB HDD , External Graphic 2GB DVD RW Monitor 21.5"/ 22" VGA/ HDMI, UPS 650VA , Keyboard & Mouse | 45 Nos |
| ၆ | Laser Printer(A4/Legal) 12 ppm , 600 x 600 dpi | 45 Nos |
| ၇ | Scanner (A4) ,4800 x 4800 dpi | 15 Nos |
| ၈ | Laptop Computer Intel Core i7 (11th Gen) 16GB DDR4 Memory, 1TB SSD , NVIDIA Geforce Graphic 2GB 15.6" Full HD | 1 No |
| ၉ | Laptop Computer Intel Core i7 11th Gen, RAM 16GB, 1TB SSD, NVIDIA Geforce RTXTM 3050,4GB GDDR6 | 1 No |
| ၁၀ | Document Scanner (A3) | 1 No |
| ၁၁ | Duplex Printer | 1 No |
| ၁၂ | Barcode Printer & Label | 35 Nos |
| ၁၃ | Linear Imager Scanner | 35 Nos |
| ၁၄ | Bluetooth Barcode Scanner | 35 Nos |
| ၁၅ | Thermal Barcode Sticker | 350 Nos |
| ၁၆ | Recorder | 2 Nos |
| ၁၇ | Projector with Tripod Screen 84" x 84" | 10 Nos |
| ၁၈ | Film Cleaner Cleaner Power : 115V or 230V, 50 Hz or 60 Hz–720W Color Touch Screen CODAK HFE 7200 Solvent CODAK PTR Rollers BNMBI PT50 Oil free Air Compressor | 1 No |
| ၁၉ | Film Scanner Speed 40Gb/s Thunderbolt 3 Technology Real Time 4K Film Scaning HDR Drive Wheel Types,DaVinci Resolve's and Film Scanner Panel , 2 Pass HDR Scan , 30 Fps Scan Speed | 1 No |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို (၂၀-၄-၂၀၂၂)ရက်နေ့မှ (၃-၅-၂၀၂၂)ရက်နေ့အထိ နေ့စဉ်(၀၉:၃၀) နာရီမှ (၁၆:၃၀)နာရီ ရုံးဖွင့်ရက်အတွင်း အောက်ပါလိပ်စာများတွင် တစ်စောင်လျှင် ငွေကျပ်(၁၀,၀၀၀/-) နှုန်းဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံများ လာရောက်ဝယ်ယူရာတွင် ကုမ္ပဏီ၏မှတ်ပုံတင်ကတ်ပြား (သို့မဟုတ်) လုပ်ငန်းလိုင်စင်မိတ္တူတင်ပြရပါမည်။

၃။ အိတ်ဖွင့်တင်ဒါများကို (၃-၅-၂၀၂၂)ရက်နေ့ (၀၉:၃၀)နာရီမှ (၁၆:၀၀)နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုံးအမှတ် (၇)၊ နေပြည်တော်တွင်ဖြစ်စေ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင်ဖြစ်စေ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဖုန်း- ၀၆၇-၃၄၁၂၃၆၉၊ ၀၆၇-၃၄၁၂၆၂၄၊ ၀၆၇-၃၄၁၂၂၀၉ တို့သို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ**
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန
- ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း- ၀၆၇-၃၄၁၂၃၆၉၊ ၀၆၇-၃၄၁၂၆၂၄၊ ၀၆၇-၃၄၁၂၂၀၉
- အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း- ၀၁-၈၂၀၁၉၃၆၊ ၀၁-၈၃၇၁၃၄၀

**တင်ဒါတင်သွင်းရန် လိပ်စာ**
တင်ဒါကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
- ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း- ၀၆၇-၃၄၁၂၃၉၀
- အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း- ၀၁-၈၂၀၁၉၃၆၊ ၀၁-၈၃၇၁၃၄၀

## သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက် တော်ဝင် ၅ လမ်းရှိ မြေကွက်အမှတ်(C-၅၂)နှင့် ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းရပ်ကွက်၊ ရတနာလမ်း၊ အမှတ် ၅၅၃ နေ ဒေါ်နှင်းယုလှိုင် ၁၄/ဟသတ(နိုင်)၂၁၉၄၇၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြော်ငြာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေသည် တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ တော်ဝင် ၅ လမ်း၊ အမှတ် C/၅၂ ဟုခေါ်တွင်သော အလျားxအနံ(၄၀x၆၀ပေ)ရှိ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မူလအမည်ပေါက်ပိုင်ရှင် ဦးထွန်းမြင့်(ဘ)ဦးသိန်းမောင်၏ ရောင်းချပိုင်ခွင့်တာဝန်ယူမှုဖြင့် ၁၄-၅-၂၀၁၄ ရက်စွဲပါ ခြံမြေအရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဒေါ်စိန်မမ ၇/ပခန(နိုင်)၀၄၅၆၉၈ ဒေါ်စိန်မမ၏သဘောတူညီမှုဖြင့် လက်မှတ်ရေးထိုးရောင်းချပေးခဲ့သူ ဦးစိုးပိုင် ၇/ပခန(နိုင်)၀၄၅၆၉၇၊ တိုက် ၇/၃၃၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့နေသူထံမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးအပ်ပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက်အား ကျွန်ုပ်မိတ်ဆွေ၏ဝယ်ယူမှုနှင့်စပ်လျဉ်းသမျှ ဤသတင်းစာကြော်ငြာသည့်ရက်မှ (၅)ရက်အတွင်း မည်သူမဆို ခိုင်လုံသော အဆက်အစပ်စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိခဲ့ပါက ကျွန်ုပ်၏မိတ်ဆွေမှ မြေကွက်ရောင်းဝယ်မှုကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငြိမ်းမေခင်(LL.B,DML)**
**(စဉ်-၂၁၂၃/၉၇)**
**ဖုန်း-၀၉-၇၉၆၀၁၄၆၉၂**

## အထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်းကြေညာခြင်း

မူဆယ်မြို့၊ ကောင်းမှုတုံရပ်ကွက်၊ အကွက်အမှတ် (၄၅)၊ ဦးပိုင်အမှတ် (၄၁-က)၊ မြေဧရိယာ ၀ဒသမ၀၇၉ဧကရှိ အိမ်ဝိုင်းမြေ (အဆောက်အအုံပါ မြေကွက်အား ဒေါ်နန်းခမ်းနွမ် ၁၃/မဆတ(နိုင်)၀၃၄၇၂၃ အမည်ပေါက်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ၂၀၂၀ ပြည့်နှစ် မတ် ၂၂ ရက်တွင် စိုင်းကောင်းမင်းဆက်(ဘ)ဦးစိုင်းလင်းပန် ၁၃/မဆတ(နိုင်) ၀၆၀၀၆၀ သို့ လွှဲအပ်ခြင်းအား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်နန်းခမ်းနွမ် ၁၃/မဆတ(နိုင်)၀၃၄၇၂၃**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၆၀ ဆူ | ၁၇၁ ဆူ | ၅၈၉ ဆူ |
| ၂။ | ဓမ္မာရုံ(၂၁၃× ၉၀ × ၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | ၇၀၀၀ သိန်း | ၁၇၃၀. ၂၁ သိန်း |
| ၃။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) | ၄၃၂၁. ၀၀ | ၁ ခု | - | ၁ ခု |
| ၄။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | - | ၁၈ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၀. ၀၀ | ၄၅၅ ခန်း | ၂၃ ခန်း | ၄၃၂ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၂၆ တိုင် | ၂၄ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၇၉ တိုင် | ၁၀၁ တိုင် |
| ၁၀။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၇၄ ခု | ၅၇၈ ခု |
| ၁၁။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၁၉ ကျင်း | ၂၁၀၀. ၅၃ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၄ ကျင်း | ၂၀၄. ၁၄ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၂ ကျင်း | ၅၈၉၈. ၆၆ ကျင်း |
| ၁၄။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၇၃ ကျင်း | ၁၆၆၃. ၀၈ ကျင်း |
| ၁၅။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | - | - |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၆။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၂၅၅၈၂၅၂၁၆

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9B/7143 ယာဉ်လက်ဝယ်ရှိသူ နော်စဲလ်ဒါထူး ၇/တငန(နိုင်)၁၁၀၇၈၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၉ယ/၄၉၈၁၀ Honda Wave 110 M/C ယာဉ် လက်ဝယ်ရှိသူ ဦးညီညီနိုင် ၁၄/ပသန(နိုင်)၂၈၄၈၀၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ပါကြောင်း

မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် TOSTA Group Co.,Ltdတို့ အကျိုးတူပူးပေါင်း ဆောင်ရွက်ခဲ့သော သဃ်န်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ၊ စီမံကိန်းအပိုင်း (၂) ရှိ ၊ တိုက်အမှတ်(A)၊ အခန်းအမှတ်(၃၀၂)ကို ကုမ္ပဏီမှ ရောင်းချထားသူ ဒေါ်သဇင်ကြည် ၁၂/ တမန(နိုင်) ၀၁၃၉၀၅ထံမှ ဝယ်ယူထားကြောင်း အထောက်အထားများ တင်ပြ၍ ဒေါ်ကြည်ကြည်သန့် ၅/ဝလန(နိုင်) ၁၀၁၉၂၂ အမည် ဖြင့် Owner Book ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၃၊ မြေကွက်အမှတ် -၃၁၉၊ မြေကွက်တည်နေရာအမှတ် (၃၁၉) (၈၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ဒုအရာခံဗိုလ်တင့်ဆွေ (AE-၁၇၀၉၇၉) အမည်ပေါက် ပါမစ်မြေအား ပါမစ်မြေ အမည်ပေါက် ဒုအရာခံဗိုလ်တင့်ဆွေ ၆-၅-၂၀၀၇ရက်တွင် ကွယ်လွန်သဖြင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်အေးကြည် ၁၂/မဂဒ(နိုင်)၀၀၂၆၂၇ထံ မှ အရပ်စာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူသူ ဒေါ်တွမ်ဆိုက်ကျော် ၁၃/လရန(နိုင်)၀၈၇၉၄၁မှ ပါမစ်မူရင်း၊ စာချုပ်၊ သေစာရင်းမိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူတို့ တင်ပြ၍ နှစ် ၆၀ မြေငှား(ဂရန်)လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6J/9778, Toyota Wish ZNE 10, S/W (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မင်းထွန်း ၆/ရဖန(နိုင်)၀၃၁၈၆၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2G/1400, Nissan Vanette SK82TN ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ထွေး ၁၃/တကန(နိုင်)၁၁၀၉၀၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာခရိုင်)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/26042, Honda Wave -110 (ALPHA) ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ထူး ၉/ဝတန(နိုင်)၁၅၄၄၅၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာခရိုင်)**

## ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁)
## တင်ဒါကော်မတီ
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁)၊ အခွန်အယူခံခုံအဖွဲ့ရုံးအတွက် ၂၀၂၂-၂၀၂၃ခု၊ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ(ငွေလုံးငွေရင်း)ခွင့်ပြု ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်ကုမ္ပဏီများမှ မြန်မာကျပ်ငွေဖြင့် အောက်ဖော်ပြပါ Lot များအလိုက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | Lot | Lot အလိုက် ဆောင်ရွက်မည့် လုပ်ငန်း |
|---|---|---|
| (က) | Lot 1 | Sound Proof တပ်ဆင်ခြင်း |
| (ခ) | Lot 2 | မော်တော်ယာဉ်ရုံးတည်ဆောက်ခြင်း |

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရမည်ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၈-၄-၂၀၂၂ရက် (သောကြာနေ့) (ရုံးချိန်အတွင်း)

(ခ) **တင်ဒါလျှောက်လွှာနောက်ဆုံးရောင်းချမည့်ရက်** - ၂၂-၄-၂၀၂၂ရက် (သောကြာနေ့) (ရုံးချိန်အတွင်း)

(ဂ) **တင်ဒါလျှောက်လွှာနောက်ဆုံးတင်သွင်းရမည့်ရက်** - ၂၉-၄-၂၀၂၂ရက် (သောကြာနေ့) (ရုံးချိန်အတွင်း)

(ဃ) **တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ** - အခွန်အယူခံခုံအဖွဲ့ရုံး၊ ရုံးအမှတ်(၅၇)၊ နေပြည်တော်

၃။ အိတ်ဖွင့်တင်ဒါ လျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်ဝယ်ယူသည့်စနစ်ဖြင့် ရောင်းချမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၉-၂၅၄၅၆၉၂၁၇နှင့် ၀၉-၇၈၅၇၁၁၄၀၆တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန (၁)
## တင်ဒါကော်မတီ
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန (၁)၊ အခွန်အယူခံခုံအဖွဲ့ရုံးအတွက် ၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေ (ငွေလုံးငွေရင်း)ခွင့်ပြုရန်ပုံငွေဖြင့် စက်နှင့် စက်ပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာပစ္စည်းများနှင့် ရုံးသုံးပရိဘောဂပစ္စည်းများ ဝယ်ယူရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများမှ မြန်မာကျပ်ငွေဖြင့် အောက်ဖော်ပြပါ Lot များအလိုက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | Lot | Lot အလိုက် ဝယ်ယူမည့်ပစ္စည်းများ |
|---|---|---|
| (က) | Lot 1 | Desktop, Laptop, and Computer accessories |
| (ခ) | Lot 2 | Printer, Copier, and Colour Printer |
| (ဂ) | Lot 3 | Smart TV (50") |
| (ဃ) | Lot 4 | 4000 Lumens LCD Projector |
| (င) | Lot 5 | Camera, Audio, and Video Conferencing System |
| (စ) | Lot 6 | ပရိဘောဂပစ္စည်းများ (သံ/အလူမီနီယံ) |
| (ဆ) | Lot 7 | ပရိဘောဂပစ္စည်းများ(ကျွန်း) |

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရမည်ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာစတင် ရောင်းချမည့်ရက်** - ၈-၄-၂၀၂၂ရက် (သောကြာနေ့) (ရုံးချိန်အတွင်း)

(ခ) **တင်ဒါလျှောက်လွှာနောက်ဆုံး ရောင်းချမည့်ရက်** - ၂၂-၄-၂၀၂၂ရက် (သောကြာနေ့) (ရုံးချိန်အတွင်း)

(ဂ) **တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်ရက်** - ၂၉-၄-၂၀၂၂ရက် (သောကြာနေ့) (ရုံးချိန်အတွင်း)

(ဃ) **တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ** - အခွန်အယူခံခုံအဖွဲ့ရုံး၊ ရုံးအမှတ် (၅၇)၊ နေပြည်တော်

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်ဝယ်ယူသည့်စနစ်ဖြင့် ရောင်းချမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၉-၂၅၄၅၆၉၂၁၇နှင့် ၀၉-၇၈၅၇၁၁၄၀၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ် ၂ ရန်ကုန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆေးတက္ကသိုလ် ၂ ရန်ကုန်မှ (၂၀၂၂-၂၀၂၃)ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် အောက်ဖော်ပြပါပစ္စည်းများ ဝယ်ယူလိုပါ၍ လိုင်စင်ရကုမ္ပဏီများ လုပ်ငန်းရှင်များ အရောင်းဆိုင်များထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

(၁) ဆေးဘက်ဆိုင်ရာ သင်တန်းသုံးပစ္စည်းများ
(၂) လျှပ်စစ်သုံးပစ္စည်းများ
(၃) အရပ်ရပ်သုံးပစ္စည်းများ
(၄) ရုံးသုံးစက်ကိရိယာများ
(၅) ရုံးသုံးပရိဘောဂများ
(၆) ဓာတ်ဆေးပစ္စည်းများ
(၇) E-Government နှင့်ဆက်စပ်ပစ္စည်းများ

၂။ **အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၅-၄-၂၀၂၂ရက်
**အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂-၅-၂၀၂၂ရက် ညနေ ၄နာရီ
**အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်နေရာ** - အမှတ် (၆၇၇-၇၀၉)၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ဆေးတက္ကသိုလ် ၂ ရန်ကုန်

၃။ တင်ဒါပုံစံဝယ်ယူခြင်းနှင့် တင်ဒါခေါ်ယူသည့် လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက (ဖုန်း-၀၁-၉၆၉၂၁၅၂၊ ၀၁-၉၆၉၂၃၃၅)တို့သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ဆေးတက္ကသိုလ် ၂ ရန်ကုန်**

## မော်တော်ယာဉ်ဝယ်ယူခွင့် ပျောက်ဆုံးခြင်းကြေညာချက်

ကျွန်တော်များ Win Progress Co.,Ltd. အမည်ဖြင့် လျှောက်ထားသော မော်တော်ကား အရောင်းစင်တာတွင် မော်တော်ယာဉ်ဝယ်ယူခွင့် (SCP 1 2021 01503 06/01/2021) မူရင်းစာရွက် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ အကြောင်းကြားပေးပါရန် အသိပေးကြေညာအပ်ပါသည်။

**ဖုန်း-၀၉-၉၇၇၈၃၅၂၈၉၊ ၀၉-၉၆၀၂၁၁၀၃၆**




## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကချင်ပြည်နယ်အစိုးရအဖွဲ့
## မြစ်ကြီးနားမြို့
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ၂၀၂၂ ခုနှစ် ဧပြီ ၁ရက်မှ ၂၀၂၃ ခုနှစ် မတ် ၃၁ရက်အထိ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း (တည်ဆောက်ရေး)ခေါင်းစဉ်အောက်မှ ဘဏ္ဍာရေးနှစ်အတွင်း ကချင်ပြည်နယ်ရှိ အခြေခံပညာကျောင်း (၇၁)ကျောင်း၏ ကျောင်းဆောင်သစ်ဆောက်လုပ်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများအား သတ်မှတ်ချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါ (Open Tender) စနစ်ဖြင့် တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **အိတ်ဖွင့်တင်ဒါပုံစံစတင်ရောင်းချမည့် ရက်/အချိန်** - ၂၂-၄-၂၀၂၂ရက် (ရုံးချိန်)
**အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်၊ အချိန်** - ၅-၅-၂၀၂၂ရက်ညနေ ၄:၃၀နာရီ
**တင်ဒါတင်သွင်းရမည့်နေရာ** - ကချင်ပြည်နယ်ပညာရေးမှူးရုံး၊ မြစ်ကြီးနားမြို့

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ဖော်ပြပါဌာနတွင် လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်-

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**
**ကချင်ပြည်နယ်ပညာရေးမှူးရုံး၊ မြစ်ကြီးနားမြို့၊**
**ဖုန်း-၀၇၄-၂၅၂၁၀၇၁**

## နုတ်ထွက်ခွင့်ပြုကြောင်း
## အများသိစေရန်ကြေညာခြင်း

LB Microfinance Myanmar Co.,Ltd.မှ အောက်ပါအမည်ပါရှိသူကို ဒါရိုက်တာအဖြစ်မှ နုတ်ထွက်ခွင့်ပြုလိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**Mr.DULAN RAMYALAL GALAPPATHI DE SILVA**
**Passport No-N2214702**
**LB Microfinance Myanmar Co.,Ltd.**

## အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

တောင်ငူမြို့၊ အမှတ် (၆၅၃)၊ နန္ဒကျော်ထင်လမ်း၊ (၂၂)ရပ်ကွက်နေ ဦးအောင်မြင့်ဦး (ဘ)ဦးတင်မိုး ၇/တငန(နိုင်)၀၀၇၁၂၃ မှ ၂၃-၁၁-၂၀၀၄ ရက်တွင် တောင်ငူမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၌ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၂၃၉/၂၀၀၄) ဖြင့် ဦးရန်ပိုင်ဦး (ဘ)ဦးအောင်မြင့်ဦး ၇/တငန(နိုင်)၁၂၇၈၁၃ အား လွှဲအပ်ပေးထားသော အထွေထွေကိုယ်စားလှယ်လွှဲစာကို ကြော်ငြာပါသည့်ရက်မှစ၍ အပြီးအပိုင် ပြန်လည်ရုပ်သိမ်းလိုက်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးအောင်မြင့်ဦး ၇/တငန(နိုင်)၀၀၇၁၂၃**
**အမှတ် (၆၅၃)၊ နန္ဒကျော်ထင်လမ်း၊ (၂၂)ရပ်ကွက်၊ တောင်ငူမြို့**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ စမ်းချောင်းလမ်း၊ အမှတ် (၁၀၄)၊ မြေတိုင်းရပ်ကွက် အမှတ် (၂၇/ဒီ)၊ မြေကွက်အမှတ် (၇အေ၊ ၁၁၂ဘီ+၇ဒီ/၁+၁၁၂အေ) မြေကွက်ထဲမှ စာချုပ်ဖြင့် အရောင်းအဝယ်ပြုလုပ်ထားသော မြေဧရိယာ ၀ဒသမ၂၁၇ဧကရှိ မြေကွက်ပေါ်တွင် တည်ရှိသည့် Serviced Residential Apartment အဆောက်အအုံရှိ အခန်းအလွှာ (Level-5) အခန်းအမှတ် (W501)၊ အခန်းဧရိယာ ၁၂၄၂စတုရန်းပေရှိ တိုက်ခန်း တစ်ခန်းနှင့် Basement Car Parking နေရာတွင် ကားတစ်စီးရပ်နားခွင့် အပါအဝင် တိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိပိုင်ဆိုင်သူ ဒေါ်ရွှေစင်ထက် ၁၂/ဒဂတ(နိုင်)၀၆၁၀၉၃ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်မာသည့် စာရွက်စာတမ်း၊ စာချုပ်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရွှေဇင်အိ (LL.B) (D.B.L) (D.I.L)**
**အထက်တန်းရှေ့နေ (စဉ်-၄၃၀၆၄/၂၀၁၃)**
**တိုက်(ဘီ)၊ အခန်း (၃၀၁)၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ ဗဟန်းမြို့နယ်၊**
**ဖုန်း-၀၉-၅၁၀၂၉၃၀**

## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ် (၂) ရန်ကုန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆေးတက္ကသိုလ် ၂ ရန်ကုန်၏ (၂၀၂၂-၂၀၂၃)ဘဏ္ဍာရေးနှင့် ငွေလုံးငွေရင်းအသုံးစရိတ် ခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါလုပ်ငန်းများကို ဆောင်ရွက်လိုပါ၍ တရားဝင်အသိအမှတ်ပြု လိုင်စင်ရအဖွဲ့အစည်းများ ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

**ဆောင်ရွက်မည့်လုပ်ငန်း**

၁။ အုပ်စုငယ်ဖြင့် စာသင်ကြားရေးအတွက် စာသင်ခန်းများပါဝင်သော စာသင်ဆောင် (၄)ထပ် RC(၁၄၆'x၅၀'x၅၀')ပထမထပ်၊ ဒုတိယထပ်၊ တတိယထပ်၊ ကြမ်းခင်းနှင့် လှေကားများ ကျောက်ပြားခင်းခြင်း။

၂။ ပထမနှစ်သင်ကြားရေးဌာနများ (၄) ထပ်ဆောင် အကြီးစားမွမ်းမံခြင်း (၂၅၄'x၅၅'x၄၅')

၃။ ဒုတိယနှစ်နှင့် တတိယနှစ်သင်ကြားရေးဌာနများ(၄)ထပ်ဆောင် အကြီးစားမွမ်းမံခြင်း (၂၅၄'x၅၅'x၄၅')

၄။ တက္ကသိုလ်ရှေ့ကားပါကင် ကတ္တရာလမ်းခင်းခြင်းနှင့် ရေမြောင်းပြုပြင်ရန်

၂။ **အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၅-၄-၂၀၂၂ရက်
**အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂-၅-၂၀၂၂ရက် ညနေ ၄နာရီ
**အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်နေရာ** - အမှတ်(၆၇၇-၇၀၉)၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ဆေးတက္ကသိုလ် ၂ ရန်ကုန်

၃။ တင်ဒါပုံစံဝယ်ယူခြင်းနှင့် တင်ဒါခေါ်ယူသည့်လုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များကို သိရှိလိုပါက (ဖုန်း-၀၁-၉၆၉၂၁၅၂၊ ၀၁-၉၆၉၉၈၅၄)တို့သို့ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ဆေးတက္ကသိုလ် ၂ ရန်ကုန်**

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၉/ဒက္ခိဏသီရိတောင်ရပ်)၊ မြေကွက်အမှတ်(ဒ-၃၂၄၂၀)၊ မြေဧရိယာ(၀ဒသမ၀၄၆)ဧကရှိ ဦးစိုးဝေမင်း (ဘ)ဦးသန်းရှိန် ၁၂/မရတ(နိုင်)၁၁၈၈၀၉ အမည်ပေါက်မြေကွက်အား ဦးစိုးဝေမင်းထံမှ နေပြည်တော်စာချုပ်စာတမ်းရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၅၈၀၄/၂၀၁၁)(၇-၄-၂၀၁၁)ရရှိထားသူ ဒေါ်သူဇာသန်း (ဘ)ဦးသန်းဖေ ၉/ကဆန(နိုင်)၀၄၃၄၃၅မှ အဆောက်အအုံဆောက်လုပ်ခွင့်ပြုမိန့်အမှတ်(၅၂၆/၂၀၁၂-၁၃)(မူရင်း) တင်ပြ၍ မြေပေးမိန့် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက် မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများ နှင့်အညီ အဆိုပါမြေပေးမိန့်ကို ဒေါ်သူဇာသန်း (ဘ)ဦးသန်းဖေ ၉/ကဆန(နိုင်)၀၄၃၄၃၅အား ထုတ်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သွာနုတ္တသမီးအဖြစ်သတ်မှတ်၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သမီး မရတနာမွန် ၁၂/ဥကတ(နိုင်)၂၁၂၉၁၅မိခင်ဖြစ်သူ၏ ဆိုဆုံးမစကားကို လုံးဝနားမထောင်ဘဲ စိတ်ဆင်းရဲအောင်လုပ်ခြင်းနှင့် အရှက်ရအောင်လုပ်သည့်အတွက် ယနေ့မှစ၍ သွာနုတ္တသမီးအဖြစ်သတ်မှတ်၍သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ် လိုက်ပါကြောင်း။ ၎င်းနှင့်ပတ်သက်၍ မည်သည့်အရှုပ်အရှင်း တစ်စုံတစ်ရာကိုမျှ လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အပြုံး ၁၂/ဥကတ(နိုင်)၀၁၉၂၇၈**
**အမှတ်(၃၅၈/က)၊ ၂၅ လမ်း၊ ၇ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်နေ ဦးဝေယံဖြိုးအောင် ၁၂/ဒဂရ(နိုင်)၀၂၁၈၃၃၏ လွှဲအပ်ညွှန် ကြားချက်အရ အောက်ပါအတိုင်းကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ဇာတိမာန်လမ်း၊ ကုန်းမြင့်သာယာ၊ (၇)မိုင်ရှိ တိုက်အမှတ်(၁၈/၃၁)၊ (၄)ခန်းတွဲ တိုက်ခန်း၊ ဒုတိယထပ်၊ အခန်းအမှတ်(B-4)၊ ဧရိယာ(၁၅၀၀)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့်တကွ ကားပါကင်အပါအဝင်အကျိုးခံစား ခွင့်အရပ်ရပ်အား ပိုင်ဆိုင်သူဦးညွန့်မှာ ကွယ်လွန်သွားပြီးဖြစ်သည့်အတွက် ၎င်း၏ဇနီးဖြစ်သူ ဒေါ်သန်းရီ ၁၂/ကမရ(နိုင်)၀၀၅၈၆၈မှ အရှုပ်အရှင်းကင်းစွာဖြင့် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်းမွက်ဟဝန်ခံလျက် ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးဝေယံဖြိုးအောင်ထံသို့ အပြီးအပိုင်ရောင်းချလိုကြောင်း ကမ်းလှမ်းချက်အရ ကျွန်ုပ်တို့၏ မိတ်ဆွေကဝယ်ယူရန်သဘောတူ၍ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါအရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော အထောက်အထားစာရွက်စာတမ်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်သန်းသန်းမြတ်** | **ဒေါ်ကြည်သာနှင်းဖြူ** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၃၆/၁၂)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၁၈၇/၁၉)** |

**ရုံး-အခန်းအမှတ်-၃၈၊ ပထမထပ်၊ Strand Condo**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၅၃၆၀၁၄၂၊ ၀၉-၂၅၄၁၁၁၃၇၈**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4J/9547, TOYOTA RACTIS, Saloom ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဝင်း ၅/ဆလက(နိုင်)၀၀၇၅၃၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

## ပြင်ဆင်ဖတ်ရှုပါရန်

၈-၄-၂၀၂၂ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၂၄) ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာတွင် ရောင်းချသူ ဦးကျော်သူရာ၁၂/သလန(နိုင်) ၀၁၇၈၅၂ ရောင်းသော တိုက်ခန်းအမှတ်မှာ (၂၉/၂၃)အစား (၁၉/၂၃)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပြင်ဆင်ဖတ်ရှုရန်

၁၉-၄-၂၀၂၂ရက်နေ့ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၂၆) ဒီကရီကို အတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး ၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ် -၂၈၀နှင့် ဆက်သွယ်သည့် ၂၀၂၁ ခုနှစ် တရားမဇာရီမှုအမှတ်-၅၂ ကြော်ငြာတွင် (တရားရှုံး) ဦးအောင်ကျော်ဝင်း အစား ဦးကျော်အောင်ဝင်း (MD အရိပ်လှလှဆောက်လုပ်ရေးကုမ္ပဏီလီမိတက်) ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## သားအဖြစ်စွန့်လွှတ်ခြင်း

အိမ်အမှတ် (၂၃၇၈)၊ (၁၆) လမ်း၊ မြိုင်သာယာရပ်၊ မော်လမြိုင်မြို့တွင် နေထိုင်သူ ဦးကျော်စွာဝင်း-ဒေါ်ချိုဝင်း တို့၏ သား မောင်ဇေယျာကျော်ဝင်းသည် မိဘများအား အကြိမ်ကြိမ် စိတ်အနှောင့်အယှက် ပေးခြင်းဖြစ်၍ (၁၈-၄-၂၀၂၂)ရက်မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်စွာဝင်း-ဒေါ်ချိုဝင်း**

## ကန့်ကွက်နိုင်ပါကြောင်း

ရေဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့၊ အမှတ်(၁)ရပ်ကွက်၊ အကွက်အမှတ်(J.o.4၊ အထက်ပိုင်းရပ်ကွက်)၊ ဦးပိုင်အမှတ်(၂၄)၊ ဧရိယာ(၀ဒသမ၁၁၅) ဧကရှိမြေအား မအူပင်မြို့နယ်၊ အိုင်ဗိုင်းကျေးရွာအုပ်စု၊ အိုင်ဗိုင်းကျေးရွာ၊ ကျိုက်လတ်လမ်းနေ ဒေါ်ကေခိုင်ဝင်း ၁၄/မအပ(နိုင်)၀၀၂၉၀၆မှ မြေငှားဂရန် သက်တမ်းတိုးရရှိရေးအတွက် မြေငှားဂရန်စာချုပ်နှင့် အခြားလိုအပ်သည့် စာရွက်စာတမ်း အထောက်အထားများနှင့်အတူ လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူကိုမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်နှင့်အညီ မြေငှားဂရန်သက်တမ်းတိုး ထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မအူပင်မြို့**

**ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ၂၀၂၂-၂၀၂၃ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့်ဓာတ်အားလိုင်းနှင့်ဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်း Lot (6)ခုအား မြန်မာကျပ်ငွေ(Kyat)ဖြင့် တင်ဒါခေါ်ယူလုပ်ငန်းအပ်နှံလိုပါသည်-

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၅-၄-၂၀၂၂ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၉-၅-၂၀၂၂ရက် မွန်းလွဲ ၂နာရီ
**တင်ဒါပုံစံရောင်းချတင်သွင်းရမည့်နေရာ** - မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း၊ ၂၇လမ်း၊ ၇၇x၇၈လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့

၂။ တင်ဒါပုံစံနှင့် စာရွက်စာတမ်းများကို အထက်ပါလိပ်စာတွင် သတ်မှတ်နှုန်းထားအတိုင်း ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။
၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၂၄၀၇၃၈၀၁၊ ၀၂-၄၀၆၉၁၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်)**

## ငွေချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် -၅၊ နည်းဥပဒေ -၂၀)
## ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော် ၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၉၃

ဦးကျော်ဇော နှင့် ၁။ ဦးခင်မောင်ကြည်
၂။ ဒေါ်နွဲ့ယဉ်ကြည်
၃။ ဦးအောင်ခန့်

တရားလို — တရားပြိုင်များ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပုဇွန်တောင်ကျီတော်ရပ်ကွက်၊ ကျီတော်အိမ်ရာ၊ အခန်း အမှတ် (၀၀၃)၊ တိုက်အမှတ် (၂)နေ (၁) တရားပြိုင် ဦးခင်မောင်ကြည်၊ (၂)တရားပြိုင် ဒေါ်နွဲ့ယဉ်ကြည်နှင့် (၃) တရားပြိုင် ဦးအောင်ခန့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှု ရလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ် မေလ ၆ ရက် (၁၃၈၄ခုနှစ် ကဆုန်လဆန်း ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရ မည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဧပြီ ၂၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သင်းမြမြစိုး)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## အများသိစေရန် ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့၊ မြဝတီရပ်ကွက်၊ ရွှေတောင်ကြားလမ်း၊ အလျား(၅၃)ပေ၊ အနံ(၁၇)ပေ၊ ဧရိယာ (၀ဒသမ၀၂၇၅)ဧက ကျယ်ဝန်းသည့် အရှေ့လားသော် ရွှေတောင်ကြားလမ်း၊ အနောက်လားသော် ဦးသန်းမြင့်အောင်၊ တောင်လားသော် ဒေါ်စန်းစန်းအေး၊ မြောက်လားသော် ဦးကံချွန်မြင့် ၎င်းနယ်လေးရပ်အတွင်း တည်ရှိသည့် မြေကွက်သည့် ၁၉၉၅ခုနှစ်မှစတင်၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကလျာ ၅/မရန(နိုင်) ၂၃၄၆၇၄ လက်ရောက်ဝယ်ယူနေထိုင်ခဲ့သော မြေကွက်ဖြစ်ပါသည်။ယင်းမြေကွက်ကို ဝယ်ယူစဉ်က ပိုင်ရေးပိုင်ခွင့် စာရွက်စာတမ်း အထောက်အထားများ လိုအပ်ချက်များရှိနေပါသဖြင့် မည်သူမဆို မူရင်းပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထားများရှိခဲ့ပါက သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများနှင့်အတူ (၆-၅-၂၀၂၂)ရက်အတွင်း လာရောက်ကန့်ကွက်တားမြစ်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါ ဝင်းခြံမြေကို ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်ခွင့် ရရှိစေရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သင်းသင်းနွယ်(LL.B,LL.M)**
**အထက်တန်းရှေ့နေ(စဉ်-၂၉၇၂၂)**
**သလ္လာ(၉)၊ သာစည်လမ်း၊ မုံရွာမြို့၊**
**ဖုန်း-၀၉-၉၇၇၃၄၃၄၉၅၊ ၀၉-၄၀၀၄၆၆၃၉၈**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့ အရှေ့ဘက်၊ မြတ်ရတနာတန်ဖိုးနည်းအိမ်ရာစီမံကိန်းတွင် လူနေအိမ်ရာမြေကွက်အမှတ် (၇၆)ဟုခေါ်တွင်သော အလျားxအနံ(၄၀x၆၀)ပေအကျယ်ရှိ မြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ဇော်ဝင်း ၁၂/မကတ(နိုင်)၁၀၁၇၄၁က ပြန်လည်ဝယ်ယူရန်အတွက် လက်ရှိပိုင်ဆိုင်၍ အကျိုးခံစားခွင့်ရှိသူဟုဆိုသော ဦးလှသောင်း ၁၂/မရက(နိုင်)၀၁၆၅၉၀အား စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇာနည်(LL.B, D.B.L)** — **ဒေါ်နှင်းနှင်းထွေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၆၆၈)** — **အထက်တန်းရှေ့နေ(စဉ်-၂၄၉၆၈)**
**ဗိုလ်မိုးညိုလမ်းသွယ်၊ အောင်ချမ်းသာ(၂)ရပ်ကွက်၊ သန်လျင်မြို့၊**
**ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၄/၁၊ နန္ဒဝန်)၊ ဦးပိုင်အမှတ်(သရဖီလမ်း-၁၀)၊ ဧရိယာ ၀ ဒသမ ၁၇၂ဧကရှိ မြေအား အမှုတွဲအမှတ် ၈၁၅V ၂၀၀၂-၂၀၀၃အရ ၂၈-၅-၂၀၀၃ရက်မှ ၂၇-၅-၂၀၃၃ရက်အထိ ဗိုလ်မှူးစိုးလှိုင် အမည်ဖြင့် နှစ်(၃၀)မြေငှားဂရန်ရရှိထားသောမြေအား ဦးအောင်သန်းအမည်ဖြင့် မြေငှားစာချုပ်(အမည်ပြောင်း) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အမည်ပြောင်း)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ကရင်ပြည်နယ် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ မြဝတီမြို့ (၄)ခန်းတွဲ (၄)ထပ်၊ RC ဝန်ထမ်းအိမ်ရာ (၁)လုံး (ရေသန့်/လျှပ်စစ်အပါအဝင်) လုပ်ငန်းဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသဖြင့် ပြည်တွင်းဆောက်လုပ်ရေးလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

၂။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၂-၄-၂၀၂၂ရက် ရုံးချိန်အတွင်း
၃။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၅-၅-၂၀၂၂ရက် ၁၆:၀၀ နာရီ
၄။ **လျှောက်လွှာတင်သွင်းရမည့်နေရာ** - မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ကရင်ပြည်နယ်၊ ညွှန်ကြားရေးမှူးရုံး၊ ဘားအံမြို့
၅။ **တင်ဒါဖွင့်ဖောက်ရွေးချယ်မည့်ရက်** - ဆက်သွယ်အကြောင်းကြားပါမည်။
၆။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ကရင်ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ ဘားအံမြို့၊ ဖုန်း-၀၅၈-၈၉၀၄၀၁၄၊ ၀၅၈-၈၉၀၄၀၁၅သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် Drill Machine & Accessories များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်း ရန်ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၂-၄-၂၀၂၂ရက်မှ ၅-၅-၂၀၂၂ရက်ထိ (ရုံးချိန်အတွင်း)
(ခ) **တင်ဒါတင်သွင်းရမည့်ရက်/အချိန်** - ၆-၅-၂၀၂၂ရက် မွန်းတည့်၁၂:၀၀ နာရီ
(ဂ) **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၆-၅-၂၀၂၂ရက် မွန်းလွဲ ၁၃:၀၀နာရီ
(ဃ) **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ** - ရုံးအမှတ်(၁၅)၊ နှစ်ထပ်တိုးချဲ့ ဆောင်သစ်၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)၊ နေပြည်တော်
(င) **တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာ** - ရုံးအမှတ် (၁၅)၊ နှစ်ထပ်တိုးချဲ့ ဆောင်သစ်၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်

၂။ သတ်မှတ်ရက်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၃။ အသေးစိတ်သိရှိလိုပါက ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)၊ နေပြည်တော်၊ ဖုန်း-၀၆၇၃-၄၁၀၃၁၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ အမြန်လမ်းမကြီး ထိန်းသိမ်းပြုပြင်ရေးနှင့်ကြီးကြပ်ရေးအဖွဲ့မှ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်း(မူလ)ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လိုအပ်သော လမ်းခင်းပစ္စည်း(ကတ္တရာ၊ ဒီဇယ်ဆီ၊ Guard Rail နှင့် ကျောက်အရွယ်စုံစသည့်)များအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်။
၂။ လိုအပ်သည့် လမ်းခင်းပစ္စည်း အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့်ကြီးကြပ်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ နေပြည်တော် (စီလမ်းဆုံ) တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

(က) **လျှောက်လွှာစတင် ရောင်းချမည့်ရက်** - ၁၀-၅-၂၀၂၂ရက် (အင်္ဂါနေ့)
(ခ) **တင်ဒါလျှောက်လွှာပိတ်ရက်-** ၃၁-၅-၂၀၂၂ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂:၃၀နာရီ
(ဂ) **တင်ဒါဖွင့်မည့်ရက်** - ၂-၆-၂၀၂၂ရက် (ကြာသပတေးနေ့)နံနက် ၁၀နာရီ
(ဃ) **တင်ဒါဖွင့်မည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့၊ နေပြည်တော် (စီလမ်းဆုံ)

**တင်ဒါစိစစ်ရေးကော်မတီ**
**ဖုန်း-၀၉-၂၅၀၉၀၂၀၀၄**

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး
## ချင်းပြည်နယ်၊ ဟားခါးမြို့
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ချင်းပြည်နယ်၊ သစ်တောဦးစီးဌာန၊ ပလက်ဝမြို့နယ် တွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ် ဘဏ္ဍာရန်ပုံငွေ(ငွေလုံးငွေရင်း)ဖြင့် အောက်ဖော်ပြပါ အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်း ဆောင်ရွက်လိုပါသဖြင့် သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | တည်နေရာ | အမျိုးအစား |
|---|---|---|
| ၁ | ပလက်ဝမြို့ | ဦးစီးအရာရှိရုံး၊ ဝန်ထမ်းအိမ်ရာ ပေ (၆၀x၄၀) Steel Structure (၂)ထပ်၊ (၂)ခန်းတွဲ (၇၅)% တည်ဆောက်ခြင်း |

၂။ **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၁-၅-၂၀၂၂ရက် ရုံးချိန်အတွင်း
၃။ **တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်ရက်** - ၃၁-၅-၂၀၂၂ရက် ရုံးချိန်အတွင်း
၄။ တင်ဒါတင်သွင်းသည့်ကုမ္ပဏီလုပ်ငန်းရှင်အနေဖြင့် ကုမ္ပဏီမှတ်ပုံတင်နှင့် Profile တင်ပြရမည်။
၅။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ချင်းပြည်နယ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးရုံး၏ဌာန ဖုန်း-၀၇၀-၂၁၁၀၇၊ ၀၇၀-၂၂၅၅၂၊ ၀၇၀-၂၂၅၅၃တို့ကို ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## ပြန်ကြားရေးဝန်ကြီးဌာန
## ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
## ရုံးလုပ်ငန်းသုံး ပရိဘောဂပစ္စည်းစာအုပ်တင်သံစင် (၅)ဆင့်နှစ်ဖက်ပါ ဝယ်ယူရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအတွက် အသုံးပြုရန် လိုအပ်သော စာအုပ်တင်သံစင် (၅)ဆင့်နှစ်ဖက်ပါ (၈၀)စင်ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။
၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၀-၄-၂၀၂၂ရက်မှ ၃-၅-၂၀၂၂ရက်အထိ နေ့စဉ် ၀၉:၃၀ နာရီမှ ၁၆:၃၀ နာရီ ရုံးဖွင့်ရက်အတွင်း အောက်ပါလိပ်စာများတွင် တစ်စောင်လျှင် ငွေကျပ် (၂၀၀၀/-)နှုန်းဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံများ လာ ရောက်ဝယ်ယူရာတွင် ကုမ္ပဏီ၏မှတ်ပုံတင်ကတ်ပြား(သို့မဟုတ်) လုပ်ငန်းလိုင်စင်မိတ္တူတင်ပြရပါမည်။
၃။ အိတ်ဖွင့်တင်ဒါများကို ၃-၅-၂၀၂၂ရက် ၀၉:၃၀နာရီမှ ၁၆:၀၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုံးအမှတ် (၇)၊ နေပြည်တော်တွင်ဖြစ်စေ၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန၊ အမှတ် (၂၂၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင်ဖြစ်စေ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၃၄၁၂၃၆၉၊ ၀၆၇-၃၄၁၂၆၂၄၊ ၀၆၇-၃၄၁၂၂၀၉တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ | တင်ဒါတင်သွင်းရန် လိပ်စာ |
|---|---|
| ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | တင်ဒါကော်မတီ |
| ပြန်ကြားရေးဝန်ကြီးဌာန | ပြန်ကြားရေးဝန်ကြီးဌာန |
| - ရုံးအမှတ် (၇)၊ နေပြည်တော် ဖုန်း-၀၆၇-၃၄၁၂၃၆၉၊ ၀၆၇-၃၄၁၂၆၂၄၊ ၀၆၇-၃၄၁၂၂၀၉၊ | - ရုံးအမှတ် (၇)၊ နေပြည်တော် ဖုန်း-၀၆၇-၃၄၁၂၃၉၀ |
| - အမှတ် (၂၂၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၁-၈၂၀၁၉၃၆၊ ၀၁-၈၃၇၁၃၄၀ | - အမှတ် (၂၂၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၁-၈၂၀၁၉၃၆၊ ၀၁-၈၃၇၁၃၄၀ |

## ပြန်ကြားရေးဝန်ကြီးဌာန
## ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
## ရန်ကုန်တိုင်းဒေသကြီးရုံး အဆောက်အအုံ အကြီးစားမွမ်းမံပြင်ဆင်ရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ပန်းဆိုးတန်းလမ်း၊ အမှတ်(၂၂/၂၄)ရှိ ရန်ကုန်တိုင်းဒေသကြီးရုံး (၅)ထပ် အဆောက်အအုံကို (လျှပ်စစ်လုပ်ငန်း၊ ရေနှင့်မိလ္လာလုပ်ငန်းအပါအဝင်) ရှေးမူမပျက် အကြီးစားမွမ်းမံပြင်ဆင်ရန်နှင့် အတွင်း/ အပြင် ဆေးသုတ်ရန်အတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါပုံစံများကို (၂၀-၄-၂၀၂၂) ရက်နေ့မှ (၁၉-၅-၂၀၂၂)ရက်နေ့အထိ နေ့စဉ် (၀၉:၃၀) နာရီမှ (၁၆:၃၀)နာရီ ရုံးဖွင့်ရက်အတွင်း အောက်ပါလိပ်စာများတွင် တစ်စောင်လျှင် ငွေကျပ်(၁၀၀၀၀/-) နှုန်းဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံများလာရောက်ဝယ်ယူရာတွင် ကုမ္ပဏီ၏ မှတ်ပုံတင်ကတ်ပြား(သို့မဟုတ်) လုပ်ငန်းလိုင်စင်မိတ္တူတင်ပြရပါမည်။
၃။ အိတ်ဖွင့်တင်ဒါများကို(၁၉-၅-၂၀၂၂)ရက်နေ့ (၀၉:၃၀)နာရီမှ (၁၆:၀၀)နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုံးအမှတ် (၇)၊ နေပြည်တော်တွင်ဖြစ်စေ ကျောက်တံတားမြို့နယ်၊ ပန်းဆိုးတန်းလမ်း၊ အမှတ် (၂၂/၂၄)ရှိ ရန်ကုန်တိုင်းဒေသကြီးရုံးတွင်ဖြစ်စေ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဖုန်း- ၀၆၇-၃၄၁၂၃၆၉၊ ၀၆၇-၃၄၁၂၂၀၉၊ ၀၁-၃၈၈၁၀၃၊ ၀၁-၃၇၁၃၃၃၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| တင်ဒါပုံစံများ ထုတ်ယူရန်လိပ်စာ | တင်ဒါတင်သွင်းရန် လိပ်စာ |
|---|---|
| - ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြန်ကြားရေးဝန်ကြီးဌာန ရုံးအမှတ်(၇)၊ နေပြည်တော် ဖုန်း- ၀၆၇-၃၄၁၂၃၆၉၊ ၀၆၇-၃၄၁၂၂၀၉၊ ၀၆၇-၃၄၁၂၆၂၄ | - တင်ဒါကော်မတီ ပြန်ကြားရေးဝန်ကြီးဌာန ရုံးအမှတ်(၇)၊ နေပြည်တော် ဖုန်း-၀၆၇-၃၄၁၂၃၉၀၊ ၀၆၇-၃၄၁၂၃၆၉ |
| - ရန်ကုန်တိုင်းဒေသကြီးရုံး အမှတ်(၂၂/ ၂၄)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ဖုန်း- ၀၁-၃၈၈၁၀၃၊ ၀၁-၃၇၁၃၃၃၉ | - ရန်ကုန်တိုင်းဒေသကြီးရုံး အမှတ်(၂၂/ ၂၄)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ဖုန်း- ၀၁-၃၈၈၁၀၃၊ ၀၁-၃၇၁၃၃၃၉ |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(လမ်း/တံတား)၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် (ဧပြီလ မှ မတ်လအထိ) ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် တင်ဒါခေါ်ဝယ်ယူမည့် လမ်း၊ တံတားလုပ်ငန်းသုံးပစ္စည်းများ (ကတ္တရာ၊ Mini Excavator နှင့် Mini Excavator ဆက်စပ်ပစ္စည်းများ)အား အိတ်ဖွင့်တင်ဒါပေးသွင်းရန် မြန်မာနိုင်ငံသားတိုင်းရင်းသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်-

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၅-၄-၂၀၂၂ရက်
**တင်ဒါပုံစံပိတ်မည့်ရက်** - ၉-၅-၂၀၂၂ရက် ၁၆:၀၀ နာရီ
**တင်ဒါပေးသွင်းရမည့်နေရာ** - အင်ဂျင်နီယာဌာန(လမ်း/တံတား) နေပြည်တော်စည်ပင်သာယာရေး ကော်မတီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်သိရှိလိုသည့် အချက်အလက်များအား ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာတွင် မေးမြန်း စုံစမ်းဝယ်ယူနိုင်ပါသည်-
အင်ဂျင်နီယာဌာန(လမ်း/တံတား)၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ဖုန်း-၀၆၇-၄၃၂၀၃၇၊ ၀၉-၇၇၇၇၇၇၄၈၅

**တင်ဒါကော်မတီ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အထွေထွေကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းခြင်း

ကျွန်မ ဒေါ်ဝါဝါမင်း ၁၂/ကမရ(နိုင်)၀၄၁၀၈၆မှ ဦးရဲထွဋ်လှိုင် ၁၄/ဟသတ(နိုင်)၀၄၄၄၁၇သို့ ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ ၁၀-၁-၂၀၁၁ရက်တွင် စာအမှတ် ၂၈၉ဖြင့် လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာကို ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ဒေါ်ဝါဝါမင်း ၁၂/ကမရ(နိုင်)၀၄၁၀၈၆**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု/နေပြည်တော် ကောင်စီငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် လုပ်ငန်းတင်ဒါအဆိုပြုလွှာတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာ ပုံစံရောင်းချမည့်ရက်** - ၂၂-၄-၂၀၂၂ရက်မှ ၂၁-၅-၂၀၂၂ရက် (ရုံးချိန်အတွင်း)

(ခ) **တင်ဒါလျှောက်လွှာ ပုံစံနောက်ဆုံးတင်သွင်းရမည့်ရက်/အချိန်** - ၂၃-၅-၂၀၂၂ရက် (ရုံးချိန်အတွင်း)

(ဂ) **တင်ဒါလျှောက်လွှာပုံစံရောင်းချမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ရုံး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ဥတ္တရခရိုင်/ဒက္ခိဏခရိုင်၊ နေပြည်တော်

၂။ တင်ဒါတင်သွင်းဖွင့်ဖောက်မည့်ရက်ကို ထပ်မံအကြောင်းကြားမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ဥတ္တရခရိုင် ဖုန်း-၀၉-၄၅၅၆၆၃၅၁၄၊ ဒက္ခိဏခရိုင် ဖုန်း-၀၉-၄၂၀၇၄၉၄၃၄ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊**
**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေဖြင့် အောက်ပါလုပ်ငန်းများဆောင်ရွက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

- ပုသိမ်မြို့ ၊ Green Land City ရှိ နိုင်ငံ့ဝန်ထမ်းအိမ်ရာဝင်းအတွင်း (၄)ခန်းတွဲ (၄)ထပ် ဝန်ထမ်းအိမ်ရာ (၈)လုံး တည်ဆောက်ခြင်းလုပ်ငန်း၏ကျန်ရှိ (၅၀%)လုပ်ငန်းများ
- ပုသိမ်မြို့၊ Green Land City ရှိ နိုင်ငံ့ဝန်ထမ်းအိမ်ရာဝင်းအတွင်းလျှပ်စစ်မီးရရှိရေး နှင့် အခြားဆက်စပ်လုပ်ငန်းများ၊ Infrastructure လုပ်ငန်းများ

၂။ တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် -၁၈-၄-၂၀၂၂ရက်မှ၂၉-၄-၂၀၂၂ရက်ထိ

၃။ တင်ဒါလျှောက်လွှာတင်သွင်းရမည့်ရက် -၂၅-၄-၂၀၂၂ရက်မှ ၂၉-၄-၂၀၂၂ရက်ထိ

၄။ တင်ဒါရွေးချယ်စိစစ်မည့်ရက် - ဆက်သွယ်အကြောင်းကြားပါမည်။

၅။ တင်ဒါလျှောက်လွှာဝယ်ယူနိုင်သည့် အစီအစဉ်နှင့်တင်ဒါဆိုင်ရာ အသေးစိတ်အချက်အလက်များကို ဧရာဝတီတိုင်းဒေသကြီး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး၊ ပြည်တော်သာ၊ ပုသိမ်မြို့ ဖုန်း-၀၄၂-၂၃၇၇၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

### ဒီကရီကို အတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)
### အမရပူရမြို့နယ်တရားရုံးတော်
### ၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ် ၅၆နှင့် ဆက်နွှယ်သည့်
### ၂၀၂၂ခုနှစ် တရားမဇာရီမှုအမှတ်-၁၇

ဦးအောင်ကျော်သူ နှင့် ဒေါ်အမာရွှေ
**ဒီကရီအနိုင်ရသူ** **တရားရှုံး**

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ အကွက်အမှတ်(၆၀၃-က)နေ ဒေါ်အမာရွှေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ် ၅၆တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဦးအောင်ကျော်သူက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၂ ခုနှစ် မေ ၁၃ ရက် (၁၃၈၄ခုနှစ် ကဆုန်လဆန်း ၁၄ ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၂ ခုနှစ် ဧပြီ ၁၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နန်းလဲ့ရည်စိုးဦး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**အမရပူရမြို့နယ်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2M/6288 SKAT (Sowar) LFJ 3048GI Dump Truck (4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဝင်း ၅/မရန(နိုင်)၀၇၀၁၀၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/11099 Honda Scoopy 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သိမ့်စန္ဒာ ၁/မကန(နိုင်)၁၈၉၆၈၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၃၃၃၁၀ Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးဝေလွင်သိန်း ၉/အမရ(နိုင်)၁၄၇၀၉၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3F/5166 Mazda Demio Hatch Back (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးနေအောင် ၁၂/ဥကမ(နိုင်)၁၃၈၃၀၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## တင်ဒါအမှတ်စဉ်(၁/၂၀၂၂)

၁။ မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်း အောက်ပါလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါလျှောက်လွှာများအား ၂၂-၄-၂၀၂၂ ရက်မှ စတင်၍ ရုံးချိန်အတွင်း မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးတွင် ဝယ်ယူလျှောက်ထားနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်-

**တည်ဆောက်ရေးလုပ်ငန်း**

(က) Lot-1 ဂေါဝိန်နယ်မြေမီးသတ်စခန်း(၄၅'x၅၀'x၂၆') (သံကူကွန်ကရစ်) RC(၂)ထပ်ဆောက်လုပ်ခြင်းလုပ်ငန်းနှင့် မြေသားဖို့ခြင်းလုပ်ငန်း

**ဝယ်ယူရေးလုပ်ငန်း**

(ခ) Lot-1 Volvo Truck Driving Simulator 2 DOF pro Cabin ဝယ်ယူ တပ်ဆင်ခြင်းလုပ်ငန်း(၁)ခု

၂။ **အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်** - ၆-၅-၂၀၂၂ ရက်၊ ၁၇:၀၀ နာရီ

၃။ **အိတ်ဖွင့်တင်ဒါတင်သွင်း ရမည့်နေရာ** - မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး (၂၉x၈၁)လမ်း

၄။ **အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်ရက်** - ၁၂-၅-၂၀၂၂ ရက်

၅။ သတ်မှတ်ရက်ထက်ကျော်လွန်တင်သွင်းလာသည့် လျှောက်လွှာများကို ထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။

၆။ အသေးစိတ်သိရှိလိုပါက မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး ဖုန်း-၀၂-၄၀၆၀၇၃၈၊ ၀၂-၄၀၂၁၀၈၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## အမှတ်တံဆိပ် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၅၉ လမ်းx၃၆(C)လမ်းထောင့်နေ ဒေါ်သန်းသန်းမြင့်(ဘ)ဦးထွန်းစီ(ခ)ဦးစံမြင့် ၉/ခအဇ(နိုင်)၀၃၆၅၇၉ သည် အောက်တွင်ဖော်ပြထားသော အမှတ်တံဆိပ်များအား မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းထားသည့် အမှတ်တံဆိပ်များ မူပိုင်ရှင်ဖြစ်ပါသည်-










အထက်ဖော်ပြပါကုန်အမှတ်တံဆိပ်များအနက် "ရွှရွှကြွပ်ကြွပ်"(စာချုပ် အမှတ်-၆၆၃/၂၀၂၂)နှင့်၊ "ကြွပ်ကြွပ်ရွှရွှ"(စာချုပ်အမှတ်-၃၃၈/၂၀၂၂)စသည့် ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားတို့ဖြင့် အကြော်မျိုးစုံ ထုတ်လုပ်၊ ဖြန့်ဖြူးရောင်းချခြင်း၊ "ရောဝတီ"(စာချုပ်အမှတ်-၆၆၄/၂၀၂၂)ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် ဆော့ချဉ်၊ အချဉ်အမျိုးမျိုးနှင့် အသင့်သုံးရိုးရာချဉ်ရည်ဟင်းအမျိုးမျိုးတို့ကို ထုတ်လုပ်၊ ဖြန့်ဖြူးရောင်းချကာ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အသုံးပြုလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အမှတ်တံဆိပ်များဖြင့် ဖြန့်ဖြူးရောင်းချလျက်ရှိသော "ရွှရွှကြွပ်ကြွပ်"နှင့် "ကြွပ်ကြွပ်ရွှရွှ"အကြော်စုံလုပ်ငန်း၊ "ရောဝတီ"ဆော့ချဉ်၊ အချဉ်အမျိုးမျိုးနှင့် အသင့်သုံးရိုးရာချဉ်ရည်ဟင်းတို့သည် ဒေါ်သန်းသန်းမြင့်၏ တစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုလျက်ရှိသည့် အမှတ်တံဆိပ်အမည်အမှတ်အသားများဖြစ်ပါကြောင်း၊ အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ အဆိုပါအမှတ်တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ အသံထွက်ရှေ့နောက်ဖလှယ်၍ဖြစ်စေ၊ ဘာသာပြန်၍ဖြစ်စေ တုပပြုလုပ်ခြင်းတို့ကို မပြုလုပ်ကြရန် ပြုလုပ်ပါက ဒေါ်သန်းသန်းမြင့်၏လုပ်ငန်းအကျိုးစီးပွားနှင့်စပ်လျဉ်း၍ ထိခိုက်နစ်နာဆုံးရှုံးမှုအရပ်ရပ်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်သန်းသန်းမြင့်(ဘ)ဦးထွန်းစီ(ခ)ဦးစံမြင့် ၉/ခအဇ(နိုင်)၀၃၆၅၇၉ ၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်ဂျမ်(LL.B,D.B.L,D.I.L)**
**အထက်တန်းရှေ့နေ(စဉ်-၄၄၁၀၀)**
**A-27၊ ၇၂ လမ်း၊ ၁၀၇x၁၀၈ လမ်းကြား၊ (ဆ)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊**
**မန္တလေးမြို့၊ ဖုန်း-၀၉-၄၀၈၉၉၇၇၇၆၊ ၀၉-၄၀၈၉၉၇၇၇၈၊ ၀၉-၄၅၄၅၄၈၀၈၈**

## တိုက်ခန်းပိုင်ရှင်ဖြစ်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ အမှတ်(၂)စံပြ(၈)လမ်း၊ စံပြရပ်ကွက်တွင်ရှိသော အလျား(၂၅'x၅၀')မြေကွက်ပေါ်ရှိ ခြောက်ထပ်တိုက်(၂)ခန်းတွဲ အဆောက်အအုံမှ ဒုတိယထပ်ခေါင်းရင်းခြမ်း(၁၂'x၄၇') အခန်းအား ပိုင်ဆိုင်သူ ကန်ထရိုက် ဦးဝေလင်းအောင် ၁၂/ရကန(နိုင်)၀၀၁၈၆၅ ထံမှ ကျွန်မ ဒေါ်နီလာတင် ၁၂/ဗဟန(နိုင်)၀၆၈၃၃၅ သည် ၂၀-၄-၂၀၂၁ ရက်တွင် အပြီးအပိုင်ငွေပေးချေဝယ်ယူပြီးဖြစ်ပါသဖြင့် ၎င်းတိုက်ခန်းပိုင်ရှင်မှာ ကျွန်မ ဒေါ်နီလာတင် တစ်ဦးတည်းသာလျှင်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်နီလာတင် ၁၂/ဗဟန(နိုင်)၀၆၈၃၃၅**
**ဖုန်း-၀၉-၄၅၃၆၈၄၃၀၈**

### ဒီကရီကို အတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)
### ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်
### ၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ်-၄၇၈နှင့် ဆက်နွှယ်သည့်
### ၂၀၂၂ခုနှစ် တရားမဇာရီမှုအမှတ်-၈၄

ဒေါ်ပုံ့ပုံ့မြင့်အောင် နှင့် ဒေါ်နှင်းအေးခိုင်
**ဒီကရီအနိုင်ရသူ** **တရားရှုံး**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ နဝဒေးဥယျာဉ်အိမ်ရာ၊ အမှတ်(2D5)နေ တရားရှုံး ဒေါ်နှင်းအေးခိုင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ် ၄၇၈တွင်ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရရှိသူက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၂ခုနှစ် မေ ၉ ရက်(၁၃၈၄ခုနှစ် ကဆုန်လဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၂ခုနှစ် ဧပြီ ၁၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မြင့်ကျော်)**
**ဒုတိယခရိုင်တရားသူကြီး(၇)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## (၃၅)နှစ်ပြည့် ကျောက်စိမ်းရတုမင်္ဂလာဆုတောင်း

၂၂-၄-၂၀၂၂ ရက်တွင် ကျရောက်သော ဖေဖေ ဦးဆန်းလွင်ဦး လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း) ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန - မေမေ ဒေါ်ဘေဘီမာတို့၏ (၃၅)နှစ်ပြည့် ကျောက်စိမ်းရတုမင်္ဂလာမှသည် ရွှေရတု၊ စိန်ရတု များတိုင်အောင် ချစ်သား၊ ချစ်သမီးတို့နှင့် ကိုယ်ကျန်းမာစိတ်ချမ်းသာစွာဖြင့် ပျော်ရွှင်စွာ ဆက်လက် လျှောက်လှမ်းကြရပါစေ။

**သား ဒေါက်တာ ဟိဏ်းမင်းဦး**
**သမီး မခိုင်သဉ္ဇာဦး(မြို့ပြအင်ဂျင်နီယာ)**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)
### ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
### ၂၀၂၂ခုနှစ် တရားမကြီးမှုအမှတ်- ၂၈

ဒေါ်လှလှထွေး နှင့် ဦးမြင့်လှိုင်
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ ၆၅အေလမ်း၊ ၁၁၄x၁၁၅ လမ်းကြား၊ အကွက်(၀-၉/၁၂၁)နေ ဦးမြင့်လှိုင်(ဘ) ဦးစံလှိုင်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်လှလှထွေးက မြေကွက်တန်ဖိုးအပြည့်အဝ ပေးချေ၍ ဝယ်ယူလက်ရောက်ရရှိထားသော မြေကွက်အား ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦး တစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၂ခုနှစ် မေ ၁၀ရက်(၁၃၈၄ခုနှစ် ကဆုန်လဆန်း ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဧပြီ ၁၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဖြူသွယ်အောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ မြေရေိယာ ၀ ဒသမ ၂၂၁ဧက၊ မြေကွက်အမှတ်(ဥ-၅၉၇၉)၊ ဦးခင်ဇော် (ဘ) ဦးမောင်ကို အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးကိုကိုအောင် ၉/တကန (နိုင်) ၁၃၂၀၈၄ (ဘ)ဦးတင်မြိုင်မှ နေပြည်တော်၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၇၆၁/၂၀၂၁(၂၆-၁၀-၂၀၂၁)တင်ပြ၍ ဒေါ်မြသိဂီ ၁၂/ဥကတ(နိုင်)၀၀၀၃၆၄ (ဘ) ဦးမြမောင် အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် (၁/သပြေကုန်း)၊ မြေကွက်အမှတ်(၁၁၄၊၁၁၅)၊ ဧရိယာ ၀ ဒသမ ၁၈၃ဧကရှိ ဦးသိန်းထိုက်အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်(သေဆုံး)သွားသဖြင့် ဇနီးဖြစ်သူ ဒေါ်ခင်မြင့်ရီ (ဘ) ဦးအုန်းမြင့် ၁၂/ပဘတ(နိုင်)၀၁၃၃၈၁မှ တရားဝင်ဇနီးမယားဖြစ်ကြောင်း ကျမ်းကျိန်လွှာအမှတ် (၁၀၅၁/၂၀၂၂)၊ သေဆုံးကြောင်း အထောက်အထားလက်မှတ်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း(မူရင်း)များ တင်ပြပြီး မှတ်ပုံတင်အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ ရက်ပေါင်း ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးကြည်နိုင် ၈/မလန(နိုင်) ၁၀၅၇၅၀ ၏ နိုင်ငံကူးလက်မှတ် အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်စိုးမင်းအောင် ၈/ငဖန (နိုင်) ၀၃၇၄၁၃ ၏ နိုင်ငံကူးလက်မှတ် အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်း နံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ဇော်ဌေးဦး ၈/တတက (နိုင်) ၁၃၃၄၇၂ ၏ နိုင်ငံကူး လက်မှတ် အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ အကြောင်းကြား ပေးပါရန်။ **ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်အေးမင်းသူ ၈/သရန (နိုင်) ၁၁၄၉၇၄ ၏ နိုင်ငံကူး လက်မှတ် အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ အကြောင်းကြား ပေးပါရန်။ **ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 13U/6494 Piaggto Cargo 450 Three Wheel Vehicle ယာဉ်လက်ဝယ်ရှိသူ Javelin Services Limited က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 12U/2978 PIAGGTO MATADAR SPIN Three Wheel Vehicle ယာဉ်လက်ဝယ်ရှိသူ Javelin Services limited က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7E/8586 Mitsubishi Pajero V46 S/W (4x2) R ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကိုမင်း၇/အဖန (နိုင်)၀၈၉၄၂၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၇ယ/၈၀၉၁၁ Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင်းဝင်း (ခ) ကျောင်းတီ ၁၃/ကခန(နိုင်)၀၃၀၁၈၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၀-၂-၂၀၂၂ ရက်ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ(၂၈)တွင် ပါရှိသော အမွေပြတ်ကြော်ငြာတွင် မခိုင်နှင်းအေး ၁၄/လပတ(နိုင်)၂၉၄၉၈၈ နှင့် ဒေါ်တိုးတိုးဝေ ၁၄/လပတ(နိုင်)၁၁၉၄၃၂ တို့မှာ အမှန်ဖြစ်ပါသည်။

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3B/4935 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
## ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ အစိုးရနည်းပညာကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၊ အစိုးရနည်းပညာအထက်တန်းကျောင်းများနှင့် သက်မွေးပညာသင်တန်းကျောင်းများအတွက် လိုအပ်သော သင်ကြားရေးသုံးသင်ထောက်ကူစက်ပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများနှင့် ပရိဘောဂများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ Open Tender ပုံစံများကို ၁၈-၄-၂၀၂၂ရက် မှစ၍ ရုံးချိန်အတွင်းအစိုးရနည်းပညာကောလိပ်(နေပြည်တော်)၊ အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)နှင့်အစိုးရစက်မှုလက်မှုသိပ္ပံ(မန္တလေး)တို့တွင် ဝယ်ယူနိုင်ပြီး ၁၇-၅-၂၀၂၂ရက် ၊ ညနေ ၄:၀၀နာရီ နောက်ဆုံးထား၍Tender ပုံစံဝယ်ယူခဲ့သောကျောင်းသို့ တင်ဒါတင်သွင်းရမည်ဖြစ်ပါသည်။

၃။ အဆိုပါသင်ကြားရေးသုံးသင်ထောက်ကူစက်ပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများနှင့် ပရိဘောဂများအား သက်ဆိုင်ရာဌာနနှင့်ကျောင်းများသို့အရောက်ပေးပို့တပ်ဆင်ပေးနိုင်ရမည်။

၄။ Open Tender ပုံစံ၊ စည်းကမ်းချက်များနှင့်အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၃၄၀၄၅၁၀၅၊ ၀၆၇-၃၄၀၄၃၈၉၊ ၀၆၇-၃၄၀၄၄၅၆(ဦးစီးဌာန၊ ရုံးချုပ်)၊ ၀၉-၈၈၇၆၄၅၅၈၀ အစိုးရနည်းပညာကောလိပ်(နေပြည်တော်)၊ ၀၉-၄၄၃၉၇၃၆၀၇ အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)၊ ၀၉-၇၇၆၆၈၀၂၃၈ အစိုးရစက်မှုလက်မှုသိပ္ပံ (မန္တလေး)တို့သို့ဆက်သွယ်စုံစမ်းနိုင်ပြီး Websiteဖြစ်သော www.dtvet.gov.mmတွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

---

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၂/၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်)
## ပြင်ဆင်ချက်

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အိတ်ဖွင့်တင်ဒါအမှတ်(၂/၂၀၂၂-၂၀၂၃) ဖြင့် ခေါ်ယူခဲ့သော အောက်ဖော်ပြပါပစ္စည်းအား တင်ဒါရောင်းချမည့်ဈေးနှုန်းပြင်ဆင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

| စဉ် | တင်ဒါအမှတ် | ဝယ်ယူမည့်ပစ္စည်း/လုပ်ငန်း | တင်ဒါပုံစံရောင်းချဈေးနှုန်း(ကျပ်) |
|---|---|---|---|
| ၁။ | 4(LPT)Gas Chromatograph GC (1Set)/MPE-KZ/2022-2023 | GAS Chromatograph GC (1 Set) | ၁၀၀,၀၀၀.၀၀ |

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖုန်း-၀၆၇-၃၄၃၁၁၉၃၊ ၀၆၇-၃၄၃၁၁၀၈**

---

## ကန့်ကွက်နိုင်ပါသည်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သည့် ဒေါ်စန္ဒီဦး ၁၂/မရက(နိုင်)၁၂၈၄၇၁ သည် ၂၈-၆-၂၀၂၁ ရက်တွင် မော်တော်ယာဉ်အမှတ်-MDY(9N/5987)၊ အမျိုးအမည်-DAIHATSU HIJET S320V, အမျိုးအစား-DELIVERY VAN(4x2)R မော်တော်ယာဉ်အား မူလပိုင်ဆိုင်သူ ဦးဘုန်းကိုကို ၁၂/လမတ(နိုင်)၀၃၀၈၀၀ ထံမှ အရောင်းအဝယ်စာချုပ်စာတမ်းဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး မော်တော်ယာဉ်နှင့် ပိုင်ဆိုင်မှုစာရွက်စာတမ်းများအား လက်ရောက်ရရှိခဲ့ပြီးနောက် အဆိုပါ မော်တော်ယာဉ်၏ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (Owner Book)စာအုပ်မူရင်းပျောက်ဆုံးသွားပါသဖြင့် သက်ဆိုင်ရာဌာနတွင် ပြဋ္ဌာန်းချက်များနှင့်အညီ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(Owner Book)စာအုပ် အသစ်ပြန်လည် လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော(စာရွက်စာတမ်းမူရင်းများ) အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ထိုရက်ကျော်လွန်သည့်တိုင် လာရောက်ကန့်ကွက်မှုများမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန္ဒီဦး၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအာကာလင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၄၃၄/၂၀၂၁)**
**အမှတ်(၈၅၈)၊ အင်းဝလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉-၂၆၄၁၉၉၂၈၈**

---

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သာခု(အရှေ့)ရပ်ကွက်၊ နိဗ္ဗာန်လမ်း၊ အမှတ်(၃၄)မြေပေါ်တွင်ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၇)ထပ်တိုက်၏ ပထမထပ်(၂ လွှာ) (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း(၁၅ ပေx ၆၀ပေ)အကျယ်အဝန်းရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရပ်ကတိဆက်စပ်စာချုပ်မူရင်းများဖြင့် ဝယ်ယူပိုင်ဆိုင်သူများဖြစ်သော ဦးမျိုးမြင့် ၁၄/ဟသတ(နိုင်)၀၀၀၀၄၃ နှင့် ဒေါ်ကျော့ကျော့မျိုး ၁၄/ဟသတ(နိုင်)၀၀၄၃၈၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သော်သော်သက်တင်**
**(LL.B)W.I.P.O(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၁၇)**
**အမှတ်(၇၁)၊ မြေညီထပ်၊ နိဗ္ဗာန်လမ်း၊**
**သာခု(အရှေ့)ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၂၅၀၀၂၃၆၈၈**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ်(၁၅/၂)၊ ဦးပိုင် အမှတ်(၆၄/၁က-၁)၊ မြေဧရိယာ ၀ ဒသမ ၁၆၄ ဧကရှိ မြေကွက်ကို မူလက ဦးလဟုယော်ချန်း အမည်ဖြင့် မြေခွန်ပြေစာအမည်ပေါက်ပိုင်ဆိုင်ခဲ့ပြီး ၂၇-၂-၂၀၀၉ ရက် တွင် ဦးလဟုယော်ချန်းထံမှ ဦးတူးအောင်နှင့် ဒေါ်ယိန်းဝမ်တို့ (၂)ဦးကလည်းကောင်း၊ ၂၃-၁-၂၀၁၈ ရက်တွင် ဦးတူးအောင်နှင့် ဒေါ်ယိန်းဝမ်တို့(၂)ဦးထံမှ ဦးဂမ်ဆိုင်းကလည်းကောင်း နှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်ဖြင့် အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးဂမ်ဆိုင်း ၁/မကန(နိုင်)၁၀၂၉၅၀ အမည်ဖြင့် မြေငှားဂရန်အသစ်ရရှိရေးအတွက် ၇-၂-၂၀၂၂ ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ် (၄၆/၂၀၂၂)ကို ၈-၂-၂၀၂၂ ရက်စွဲပါ ကျမ်းကျိန်လွှာ မှတ်ပုံတင်အမှတ် (၄၄/၂၀၂၂)အဖြစ် မှတ်ပုံတင်ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အသစ် ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-ရန်ကုန်တွင် အောက်ပါတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

ဆောင်ရွက်မည့်လုပ်ငန်းများ-

၁။ "ဇမ္ဗူရာဇ်ရွှေစင်ခန်းမ"ရှေ့ ရေပန်းဥယျာဉ်နှင့် မြေယာပြုပြင်ခြင်းလုပ်ငန်း (၄၂'x၃၆')

၂။ (၂)ထပ်စာသင်ဆောင်ရှေ့ မေတ္တာပေါင်းကူးလမ်း၊ ဝန်ထမ်းအိမ်ရာနှင့် Theatre ရှေ့ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း(၃၇၀'x၃၃')နှင့် (၁၂၆၅'x၁၀')၆"ထု

၃။ အမျိုးသမီးဆောင် ခြံစည်းရိုး(၆၀၀'အရှည် ၇'အမြင့် RCကော်လံ အုတ်ခြံစည်းရိုး) ပြုလုပ်ခြင်းလုပ်ငန်း

အိတ်ဖွင့်တင်ဒါပုံစံများကို ၂၅-၄-၂၀၂၂ ရက်မှစ၍ ရုံးချိန်အတွင်း သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်တွင် လာရောက်ဝယ်ယူနိုင်ပြီး ၂၄-၅-၂၀၂၂ ရက်၊ ညနေ ၄:၃၀ နာရီ နောက်ဆုံးထားတင်သွင်းရမည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၁-၇၅၇၀၈၄၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်**

---

## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
## မြန်မာ့စီးပွားရေးဘဏ်
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်တွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် အစိုးရဌာနဆိုင်ရာများသို့ ပေးသွင်းငွေများအား နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေစာရင်းသို့ အချိန်မီစာရင်းတင်သွင်းနိုင်ရေး e-Deposit စနစ် အပါအဝင် FI Gateway နှင့် Government Transaction Portal ဆောင်ရွက်ရန်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ မြန်မာနိုင်ငံသားပိုင် ကုမ္ပဏီလုပ်ငန်းရှင်များအား မြန်မာကျပ်ငွေဖြင့် တင်ဒါတင်သွင်း လျှောက်ထားနိုင်ရန် ဖိတ်ခေါ်ပါသည်-

၂။ **တင်ဒါပုံစံစတင်ထုတ်ယူရမည့်ရက်** - ၂၀၂၂ခုနှစ် မေ ၂၀ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၀၂၂ခုနှစ် မေ ၂၀ရက်

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ဆက်သွယ်နိုင်ပါသည် -

**မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်)**
**သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဌာနခွဲ**
**အမှတ်(၂၆)၊ သီရိကျော်စွာလမ်း၊ ဘဏ်ဇုန်**
**ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်**
**ဖုန်း-၀၆၇၃-၄၂၈၂၈၊ ၀၆၇၃-၄၂၈၃၈**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)ဖျာပုံလမ်း၊ မြေကွက်အမှတ်(၁၁၅၉/ခ)၊ (၂၀×၆၀)ပေရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိနေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့အားဒေါ်လှရှင်အမည်ပေါက်မြေချပါမစ်မူရင်း၊အဆက်အစပ်စာချုပ်မူရင်းတို့ဖြင့်လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ **ဦးကျော်စွာဝင်း (၁၂/ဒဂမ(နိုင်)၀၁၀၅၀၀)**မှ ၎င်းလက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ မြေချပါမစ်မူရင်းဖြင့် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရံငွေပေးအပ်၍စရံပေးစာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီတရားဝင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးသိန်းထူး LL.B** | **ဦးဇော်မိုးလွင် LL.B** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၁၅)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၇၄)** |

**ရုံး - ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မဝတ(လမ်းဆုံ)၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၄၄၄၄၃၅၃၅၃၊ ၀၉ ၂၅၆၂၈၆၃၉၁၊**

---

## ပျောက်ဆုံးကြောင်း

ဦးထွန်းလွင်ချစ် ၁၂/ကတတ(နိုင်)၀၂၅၉၀၄ ကိုင်ဆောင်သော သင်္ဘောသား မှတ်ပုံတင် S.I.D အမှတ် MS.004646 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၅၆၀၃၂၇၂

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### သထုံခရိုင်တရားရုံးတော်၌
### ၂၀၂၂ခုနှစ် တရားမကြီးမှုအမှတ်-၅

| | | |
|---|---|---|
| ဦးဟိန်းမင်းသူ | **နှင့်** | ဦးအောင်ဝင်း |
| **တရားလို** | | **တရားပြိုင်** |

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ ဝင်းကကျေးရွာအလယ်ပိုင်းနေ ဦးအောင်ဝင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးဟိန်းမင်းသူက နှစ်ဦးနှစ်ဖက်သဘောတူ အိမ်နှင့်ခြံမြေ ရောင်းချခြင်း စရန်ငွေပေးကတိစာချုပ်ပါ ပဋိညာဉ်အတိုင်း ဆောင်ရွက်ရန်ပျက်ကွက်သည့်အတွက် ပေးအပ်ထားသည့် စရန်ငွေ နှစ်ဆဖြစ်သော ငွေကျပ် သိန်း ၁၈၀ကျပ်ရလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့မဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ခုနှစ် မေ ၄ရက်(၁၃၈၄ခုနှစ် ကဆုန်လဆန်း ၅ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုဘက် ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဧပြီ ၂၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သိမ့်သိမ့်အေး)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**သထုံခရိုင်တရားရုံး**

---

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်အေးမင်းနိုင် ၈/မဘန (နိုင်)၁၆၃၂၃၁ ၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ပတ်စ်ပို့ပျောက်

ကျွန်တော်ဦးကျော်မင်း ၈/မဘန(နိုင်) ၁၀၅၉၄၁၈၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ပတ်စ်ပို့ပျောက်

